# အင်မော်တယ်ဖေဖေ

# စာစဉ်(၂၅)

## အခန်း(၃၁၆) ကြယ်နီတောင်

ဇီယန်ရုက်ရှုံ့နေသည်ကို မြင်သည့်အခါ ကျန်းဟန် ရယ်လိုက်၏။

ရှော့ပင်းမောလ်တွင်ဖြစ်သည့်အတွက် သူ၏ရယ်သံမှာ လူများ၏အာရုံကို စွဲဆောင်သွားပြီး အရောင်းဝန်ထမ်းများ၏အာရုံကို နှိုးဆွပေးသွားသည်။

ထိုအခိုက်တွင် ဇီယန်၏မျက်နှာမှာ ပို၍ပင် နီရဲလာ၏။

ကျန်းဟန်သည် အခြားသူများ၏အတွေးကို ဂရုမစိုက်ပဲ ပုံမှန်အားဖြင့် သူ၏စိတ်သဘောအတိုင်းသာ လိုက်လေ့ရှိသည်။ သို့သော် သူ၏ပေါ့ပေါ့ပါးပါးဟန်က အမှန်တကယ်ပင် စိတ်ဝင်စားဖွယ်ကောင်းပေသည်။

ဘဝ၏အနိမ့်အမြင့်အတက်အကျများကို တွေ့ကြုံခံစားဖူး သူများသာ လွတ်လပ်သည့်သူများ ဖြစ်လာပေမည်။ ကျန်းဟန် အနေဖြင့် အခက်အခဲမျိုးစုံကို ဖြတ်သန်းခဲ့ရသည်မှာ ထင်ရှား၏။

တကယ်တမ်းတွင် အဆင့်တန်းရှိသည့်သူမျိုးသာ ဘဝ အပေါ် ဤကဲ့သို့သဘောထားနိုင်ပေသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် သဘာဝအတိုင်း ဟန်ဆောင်ကာ ထိန်းမရသည့်ရည်ရွယ်ချက်များရှိပါက သူသည် ငါးလည်း မဟုတ် ငှက်လည်းမဟုတ်ဖြစ်လာပေလိမ့်မည်။

သို့သော် ထိုအချိန်တွင် နှာခေါင်းရှုံ့သွားသည့် အရောင်း ဝန်ထမ်းနှစ်ဦးရှိပေသည်။

လူမြင်ကွင်းတွင် ကျယ်လောင်စွာရယ်မောသည်အား သူ တို့ သဘောမကျကြချေ။ ထို့ပြင် ဆိုင်ထဲမှထွက်လာသည့်အခါ စျေးဝယ်အိတ်များ သယ်ဆောင်လာခြင်းမရှိရာ ဘာမှမဝယ်ဘဲ ပြန်ထွက်လာသည့်ပုံရလေ၏။

သို့သော် ကျန်းဟန်နှင့် ဇီယန်တို့ အနီးအနားရှိ LV Franchise ဆိုင်ထဲသို့ ဝင်သွားပြီးနောက် ထိုအမျိုးသားမှာ ပစ္စည်းအချို့အား လက်ညှိုးထိုးပြပြီး ငွေရှင်းသွားသည်ကို တွေ့လိုက်ရပြီး ထိုဆိုင်ထဲမှအရောင်းဝန်ထမ်း၏စိတ်လှုပ်ရှားနေပုံကိုမြင်လိုက်ရပြီးနောက် အစောပိုင်းက နှာခေါင်းရှုံ့သည့်အရောင်းဝန်ထမ်းနှစ်ဦးမှာ ရှက်ရွံ့သွားကြသည်။ ထိုအခါမှ သူတို့အဖြစ်မှန်ကို သိရှိသွားကြသည်။

ကျန်းဟန်နှင့်ဇီယန်သည် နှစ်နာရီကျော်ကြာ ဈေးဝယ်ခဲ့ကြသည်။

စိန်ထည်ပစ္စည်းများ၊ ကျောက်စိမ်းလက်ကောက်များ၊ အဝတ်အစားများ၊ အမျိုးသမီးလက်ကိုင်အိတ်များအပြင် ပစ္စည်းအများအပြားကို ဝယ်ခဲ့သည်။ သို့သော် ကျန်းဟန်သည် ဇီယန်နှင့် အတွင်းခံအရောင်းဆိုင်သို့သွားကာ အနက်ရောင် ပိုးသား စတော်ကင်များ ဝယ်ယူရန် ရည်ရွယ်နေသည့်အတွက် ဇီယန်မှာ အပြင်းအထန်ငြင်းဆန်ခဲ့ရသည်။

သူမ ရှက်ရွံ့နေသည်ကိုမြင်သည့်အခါ ကျန်းဟန် နောက်ဆုံးတွင် လက်လျှော့လိုက်လေ၏။ နောက်တစ်ခေါက်တွင်တော့ ဝယ်နိုင်လိမ့်မည်ဟု သူထင်လေသည်။ ထိုအခါ သူမအား ၎င်းကို ဝတ်ဆင်ပြရန် စွဲဆောင်နိုင်ပေလိမ့်မည်...။

ဈေးဝယ်ပြီးသည်နှင့် သူတို့နှစ်ဦးသည် ရှော့ပင်းမောလ်ရှိ ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ကြသည်။

နာရီဝက်ခန့်အနားယူပြီးနောက် သူတို့ ခရီးဆက်ကြ၏။

ဤတစ်ခေါက်တွင် သူတို့ စီးပွားရေးလမ်းတစ်လျှောက် လမ်းလျှောက်လာကြသည်။

ကောင်းကင်ကြီး မမှောင်သွားမချင်း သူတို့နေကြသည်။

"ညစာစားဖို့ ဆိုင်ကို ပြန်မှာလား" ဇီယန် မေးသည်။

"ကျိုးဖေးကို အရင် အကြံတောင်းကြည့်ရအောင်" ကျန်းဟန်က ခဏလောက်စဉ်းစားကာ ပြောသည်။

"အင်း"

ဇီယန်သည် ဖုန်းကိုထုတ်ကာ ကျိုးဖေး၏နံပါတ်အား နှိပ်လိုက်သည်။ "ဟဲလို ဖေးဖေး"

"အစ်မယန်" ရုတ်တရက် ဖုန်းထဲမှ ကျိုးဖေး၏အော်သံကို ကြားလိုက်ရသည်။ "နင် ပစ္စည်းတွေ အများကြီးဝယ်ခဲ့တာပဲ။ ဝါး... နင့်အခန်းထဲမှာ အိတ်တွေ ဘူးတွေနဲ့ ပြည့်နေတယ်"

"အင်း အိတ်တွေအများကြီးဆိုတော့ နင်ကြိုက်တာ ရွေးယူလိုက်လေ" ဇီယန်က ပြုံးကာ ပြောသည်။ "မုန့်မုန့်ရော ဘယ်လိုလဲ။ သူ ငါတို့ကို လွမ်းနေလား"

"လွမ်းတယ်" မုန့်မုန့်၏အသံက နောက်ဘက်မှ ထွက်ပေါ်လာသည်။

ထိုအခါမှ ကျိုးဖေးသည် စပီကာဖွင့်ထားကြောင်း ဇီယန် သိလိုက်သည်။

"မုန့်မုန့် ညစာဘာစားချင်လဲ။ ဖေဖေနဲ့ မေမေ သမီးအတွက် ညစာချက်ဖို့ ပြန်လာခဲ့မယ်" ဇီယန် ပြောသည်။

"အမ်”

"ဟို... မေမေတို့ အဲဒီမှာ အကြာကြီးနေမှာမဟုတ်ဘူးလား။ မေမေတို့... နောက်မှ ပြန်လာခဲ့လေ”

"ဟိတ် သမီး မေမေနဲ့ ဖေဖေကို မလွမ်းဘူးလား” ဇီယန် ရယ်မောကာ ပြောသည်။

"မဟုတ်ပါဘူး။ သမီးတကယ် မေမေတို့ကို လွမ်းတယ်။ ဒါပေမယ့်..သမီး...အန်တီးဖေးဖေးက...ဟို...” မုန့်မုန့်သည် အနည်းငယ် ခေါင်းရှုပ်သွားပြီး သူမလေး၏အသံမှာ စိုးရိမ်သည့်အသံဖြစ်လာသည်။

"ဟားဟားဟား” ကျိုးဖေး ရယ်မောလိုက်ပြီး "အစ်မယန် ငါ မုန့်မုန့်ကို ဆယ်နာရီထိုးတဲ့အထိ ကစားမယ်လို့ ကတိပေးထားတာ...”

"ကောင်းပြီ။ ငါတို့ နောက်မှပြန်လာခဲ့မယ်” ဇီယန် ခေါင်းကိုယမ်းကာ ပြောသည်။

"ကောင်းပြီ ကောင်းပြီ နင်တို့ ကိုယ့်ဘာသာပဲ ပျော်ခဲ့ကြ။ ဘိုင့်ဘိုင့်" ကျိုးဖေး ပြောပြီးသည်နှင့် ဖုန်းချသွားသည်။

သူမ၏စကားကိုကြားသည့်အခါ ဇီယန် ပြုံးလိုက်သည်။ သူမ ကျန်းဟန်အား ကြည့်ကာ ပြောသည်။ "ဖေဖေးက မုန့်မုန့်ကို ဘယ်လိုပြုစားထားသလဲ ကျွန်မ တကယ်မသိတော့ဘူး"

"ဒါဆို ကိုယ်တို့ ညစာအရင်သွားစားရအောင်။ မင်း ဘာစားချင်လဲ" ကျန်းဟန် မေးသည်။

"အင်း... ငါး... ငါးသွားစားရအောင်" ခဏလောက် စဉ်းစားပြီးနောက် ဇီယန် ပြောလိုက်သည်။

"ကောင်းပြီ ကိုယ်တို့ ငါးအထူးပြုတဲ့စားသောက်ဆိုင်ကောင်းကောင်းတစ်ခုကို သွားကြမယ်။ သြော်ဒါနဲ့ စကားမစပ်တောင်ပေါ်က ငါးကန်ထဲမှာ ငါးတွေအများကြီးတယ်နော်။ ကိုယ်တို့ ငါးနည်းနည်းဖမ်းပြီး မင်းအတွက်ချက်ပေးလို့ရတယ်လို့ ကိုယ်ထင်တယ်" ကျန်းဟန်က ဇီယန်၏လက်ကို ဆုပ်ကိုင်ကာ လမ်းလျှောက်လာရင်း ပြောသည်။

"အိုး ရှင်က ကိုယ့်ကိုယ်ကိုယ် တော်တော်ချစ်တာပဲနော်"

"အဓိကကတော့ အဲဒါက ရတနာနယ်မြေဖြစ်နေလို့ပါ"

ကျန်းဟန် ပြုံးလိုက်သည်။ သူသည် နောက်ပိုင်းတွင် လဆန်းတောင်၏အစစ်အမှန်ဘက်ခြမ်းအား ဇီယန်ကို ပြသမည်ဖြစ်သည်။

သူတို့နှစ်ယောက် ညစာစားရန် ငါးအထူးပြုစားသောက်ဆိုင်သို့သွားကာ အထူးဟင်းလျာများကို စားသုံးကြသည်။

ညစာစားပြီးနောက်...

ဇီယန်သည် နှုတ်ခမ်းလေးစူကာ လှပသည့်မျက်လုံးဝိုင်းလေးများကို မိုတ်တုတ်မိုတ်တုတ်လုပ်ရင်း ဘာမှမပြောဘဲ ကျန်းဟန်အား စိုက်ကြည့်နေ၏။

သူတို့သည် အခန်းတစ်ခုထဲတွင် စားနေကြသည့်အတွက် နေကာမျက်မှန်မတပ်ထားခြင်းမရှိရာ ကျန်းဟန်မှာ ဇီယန်၏မျက်နှာအား ရှင်းရှင်းလင်းလင်းမြင်နေရသည်။

"အမ်.. မင်းက ကိုယ့်ရဲ့အမာခံပရိသတ်တစ်ယောက်လို လုပ်နေတာပဲ။ ကိုယ့်ကို အဲ့လောက်ကြီး သိပ်မကြည့်ပါနဲ့။ ကိုယ်က မင်းရဲ့ခင်ပွန်းပဲလေ” ကျန်းဟန်က ရယ်မောကာ သူမအား စနောက်သည်။

"ဟမ့် ဘယ်သူက ရှင့်ပရိသတ်လဲ” ဇီယန် နှာခေါင်းရှုံ့လိုက်ပြီး မျက်တောင်ရှည်များကို တဖျပ်ဖျပ်ခတ်ကာ တိုးတိုးလေးပြောသည်။ "ကျွန်မ လှိုင်းစီးတာကို တွေးနေတာ။ အဲဒါက အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ်။ ဟီးဟီး ရှင်ကျွန်မကို ကားပြိုင်ဖို့ ပြောထားတယ်လေ။ ဘယ်အချိန်သွားကြမလဲ”

ကျန်းဟန် ဖုန်းကိုထုတ်လိုက်ကာ ကျောက်ဖုန်း၏နံပါတ်အားခေါ်လိုက်သည်။ "ရှောင်ဖုန်း ငါတို့ ဘယ်မှာကားပြိုင်လို့ရလဲ သိလား။ အိုး ကောင်းပြီ ငါ့ကို လိပ်စာပို့ပေးပါဦး”

ကျောက်ဖုန်းက သူ့အား လိပ်စာပို့ပေးပြီးနောက် ကျန်းဟန်သည် ဇီယန်နှင့်အတူ စားသောက်ဆိုင်ထဲမှ ထွက်လာခြသည်။

ပြီးနောက် သူတို့ ပန်ဒါကားထဲသို့ ဝင်သွားကြသည်။

"ဒါနဲ့လေ ရှင် ဒီကားနဲ့ ပြိုင်မှာလား" ဇီယန် သံသယဖြင့် မေးသည်။

သူမ ယခင်က ကားမပြိုင်ဖူးသော်လည်း ကားပြိုင်ပွဲတော်တော်များများကို ကြည့်ဖူးသည်။ လူများသည် အတန်သင့်ဖြောင်းဖြူးကာ ချောမွေ့သည့်လမ်းကို ရွေးချယ်ကြသည်ကိုသူမ သိရှိပြီး ထိုလမ်းများက အရှိန်တင်ရန်အတွက် သင့်တော်သည်။

တကယ်တမ်းတွင် ထိုလမ်းများမှာ ပြိုင်ကားမောင်းသူအတွက် ထူးချွန်သည့်စွမ်းရည်များရှိရန် မလိုအပ်ချေ။ ထို့ကြောင့် အလွန်အမင်းကျွမ်းကျင်မှုမရှိသော ကားမောင်းသူအချို့သည် ဒရစ်ဆွဲရန် ခက်ခဲမှုအဆင့်မမြင့်မားသည့် လမ်းများ

ကို ရွေးချယ်ကြပြီး ကျွမ်းကျင်မှုရှိသော ပရော်ဖက်ရှင်နယ်ပြိုင်ကားသမားများမှာ အမှန်တကယ် လေထန်သည့်လမ်းများကို ရွေးချယ်ကြသည်။

ထိုအချိန်တွင် ဇီယန်၏မေးခွန်းကိုကြားသည့်အခါ ကျန်းဟန် ခဏလောက် စဉ်းစားပြီး ခေါင်းညိတ်၏။ "ကိုယ့်မှာ ဒီကားပဲရှိတာပဲ။ ဒါပေမယ့် ဒီကားက တခြားသူတွေနဲ့ ပြိုင်ဖို့အတွက် အရည်အသွေးပြည့်မီပါတယ်။ သူ့ရဲ့အစိတ်အပိုင်းတွေ အင်ဂျင်တွေက A8L ကဟာတွေလေ”

"ဒီကားက ပြန်ဆင်ထားတာလား။ အဲဒါများ ဘာလို့ တခြားကားကို မဝယ်လိုက်တာလဲ”

"မုန့်မုန့်က ဒီကားကို သဘောကျလို့လေ။ သူမသဘောကျတဲ့ဟာကို ကိုယ်ဝယ်လိုက်တာ” ကျန်းဟန် ပြန်ဖြေသည်။

"ရှင် ရှင်ကတော့လေ သူမကို အမြဲတမ်းအလိုလိုက်။ ရှင်သူမကို ငြင်းတတ်အောင်သင်ယူရဦးမယ်။ သူမလိုချင်တယ်ဆိုတိုင်း လိုက်ပြီး လုပ်ပေးလို့မဖြစ်နိုင်ဘူးလေ” သူပြောလိုက်

သည်နှင့် ဇီယန်မှာ ဒေါသထွက်သွားသည်။ သူမ ကျန်းဟန်၏ခါးအား လိမ်ဆွဲလိုက်ပြီး "ရှင် သူမနဲ့အတူတူနေလို့ရတော့ မုန့်မုန့်က စည်းမဲ့ကမ်းမဲ့ဖြစ်သွားတော့မယ်။ ကျွန်မ ရှင့်ကို တော်တော်လေး စိုးရိမ်နေပြီ။ သူမသာ ကလေးဆိုးဖြစ်သွားရင် ရှင်နောင်တရလိမ့်မယ်"

"ဟားဟားဟား" ကျန်းဟန် ရယ်မောကာ ခေါင်းယမ်းလိုက်သည်။ "မင်းကို ကိုယ်ဘယ်တော့မှ ငြင်းမှာမဟုတ်သလို မုန့်မုန့်ကိုလည်း ကိုယ် ဘယ်တော့မှ ငြင်းမှာ မဟုတ်ဘူး။ မင်းတို့က ကိုယ့်အတွက် အရေးအကြီးဆုံးလူတွေပဲလေ"

"ရှင်...ဟွန့်...ရှင်ကတော့ ရူးနေပြီ" ဤအခိုက်အတန့်တွင် ဇီယန်မှာ အလွန်ကြည်နူးသွားပြီး ကျန်းဟန်အား နူးညံ့စွာ စိုက်ကြည့်မိသည်။

"ကိုယ့်ကိုနမ်းပါဦး" ကျန်းဟန်သည် ဇီယန်၏အနားသို့ တိုးကပ်သွားကာ နှုတ်ခမ်းလေးစူပေးလိုက်၏။

"နမ်းရမှာလား"

"...”

"လာ” ဇီယန် ရေရွတ်လိုက်ပြီး သူ့အနားသို့ တိုးကပ်သွားကာ သူ့အား နမ်းလိုက်၏။

ထိုနောက် ကျန်းဟန်သည် ကျောက်ဖုန်း ပေးပို့ထားသည့် လိပ်စာသို့ ဦးတည်ကာ စတင်မောင်းနှင်လိုက်သည်။

ကျူးကန်းခရိုင်နှင့် အရှေ့ပိုင်းခရိုင်ကြားတွင် တောင်တန်းတည်ရှိပြီး ကြယ်နီတောင်ဟု ခေါ်ကာ သီးပင်စားပင်များ စိုက်ပျိုးရာတွင် အသုံးပြုသည်။ ထိုတောင်ပတ်လည်တွင် လမ်းမများတည်ရှိ၏။ ၎င်းသည် တစ်ချိန်က နှစ်ပေါင်းများစွာ စွန့်ပစ်ခံထားရသည်။ တောင်ပိုင်းကျွန်းစုပါကားကလပ်၏ရင်းနှီးမြှုပ်နှံမှုဖြင့် လမ်းများကို ပြန်လည်ပြုပြင်ပြီးနောက် ပြိုင်ကားများအတွက် နေရာတစ်ခုဖြစ်လာခဲ့သည်။ ပြိုင်ကားသမားတိုင်းအတွက် သင့်တောင်သည့် ဖြောင်းဖြူးသောလမ်းများရောတောင်တန်းလမ်းများပါ တည်ရှိသည်။

ကျန်းဟန်နှင့် ဇီယန်သည် စကားပြောရင်း ဦးတည်ရာသို့ မောင်းနှင်နေခဲ့သည်။ တောင်တန်းလမ်းပေါ်တွင် မောင်းနှင်လာသည့်အခါ ကျောက်ဖုန်း၏ LandRover အား မြင်ကွင်းတွင် တွေ့လိုက်ရသည်။ ကျန်းဟန်၏ကားကို တွေ့လိုက်သဖြင့် ကျောက်ဖုန်းသည် ကားမီးကိုဖွင့်ကာ ဟွန်းသုံးကြိမ်တီးပြီး နောက် လမ်းအားဦးဆောင်သွားခဲ့သည်။

ထိုအချိန်အတွင်း၌။

ကြယ်နီတောင်၏အစွန်းတွင် လူဒါဇင်နှင့်ချီ၍ စုဝေးနေကြသည်။

လမ်းဘေးရှိ ကွက်လပ်တွင် တောင်ပိုင်းကျွန်းစူပါကားကလပ်၏ဆိုင်းဘုတ်ပါရှိသော တစ်ထပ်တိုက်တစ်လုံးရှိသည်။

တိုက်ရှေ့တွင် စူပါပြိုင်ကားအစီးနှစ်ဆယ်ကျော်နှင့် ဆလွန်းကားအချို့ရှိနေသည်။ ထိုပြိုင်ကားများထဲတွင် ဈေးအကြီးဆုံးကားမှာ ယွမ်ငါးသန်းကျော်တန်ဖိုးရှိသည့် Ferrari F12 Berlinetta ကားဖြစ်ပြီး ဈေးအနည်းဆုံးကားမှာ ယွမ်တစ်သန်း

တန်သည့် Porsche 718 ဖြစ်သည်။ မှန်ပေသည်။ ၎င်းတို့ထဲမှ အများစုမှာ ယွမ် ၂ သန်းပတ်ချာလည် တန်ကြေးရှိကြသည်။

ထိုလူများအားလုံးသည် ချမ်းသာသည့် ဒုတိယမျိုးဆက် သူဌေးသားများဖြစ်ကြပြီး စိတ်လှုပ်ရှားမှုအတွက် ကားပြိုင်လို သူများဖြစ်ကြသည်။

ရယ်စရာကောင်းသည်ကာ ပြေးလမ်းမ၏ရှေ့တွင် ပြိုင် ကား ၇ စီးမှာ ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်နေကြခြင်း ဖြစ်သည်။

ထိုအထဲတွင် Ferrari F12 အပြင် အဝါရောင် McLaren တစ်စီးလည်းပါရှိသည်။

"ညီအစ်ကိုတို့ ဘယ်လိုထင်ကြလဲ။ ဒီကွင်းက အဆင်ပြေ ရဲ့လား။ စူပါဒုံးပျံ ပို့ပေးတဲ့ တနျို နဲ့ လေယာဉ်ပေးပို့တဲ့ မိန်းကလေးတစ်သန်း၏အိပ်မက်ကို ကျေးဇူးတင်ပါတယ်”

စွန်းဒုန်ဟာမ်သည် ရက်အနည်းငယ်အတွင်း ကြည့်ရှုသူ ၅ သိန်းကျော်ကို စွဲဆောင်နိုင်ခဲ့ပြီး တစ်ခါတစ်ရံတွင် ကြည့်ရှုသူ တစ်သန်းပင် ကျော်သွားတတ်သည်။

စွန်းဒုန်ဟာမ် မုန့်မုန့်အား ဗီဒီယိုရိုက်စဉ်စဉ်က အံ့အားသင့်ခဲ့ရသည်။ သူလိုက်လွှင့်ရန် စတင်လိုက်သည်နှင့် စခရင်တစ်ခုလုံး ကျည်ဆန်ကောမန့်များဖြင့် ပြည့်သွားခဲ့ရသည်။

အစ်ကိုဒုန် ချစ်စရာကလေးမလေးကို ဘယ်မှာတွေ့ခဲ့တာလဲ။ သူမက အရမ်းချစ်ဖို့ကောင်းတယ်...

ထိုမေးခွန်းကိုမြင်သည့်အခါ စွန်းဒုန်ဟာမ်ပြုံးကာ စကားလုံးသုံးလုံးကိုသာ ပြောလိုက်သည်။ "ခန့်မှန်းကြည့်"

စွန်းဒုန်ဟာမ် ညဘက်တွင် ကားပြိုင်မည်ဟု မပြောမချင်း ပရိသတ်များမှာ အာရုံမပြောင်းကြချေ။ သူသည် လုယင်နှင့် သူမအဖော်များနှင့်အတူ ညစာစားပြီးနောက် စောစော ရောက်လာကာ နာရီဝက်ကြာအောင် လိုက်ဖ်လွှင့်နေခဲ့သည်။ ကျောက်ဖုန်းနှင့် သူ၏အဖော်နှစ်ယောက်သည် အနီးအနားတွင်

ရပ်ကာ လုယင်အား နောက်မှ ကားပြိုင်ပွဲသို့ ခေါ်သွားရန် ပြင်ဆင်ခဲ့သည်။

"ကောင်းပြီ ကားထဲအမြန်ဝင်ပြီး ပြင်ဆင်ကြပါ။ ကား ပြိုင်ပွဲက ခနနေရင် စပါတော့မယ်" ထိုအချိန်တွင် Ferrari ကားပေါ်မှ လူက အော်ပြောသည်။

"အိုကေ" စွန်းဒုန်ဟမ်က တုံ့ပြန်လိုက်ပြီး လုယင်နှင့်အတူ ကားပေါ်တက်လိုက်သည်။

ကားများအားလုံးအဆင်သင့်ဖြစ်ပြီးနောက် အရပ်ရှည်ရှည် ဖြင့် ကိုယ်ကြပ်ဝတ်ဆင်ထားသည့် ဆက်စီကျကျကောင်မလေး တစ်ယောက်သည် ကားများ၏အလယ်ရှိ မျဉ်းကြောင်းဆီသို့ လျှောက်လာသည်။

ကားအားလုံးသည် အင်ဂျင်များအား နှိုးထားကြသည်။

အရပ်ရှည်ရှည်အလှလေးက အလံအား ဝှေ့ယမ်းလိုက် သည့်အချိန်မှာပင်။

လူတစ်ယောက်က ကွင်းထဲသို့ ပြေးဝင်လာ၏။

"ရပ်လိုက် ရပ်လိုက်ကြ။ ဒီပြိုင်ပွဲကို ဖျက်လိုက်သင့်တယ်"

ထိုလူမှာ ကလပ်၏အကြီးအကဲဖြစ်သည်။ သူသည် မိန်းမလှလေးအား ရပ်တန့်ရန်လက်ပြပြီး ကားသမားများအား အင်ဂျင်စက်သတ်ရန် လက်ပြ၍ ရှေ့တွင် ရပ်လိုက်သည်။

Ferrari ကားထဲမှလူက ခေါင်းပြူထွက်ကာ မကျေမနပ်ဖြင့် အော်လိုက်သည်။ "ခင်ဗျားဘာလုပ်တာလဲ။ ပြိုင်ပွဲစတော့မှာ မသိဘူးလား"

"မင်းတို့ရပ်ပြီး ထွက်သွားမှရမယ်။ သူဌေးယဲ့ လာနေပြီ။ သူက ပြိုင်ချင်တယ်ပြောတယ်" ကလပ်၏အကြီးအကဲက မျက်မှောင်ကြုတ်ကာ ကျယ်လောင်စွာ ပြန်ပြောသည်။

-အခန်း(၃၁၆)ပြီး

wunzinnosp

## အခန်း(၃၁၇) ယွဲ့ဟန် ကြက်မွေးညှင်းထခြင်း

"ဘယ်သူ။ သူဌေးယွဲ့လာနေပြီလား"

Ferrari ကားထဲမှာလူမှာ ချက်ချင်းသတိအနေအထားဖြစ်သွားသည်။

ယခု ကလပ်အကြီးအကဲပြောလိုက်သည့် သူဌေးယွဲ့ဆိုသည်မှာ အရှေ့ပိုင်းခရိုင်၏အကောင်ကြီးဖြစ်သည့် ယွဲ့ဟန်ကို ဆိုလိုခြင်းဖြစ်ပေမည်။

တောင်ပိုင်းကျွန်းတွင် ပြိုင်ကားကလပ်သုံးခုရှိပြီး ယွဲ့ဟန်သည် တောင်နီကြယ်ပွင့်ကလပ်ကို ဦးစီးသည်။ အဆင့်အတန်းအရဆိုလျှင် ဤနေရာရှိသူဌေးသားသမီးများအားလုံးမှာ ယွဲ့ဟန်ထက် နိမ့်ကျလေ၏။ ထို့ပြင် သူတို့သည် ချမ်းသာကြွယ်ဝသည်ဆိုသော်လည်း ထိတ်ထိတ်ကြဲများဖြစ်လာရန်ကားဝေးကွာလှသည်။ ယွဲ့ဟန်သည် တောင်နီကြယ်ပွင့်ကလပ်၏အဓိက ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး ဤနေရာ၏ဘော့စ်

အဖြစ် သတ်မှတ်နိုင်သည်။ ထို့ကြောင့် သူ၏တောင်းဆိုချက်အားလုံးကို ဖြည့်ဆည်းပေးရ၏။

"မြန်မြန်လုပ်။ သူ့ဌေးယွဲ့က မကြာခင်လာတော့မယ်” ကလပ်အကြီးအကဲက လက်ပတ်နာရီကိုတစ်ချက်ကြည့်ကာ ပြောသည်။

"ကောင်းပြီ” Ferrari ကားထဲမှလူမှာ ခေါင်းညိတ်ပြပြီး ကားကိုစက်နှိုး၍ သိပ်မဝေးသည့်နေရာတွင် ကားရပ်လိုက်သည်။

"ဘုရားရေ ယွဲ့ဟန်ဒီကိုရောက်တော့မယ်။ ငါတို့ ခဏလောက် စောင့်ရဦးမှာပေါ့” စွန်းဒုန်ဟမ်သည် သူ၏ကားအား ပါကင်နေရာသို့ မောင်းသွား၏။

ထိုအခိုက်အတန့်တွင် ကြည့်ရှုသူများမှာ မကျေမနပ်ဖြစ်လာကြသည်။

"ဘာလဲကွာ။ ငါတို့က ဘာလို့စောင့်နေရမှာလဲ ငါတို့စောင့်နေတာ တစ်နာရီတောင်ရှိတော့မယ် ပြိုင်ပွဲက မစနိုင်သေးဘူးလား"

"ငါလည်း မစောင့်ချင်ပါဘူး" စွန်းဒုန်ဟာမ် အကူအညီမဲ့စွာ ပြောသည်။ "သူဌေးလာနေပြီဆိုတော့ ငါလည်း ဘာမှလုပ်လို့မရဘူးလေ။ အမှန်အတိုင်းပြောရရင် ယွဲ့ဟန်က တောင်ပိုင်းကျွန်း အရှေ့ပိုင်းခရိုင်ရဲ့ အကောင်ကြီးပဲ။ ဟောင်ကောင်မှာ သူက အာဏာရှိတယ်။ ဘာ... မင်းတို့က သူ့ကို တွေ့ချင်တယ်ဟုတ်လား။ အင်း...နောက်မှ ငါ သူ့ဘက်ကို ကင်မရာလှည့်ပေးမယ်။ ငါသူ့ကို မသိပေမယ့် ငါ့ရဲ့အစ်ကိုဖုန်းနဲ့ အစ်ကိုဟူကည်း ကြောက်စရာကောင်းတဲ့လူတွေပါပဲ"

"အစ်ကိုဖုန်းက တောင်ပိုင်းခရိုင်မှာနေပြီး ယွဲ့ဟန်က အရှေ့ပိုင်းခရိုင်မှာနေတယ်။ အဲဒါက တကယ်ကွဲပြားတာပေါ့။ အမှန်ပဲ။ သူတို့က အဆင့်အတူတူပဲလို့ ငါထင်တာပဲ" စွန်းဒုန်ဟာမ်က သူ၏ပရိသတ်များအား ရှင်းပြနေသည်။

တကယ်တမ်းတွင် သူတို့၏ယခင်အဆင့်အတန်းနဲ့ စွမ်းအားအရ ယွဲ့ဟန်သည် ကျောက်ဖုန်းထက် များစွာပို၍ အင်အားရှိသည်။ သို့သော် ယခုအချိန်၌ စွန်းဒုန်ဟမ်သည် အသေးစိတ်အချက်များကို မသိသဖြင့် သူတို့နှစ်ဦးအား တူညီသည်ဟု ပြောနိုင်ခြင်းဖြစ်သည်။ ထို့ပြင် သူသည် တစ်စုံတစ်ယောက်ဖြစ်ကြောင်း ပြချင်ခဲ့၏။

"အစ်ကိုဒုန် ငါတို့ ကားထဲက ထွက်ရမှာလား” လုယင်က မေးသည်။

"အင်း သူတို့ ဒီရောက်လာပြီဖြစ်လောက်တယ်” စွန်းဒုန် ဟမ်က နောက်ကြည့်မှန်အား လှမ်းကြည့်ပြီးနောက် ကားထဲမှ ထွက်လာခဲ့သည်။၏

ထိုအချိန်တွင် လူစုလူဝေးမှာလည်း လမ်းဘေးတွင် စုရုံးနေကြပြီး စူပါပြိုင်ကားများ၏အင်ဂျင်သံအား ရှင်းရှင်းလင်းလင်း ကြားနေရသည်။

မကြာမီမှာပင် စူပါပြိုင်ကားများစွာ ပေါ်လာလေ၏။

ပြိုင်ကားအဖွဲ့နှစ်ဖွဲ့ရှိပြီး ယွဲ့ဟန်၏ Auston Martin 177 ဦးဆောင်သော စူပါးခုနှစ်စီး ရှစ်စီးခန့်မှာ ဘယ်ဘက်မှ ဖြစ်သည်။

ညာဘက်တွင် လိမ္မော်ရောင် Lamborghini Reventon ဦးဆောင်သော စူပါပြိုင်ကား ငါးစီးရှိ၏။

ထိုပြိုင်ကားများမှာ လမ်းဆုံတွင် ရပ်တန့်သွားသည်။

"အဲဒီမီးခိုးရောင် Auston Martin 177 ကို မင်းတို့မြင်လား။ အစီးရေ ၇၇ စီးပဲ အကန့်အသတ်နဲ့ရှိပြီးတော့ တစ်စီးကို ယွမ်သန်း ၅၀ ကျော်တန်တယ်။ အဲဒီတစ်စီးက ယွဲ့ဟန်ပိုင်တဲ့ ကားပဲ။ တကယ်တော့ သူက အရှေ့ပိုင်းခရိုင်ရဲ့အကောင်ကြီး ဖြစ်ရုံတင်မကဘူး ပြိုင်ကားရောင်းဝယ်တဲ့ဆရာတစ်ဆူလည်း ဖြစ်သေးတယ်။ သူက တကယ့်ကို ထူးချွန်တဲ့သူပဲ" စွန်းဒုန်ဟမ် က ဖုန်းကင်မရာကို လှည့်ပြကာ "ဘေးနားက Lamborghini က ယွမ် ၁၆ သန်းကျော်တန်တယ်။ အထဲမှာ ဘယ်သူပါလဲသိ လား။ ဟော အဲဒီလူ ကားပေါ်က ဆင်းလာပြီ။ လခွမ်း အဲဒါ

သခင်လေးလဲ့မလား။ သူလည်း စွမ်းအားကြီးတဲ့သူပဲ။ သူ့အဖေက တင်းဖန့်အုပ်စုရဲ့ ဥက္ကဋ္ဌပဲ။ ယွမ်သုံးဘီလီယံကျော် ပိုင်ဆိုင်မှုရှိတယ်”

"သူတို့က ကြောက်ဖို့ကောင်းလိုက်တာ” လုယင်သည် စွန်းဒုန်ဟမ်၏ဘေးတွင် ရပ်နေပြီး ထိုအခိုက်အတန့်၌ သူမ မူးနောက်နောက်ပင်ခံစားလိုက်ရကာ လျှာလေးအား ထုတ်လိုက်မိ၏။

စူပါပြိုင်ကားများစွာကို မြင်ဖူးခြင်းမှာ သူမအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။ လိုက်ဖ်စထွင်းလွှင့်ခြင်းမှ ယွမ်တစ်သန်းကျော် ဝင်ငွေရရှိခဲ့သည့်အတွက် အစက သူမ ဂုဏ်ယူနေခဲ့မိသော်လည်း ယခုတော့ ဤကားများ၏ တာယာတစ်လုံးတန်ဖိုးပင် သူမ မတတ်နိုင်ကြောင်း သိလိုက်ရသည်။

ထိုအခိုက်တွင် လူအုပ်ကြီးမှာ အော်ဟစ်ကြသည်။

"အဲဒါ သခင်လေးလဲ့ပဲ”

"သခင်လေးလဲ့လည်း ဒီကိုရောက်လာတယ်"

"သခင်လေးယွဲ့ကိုကြည့်ရတာ သိပ်စိတ်ကြည်ပုံမရဘူး"

"သူက သခင်လေးလဲ့နဲ့ မတည့်ဘူးမဟုတ်လား"

ယွဲ့ဟန်နှင့် သခင်လေးလဲ့တို့ တစ်ယောက်နှင့်တစ်ယောက် မတည့်ကြသည်ကို လူတိုင်းသိကြ၏။ ယခု သူတို့နှစ်ယောက်လုံး ဤနေရာသို့ တစ်ပြိုင်နက် ရောက်ရှိလာကြရာ သူတို့ကားပြိုင်ရန် စီစဉ်ထားခြင်းဖြစ်ပေမည်။

ကားပေါ်မှဆင်းလာပြီးနောက် ယွဲ့ဟန်သည် ကလပ်အကြီးအကဲအား လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ "မော်နီတာဖွင့်လိုက်"

သူ၏ဒေါသထွက်နေသည့်လေသံကြောင့် ကလပ်အကြီးအကဲမှာ ထိတ်လန့်သွားသည်။ ထို့ကြောင့် သူသည် ဝန်ထမ်းများအား မော်နီတာဖွင့်ရန် အမြန်ခိုင်းလေ၏။

လမ်း၏နေရာတိုင်းနီးပါးရှိ လမ်းမီးတိုင်များပေါ်၌တပ်ဆင်ထားသော စီစီတီဗီများဖြင့် ချိတ်ဆက်ထားသည့် မော်နီတာစခရင် ၄၀ ခန့်ရှိသည်။ ၎င်းတို့အား ကလပ်၏ဘယ်ဘက်နံရံတွင် တပ်ဆင်ထားသည်။

ယွဲ့ဟန်ပြောပြီးသည်နှင့် သူ၏အဖွဲ့မှလူများအားလုံး ကားထဲမှထွက်လာကာ သူ၏နောက်သို့ လိုက်သွားကြသည်။ အခြားအဖွဲ့မှ လူရှစ်ယောက်သည်လည်း သခင်လေးလဲ့၏နောက်သို့ လိုက်သွားကြ၏။ အကယ်၍ ကျန်းဟန်သည်

ဤနေရာတွင်ရှိနေခဲ့ပါက သခင်လေးလဲ့၏နောက်တွင် ရပ်နေသည့်အထဲမှ နှစ်ယောက်မှာ မနက်က ပင်လယ်ထဲတွင် တွေ့ခဲ့သည့် ကျန့်ချန်ယုနှင့် ခေါင်းပြောင်ဟွမ်ဝမ်ဖြစ်သည်ကို သေချာပေါက် မှတ်မိပေလိမ့်မည်။

"ဖန်းလဲ့ ငါတို့ ပမာဏများများလောင်းမလား" ယွဲ့ဟန်က သခင်လေးလဲ့အား စိန်ခေါ်သည့်လေသံဖြင့် ပြောလိုက်သည်။

"အိုး ပမာဏကြီးကြီးလောင်းချင်တာလား။ မင်း ဘယ်လောက်လောင်းမလဲ” သခင်လေးလဲ့က နှာခေါင်းရှုံ့သည်။

"ယွမ်ဆယ်သန်း” ယဲ့ဟန်က ဖြည်းညှင်းစွာပြောသည်။

"ဟားဟား ယွမ်ဆယ်သန်းလေးပါပဲ” ယွမ်ဆယ်သန်းသည် သခင်လေးလဲ့အတွက် သေးငယ်သည့်ပမာဏမဟုတ်သော်လည်း သူသည် ဂရုမထားဟန်ဖြင့် ပြောလိုက်သည်။ "ယွမ်ဆယ်သန်းက နည်းလွန်းတယ်။ မင်းရဲ့ 177 ကားကို လောင်းလိုက်လေ။ ငါနိုင်ရင် မင်းကား ငါ့ကို ပေးရမယ်။ ငါရှုံးရင် ငါ့ကားနဲ့ ယွမ်သန်းလေးဆယ် ပေးမယ်”

သူ၏စကားကိုကြားသည့်အခါ ယဲ့ဟန် မျက်မှောင်ကြုတ်လိုက်သည်။ သူသည် အမြဲတမ်းသတိကြီးကာ တွေးတောဆင်ခြင်တတ်သူဖြစ်၏။ သူ့တွင် ဝုက်ဖဲရှိသော်လည်း မတော်တဆတစ်ခုခုဖြစ်မည်ကို စိုးရိမ်နေသည်။ တကယ်တမ်းတွင် သူ၏ဘေဘီလေးဖြစ်သည့် သူ့ကားအား မလောင်းချင်

ပေါ့။ "အပိုတွေပြောမနေနဲ့။ ယွမ်ဆယ်သန်းပဲလောင်းမယ်။ မင်းလောင်းမှာလား မလောင်းဘူးလား”

"ငကြောက်” သခင်လေးလဲ့က ခေါင်းယမ်းလိုက်ပြီး "ကောင်းပြီလေ. ယွမ်ဆယ်သန်းဆိုလည်း ဆယ်သန်းပေါ့” ဟု ပြောလိုက်သည်။

"ဟားဟား စည်းမျဉ်းတွေက ထုံးစံအတိုင်းပဲ” ယဲ့ဟန်က သူ၏နောက်မှလူများကို လက်ဝှေ့ယမ်းပြလိုက်ပြီး "ပြိုင်ကား သမားကို ရှေ့လာခိုင်းလိုက်”

သူပြောပြီးသည်နှင့် အသက်သုံးဆယ်ကျော်အတွရယ် ဆံပင်တိုတိုနှင့် အမျိုးသားတစ်ဦးသည် ကားတန်းအဆုံးရှိ ပြိုင်ကား၏ခရီးသည်ထိုင်ခုံမှ ဆင်းလာခဲ့သည်။

ထိုလူအား မြင်လိုက်ရပြီးနောက် အားလုံးမှာ အံ့အားသင့် သွားကြပြီး သူ့အားမှတ်မိသောသူများမှာ မအော်မိဘဲ မနေနိုင် ကြချေ။

"အဲဒါ တောင်ပိုင်းကျွန်းကားပြိုင်ပွဲမှာတုန်းက ပထမရသွားတဲ့သူမဟုတ်လား။ သူ့ကို မြောက်ပိုင်းဘုရင်ဖြစ် အသိအမှတ်ပြုခံခဲ့ရတာ။ ဘုရားရေ သူတို့က ဒီပြိုင်ပွဲကို တကယ်အလေးအနက်ထားပြီးတော့ ယွမ်ဆယ်သန်းအနိုင်ရဖို့ ရည်ရွယ်ထားတာပဲ။ သခင်လေးယဲ့က မြောက်ပိုင်းကားဘုရင်ကို ဖိတ်ခေါ်ထားပြီဆိုတော့ သေချာပေါက် နိုင်တော့မှာပဲ”

စွန်းဒုန်ဟမ်သည် ကြည့်ရှုသူများအား ရှင်းပြနေသည်။ "မြောက်ပိုင်းဘုရင်က အရမ်းအံ့သြဖို့ကောင်းတယ်။ ဒါပေါ့ ဒီပြိုင်ပွဲက ယွမ်ဆယ်သန်းတန်တဲ့ လောင်းကြေးရှိတာပဲ…”

ဖြစ်ပျက်ခဲ့သည်များကို မြင်လိုက်ရသည့်အခါ ကြည့်ရှုသူများစွာမှာ အံ့သြသွားကြသည်။ မိုးရေစက်များကဲ့သို့ များပြားလှသည့် ဇိမ်ခံကားများနှင့် ယွမ်ဆယ်သန်းတန် လောင်းကြေးသည် သူ့အား ကြည့်ရှုသူပရိသတ်များကို ပို၍စွဲဆောင်နိုင်စေခဲ့သည်။ မကြာမီမှာပင် ကြည့်ရှုသူအရေအတွက်သည် ၈ သိန်းကျော်သွားကာ ၁ သန်းသို့ ရောက်ရှိလာ၏။

"ဟေး မင်းငါ့ကို ယွမ် ၂ သန်းလောက်ရှုံးပြီးသွားပြီ။ အခု လည်း ငါ့ကို ယွမ်ဆယ်သန်း ထပ်ပေးတော့မယ်ပေါ့။ ဟားဟား ဟား... မင်းက ငါနဲ့ပြိုင်ဖို့ ငယ်ပါသေးတယ်လို့ ငါပြောပါတယ်" သခင်လေးလဲ့က ခေါင်းကိုယမ်းကာ သူ၏နောက်မှလူများကို လက်ပြလိုက်သည်။

ကားပြိုင်ရန် အဆင်သင့်ဖြစ်နေသည့် ပြိုင်ကားမောင်း သမားသည် သခင်လေးလဲ့၏အဖွဲ့ နောက်ဆုံးကားထဲမှ ထွက် လာခဲ့လေသည်။

သူသည် ဆံပင်ရှည်ရှည် မုတ်ဆိတ်မွေးများဖြင့် အတော် လေးပိန်ပါး၏။

သူ၏အသွင်ပြင်ကို မြင်လိုက်ရသည့်အခါ မြောက်ပိုင်း ဘုရင်၏သူငယ်အိမ်များ ကျုံ့သွားသည်။ "ကင်းဟာ့တ်(King Hult)လား"

"ဟာ့တ်လား" ခဏလောက်စဉ်းစားပြီးနောက် ယွဲ့ဟန်သည် ထိုနာမည်၏ဇာစ်မြစ်ကို သတိရသွားကာ ချက်ချင်းပင် နာကျင်သည့်အရိပ်အယောင်ဖြစ်သွား၏။

ဟာ့တ်သည် ကမ္ဘာ့အဆင့် ကားပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် မာယာကျွန်းသားတစ်ယောက်ဖြစ်သည်။ ထိုပြိုင်ခွဲ့တွင် သူသည် ထိပ်ကားပြိုင်ကားသမား ၁၆ ယောက်ထဲမှ တစ်ယောက်ဖြစ်ခဲ့၏။ သိသာစွာပင် တောင်ပိုင်းကျွန်းတွင်သာ နာမည်ကြီးသည့် တောင်ပိုင်းဘုရင်မှာ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲများတွင် ပါဝင်အစွမ်းပြခဲ့သည့် သူ၏ ပြိုင်ဘက်မဖြစ်နိုင်ချေ။

"မင်းက ငါနဲ့ပြိုင်ရဲတယ်လား" သခင်လေးလဲ့က လှောင်ပြောင်လိုက်ပြန်သည်။

"ဆက်လုပ်ပါ"

ယွဲ့သည် သွားများကို ကြိတ်လိုက်၏။ သိသာစွာပင် သူ့အတွက် လောင်းကြေးပြန်ရရန်မှာ မဖြစ်နိုင်တော့ချေ။

"ဒီလမ်းတွေက မင်းနဲ့ရင်းနှီးပြီးသားဆိုတော့ ငါတို့မှာ အခွင့်အရေးရှိနိုင်ပါသေးတယ်။ မှတ်ထားပါ မင်းသာအနိုင်ရခဲ့ရင် ငါမင်းကို ကောင်းကောင်းဆုချမယ်" ယွဲ့ဟန်သည် ပြိုင်ကားသမား၏နားနားသို့တိုးကပ်ကာ ပြောလိုက်သည်။

"အခုစလိုက်ရအောင်။ အချိန်ဖြုန်းမနေနဲ့တော့" သခင်လေးလဲ့သည် ပြောပြောဆိုဆိုဖြင့် ဟာ့တ်အား ကားသော့ပစ်ပေးလိုက်သည်။ ဟာ့တ်က ဖမ်းယူလိုက်ပြီး Reventon ထဲသို့ ဝင်သွားသည်။

သို့သော် ယွဲ့ဟန်သည် သူ၏ပြိုင်ကားသမားအား သူတို့အနောက်မှ Lamborghini Gallardo ကိုသာ ပေးလေ၏။ အကြောင်းမှာ သူသည် သူ၏ကိုယ်ပိုင်ကားအား ပြိုင်ပွဲဝင်ရန် အမြဲတွန့်ဆုတ်နေသောကြောင့်ဖြစ်သည်။

ပြိုင်ကားသမားနှစ်ဦးသည် သူတို့၏ကားများကို စမှတ်မျဉ်းတွင် တန်းစီကာ တိတ်ဆိတ်စွာဖြင့် စောင့်ဆိုင်းနေ၏။

ယွဲ့ဟန်နှင့် သခင်လေးလဲ့သည် သူတို့၏လူများအား မော်နီတာစခရင်များရှိရာသို့ ခေါ်သွားကြသည်။

ထိုအချိန်အတွင်း၌ သခင်လေးလဲ့သည် ယွဲ့ဟန်၏ 177 ကားကို ပိုင်ဆိုင်နိုင်ရန် အခွင့်အရေးလွဲချော်သွားသည်ဟု ပြောနေသေး၏။

ယွဲ့ဟန်သည် သူ့အား ခွန်းတုံ့ပြန်ချင်သော်လည်း စိုးရိမ်စိတ်ဝင်နေသည့်အတွက် မပြောခဲ့ချေ။ ယနေ့ ယွမ်ဆယ်သန်းဆုံးရှုံးရမည်ဆိုသည့်အတွေးဖြင့် သူ အမှန်တကယ် ဒေါသထွက်နေလေ၏။

ထိုအချိန်တွင် ဝန်ထမ်းတစ်ဦးသည် ရုတ်တရက် ယွဲ့ဟန်ထံသို့လျှောက်လာကာ သူ့အား တိုးတိုးလေးပြောသည်။ ပြောနေရင်းဖြင့် သူသည် စွန်းဒုန်ဟမ်ရှိရာသို့ နှစ်ကြိမ် လက်ညှိုးထိုးပြ၏။

ယွဲ့ဟန်သည် စူးရှသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

သူသည် ပြင်းထန်သောခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားလိုက်၏။

ထိုအခိုက်တွင် အားလုံး အံ့အားသင့်သွားကြပြီး နောက်သို့ခြေလှမ်းအနည်းငယ်ဆုတ်ကာ ယွဲ့ဟန်အတွက် လမ်းဖယ်ပေးကြသည်။

"ဘုရားရေ တကယ်ကြီးလား"

စွန်းဒုန်ဟမ်မှာ ထိတ်လန့်သွားပြီး ဖုန်းကို အမြန်ချလိုက်၏။

"အစ်ကိုယွဲ့"

ယွဲ့ဟန် နီးကပ်လာသည်နှင့် စွန်းဒုန်ဟမ်က သူ့အား အမြန်နှုတ်ဆက်လိုက်သည်။

"မင်း လိုက်ဖ်လွှင့်နေတာလား" ယွဲ့ဟန်က စွန်းဒုန်ဟမ်၏ကော်လံအား ချက်ချင်းဆွဲကိုင်ကာ မျက်မှောင်ကြုတ်၍ပြောသည်။ "ဒီက စည်းကမ်းတွေကို မင်းနားလည်လား"

စွန်းဒုန်ဟာမ်၏နှလုံးသားမှာ အလွန်ခုန်ပေါက်သွားပြီး တွေးလိုက်မိသည်။

...ငါလိုက်ဖ်လွှင့်နေတာကြီး မပိတ်ရသေးဘူး။ ငါ့ရဲ့နာမည်တော့ ပျက်တော့မယ်ထင်တယ်....

သူ၏ပရိသတ်များမှာ သူ့အတွက် အနည်းငယ် စိုးရိမ်သွားကြသည်။

"အစ်ကိုဒုန် အရိုက်ခံရတော့မှာလား"

"လခွမ်း တကယ်ကြီးလားဟ။ ငါရဲခေါ်လိုက်ရမလား"

"ငါ့အစ်ကိုဒုန်ကို အနိုင်ကျင့်ရင် မင်းကို ငါအဆုံးသတ်ပစ်မယ်"

"..."

စွန်းဒုန်ဟာမ်သည် ခပ်မိုက်မိုက်လူတစ်ယောက်ဖြစ်ချင်သော်ညလ်း သူ၏ကိုယ်ပိုင်အသက်က သူ၏နာမည်အား အနိုင်ယူသွားသည်။ သူ ခါးသီးစွာပြုံးလိုက်ပြီး "အစ်ကိုယ့် ကျွန်တော့်

ကို အထင်လွဲနေပြီ။ ကင်မရာကို ကျွန်တော့်ဘက်မှာ ချိန်ထားတာပါ”

"ဟားဟား” ယွဲ့ဟန်က ရယ်မောလိုက်ပြီး သူ၏နောက်မှ ငယ်သားများကို လက်ပြလိုက်သည်။

ရုတ်တရက် လူခြောက်ယောက် ခုနစ်ယောက်မှာ အေးစက်သည့်မျက်နှထားများဖြင့် လျှောက်လာသည်။

စွန်းဒုန်ဟမ်မှာ ထိတ်လန့်သွားသည်။ ခဏလောက် စဉ်းစားပြီးနောက် သူ အလျင်စလိုပြောလိုက်သည်။

"ကျွန်တော်က အစ်ကိုဖုန်းရဲ့လူပါ”

"ဘယ်သူလဲ” ယွဲ့ဟန် မျက်ခုံးပင့်လိုက်၏။

"အစ်ကိုဖုန်းပါ ကျောက်ဖုန်း။ ကျွန်တော်က သူ့အဖွဲ့က” ယွဲ့ဟန်၏အမူအရာကိုကြည့်၍ စွန်းဒုန်ဟမ် ကြိတ်၍သက်ပြင်းချလိုက်မိသည်။

သို့သော် သူ၏စကားက ယွဲ့ဟန်အား ခဏတာသာ တန့်သွားစေသည်။ တကယ်တမ်းတွင် ကျောက်ဖုန်းသည် မစ္စတာကျန်း၏လက်ထောက်မှန်း ယွဲ့ဟန်သိလေ၏။ သူသည် မစ္စတာကျန်းအား ကြောက်ရွံ့သော်လည်း သူ သို့မဟုတ် ကျောက်ဖုန်း၏နာမည်ပြောတိုင်း လက်လျှော့လိုက်မည်ဟု မဆိုလိုချေ။ ထို့ပြင် သူသည် သူတို့၏လက်အောက်ငယ်သားတိုင်းအား လေးစားနေရန်မလိုအပ်ချေ။

ထိုအတွေးဖြင့် ယွဲ့ဟန်မှာ ပို၍ ဒေါသထွက်လာ၏။

သူ၏ငွေအား ဆုံးရှုံးထားပြီး သခင်လေးလဲ့၏လှောင်ပြောင်မှုကိုလည်း ခံထားရသေးသည်။ ယခုလည်း ကျောက်ဖုန်း၏နာမည်ကိုပြောကာ ဒီကောင်က အရိုက်ခံရသည့်ဒဏ်မှာ ရှောင်လွှဲချင်သည်လား။

ယွဲ့ဟန် အံကိုကြိတ်ကာ ပြောလိုက်သည်။ "မင်း သူ့နာမည်ကိုပြောတာနဲ့ ငါမင်းကို…"

ထိုနောက် တစ်စုံတစ်ခုဖြစ်ပျက်သွား၏။

ရုတ်တရက် စူပါကားများသြနောက်မှ ဟွန်းတီးသံများ ကြားလိုက်ရသည်။

အားလုံးလှည့်ကြည့်လိုက်ရာ စူပါးကားတန်းနှစ် ခု၏နောက်တွင် ချစ်စရာပန်ဒါကားတစ်စီးရှိနေပြီး အမျိုးသား တစ်ဦးသည် ၎င်းကား၏ဟွန်းအားြ အဆက်မပြတ်နှိပ်နေ သည့်အတွက် လူတိုင်း ရယ်မောလိုက်ကြသည်။

"ယွမ်သောင်းဂဏန်းတန်တဲ့ ကားကိုစီးတဲ့လူက ဒီစူပါ ကားတွေ လမ်းမှာပိတ်နေတာကို မကျေနပ်ဘူးလား။ သူက ဘယ်လိုတောင် သတ္တိရှိလို့ ဟွန်းတီးရဲတာလား။ လာနောက်နေ တာလား"

သို့သော်…

ယွဲ့ဟန်သည် ပန်ဒါကားကို တွေ့လိုက်ရသည့်အခါ တုန်ယင်သွားလေ၏။

မကြာသေးမီရက်များအတွင်း ပန်ဒါကားတစ်စီးအားတွေ့လိုက်ရတိုင်း သူ၏နှလုံးသား ခုန်ပေါက်သွားလေ့ရှိသည်။

ဤအချိန်တွင် ပန်ဒါကားအား မြင်လိုက်ရသည့်အခါ သူထိတ်လန့်တကြားဖြစ်သွား၏။

ထိုနောက် ပန်ဒါကား၏ဘေးရှိ Land Rover ကားထဲမှ ကျောက်ဖုန်း ဆင်းလာသည်ကို သူ တွေ့လိုက်ရသည်.

ယွဲ့ဟန် တံတွေးမျိုးချလိုက်မိပြီး လူတိုင်း ထိုအသံကို ကြားလိုက်ရသည်။

တကယ်သူပဲ။

ယွဲ့ဟန် စိုးရိမ်စိတ်ဝင်လာ၏။

"အစ်ကိုဖုန်း”

"လခွမ်းတဲ့မှပဲ” ယွဲ့ဟန် လုံးဝ ရှော့ခ်ရနေသည်။

ပုံမှန်ဆိုလျှင် သူ့အား ဤကဲ့သို့ ကြောက်ရွံ့စေသည့် တစ်စုံတစ်ယောက်ရှိပါက ထိုသူ၏ခြေထောက်ကို ရိုက်ချိုးလိုက်ရုံပင်။ သို့သော် ယခုတော့ သူသည် ထိတ်လန့်မှုကိုသာ ခံစားနေရ၏။ ဤအခြေအနေမှလွတ်မြောက်ရန် သူ နည်းလမ်းစဉ်းစားနေခဲ့သည်။

"ဟဲဟဲဟဲ"

ယွဲ့ဟန်ဟည် စွန်းဒုန်ဟမ်၏ကော်လံအား လွှတ်ပေးလိုက်ပြီး သပ်သပ်ရပ်ရပ်ပြင်ပေးလိုက်သည်။ ထို့နောက် ဖော်ရွေသည့်အပြုံးဖြင့် ပြော၏။ "ညီအစ်ကို မင်းလိုက်ဖ်လွှင့်နေတာကို ဘာလို့ ငါ့ကိုမပြောခဲ့တာလဲ။ ငါ လိုက်ဖ်စထွင်းတွေကို သဘောကျတယ်။ ခဏတိုင်း ကြည့်လေ့ရှိတယ်။ အစကတည်းက ပြောခဲ့ရင် ငါ တစ်ခုခုစီစဉ်ပေးမှာပေါ့။ မင်းရဲ့ လိုက်ဖ်စထွင်းမှာ ကြည့်ရှုသူ ဘယ်လောက်ရှိလဲ ငါ့ကိုပြပါဦး"

ပြောနေရင်းဖြင့် သူသည် ဖုန်းကို လှမ်းယူလိုက်၏။ စခရင်အား ကြည့်လိုက်ပြီးနောက် သူကိုယ်သူ ပြန်မြင်လိုက်ရပြီး ပြုံးကာ လက်ဝှေ့ယမ်းပြသည်။

"အားလုံးပဲ မင်္ဂလာပါ ငါက ယွဲ့ဟန်ပါ"

စွန်းဒုန်ဟာမ် အနည်းငယ် စိတ်ရှုပ်သွား၏။

ထို့ပြင် သူ၏စကားများမှာ အလွန်ဖော်ရွေရင်းနှီးနေလေသည်။

"ယီးပဲ သူမျက်နှာက မြန်လိုက်တာ"

"ယွဲ့ဟန် မင်း အစ်ကိုဒုန်ကို အနိုင်ကျင့်လို့မရဘူးကွ။ သူက အရမ်းအံ့ဩဖို့ကောင်းတဲ့သူပဲ"

"အစ်ကိုဒုန်ရဲ့ အစ်ကိုဖုန်းက ဒီကိုရောက်လာပြီ ဘယ်လိုလဲ မင်းကြောက်နေပြီလား"

"ဘယ်လောက်တဲ့ အရှက်မရှိတဲ့သူလဲ။ သူက ဘယ်သူကြီးလဲ။ ရုပ်ဆိုးလိုက်တာကွာ"

ယွဲ့ဟန်သည် စခရင်မှ ကောမန့်များကိုမြင်လိုက်ရသည့်အခါ မျက်နှာမှာ တောင့်တင်းသွား၏။

"ဟဲဟဲ အားလုံးပဲ မင်္ဂလာပါ"

ယွဲ့ဟန်သည် ခါးသီးစွာ ပြုံးလိုက်ပြီး ကင်မရာအား လက်ပြကာ စွန်းဒုန်ဟမ်ကို ဖုန်းပြန်ပေးလိုက်သည်။

စွန်းဒုန်ဟမ် ဖုန်းကိုယူလိုက်သည်နှင့် ကောမန့်များမှာ ချက်ချင်းပြောင်းလဲသွားသည်..

"အစ်ကိုဒုန်က အံ့ဩစရာပဲ"

"အစ်ကိုဒုန်က ကြောက်စရာအကောင်းဆုံးလူပဲကွ"

"ဒုန်ဟွမ် မင်းက အရမ်းချောတာပဲ"

ထိုအချိန်တွင် စွန်းဒုန်ဟမ်မှာ ကောမန့်များကိုကြည့်ရင်း စိတ်ရှုပ်ထွေးစွာ ပြုံးလိုက်သည်။ ထိုနောက် သူသည် ကားပေါ်မှဆင်းလာသည့် ကျောက်ဖုန်းအား ကင်မရာချိန်လိုက်သည်။

ကျောက်ဖုန်းနှင့် အားဟူ နှစ်ယောက်သာ လျှောက်လာခဲ့သော်လည်း အားလုံးက နောက်သို့ဆုတ်ပေးကြသည်။

ထိုသူသည် တောင်ပိုင်းခရိုင်၏အရှုံးဖြစ်သည်ကို သူတို့အားလုံး သိကြ၏။ သူ ပြဿနာရှာမည်လား မရှာဘူးလား မသိသည့်အတွက် သူတို့အားလုံး ကြောက်ရွံ့နေကြသည်။

ကျော်ကဖုန်းသည် ယွဲ့ဟန်နားသို့ လျှောက်လာ၏။ သူသည် ယွဲ့ဟန်ကဲ့သို့လူများအား မမုန်းချေ။ ယဉ်ကျေးစွာဖြင့်ပင် ခေါင်းညိတ်ပြလိုက်ပြီး ပြောလိုက်သည်။ "သခင်လေးယွဲ့ မင်းလည်းဒီရောက်နေတာပဲ”

"အင်း ငါအခုပဲရောက်တာလေ။ အားဖုန်း ဒီကိုဘာလာလုပ်တာလဲ။ ကြိုဆိုပါတယ်” ယွဲ့ဟန်က ပြုံးကာ ပြောသည်။

"သူဌေးက ကားပြိုင်ချင်လို့တဲ့လေ။ အဲဒါ အဆင်ပြေရဲ့လား” ကျောက်ဖုန်းက တိုက်ရိုက်ပင်မေးသည်။

"အခု..." ယွဲ့ဟန်က ဖန်းလဲ့အား ကြည့်ကာ စဉ်းစားလိုက်သည်။

...ငါ ဖန်းလဲ့ကို လှည့်စားလိုက်ရမလား...

ဖန်းလဲ့အား မစ္စတာကျန်းနှင့် ပြဿနာဖြစ်စေကာ ကြောက်ရွံ့မှုအရသာကို မြည်းစမ်းစေရမည့်အချိန်ကောင်း ဖြစ်သည်။

-အခန်း(၃၁၇) ပြီး

wunzinnosp

## အခန်း(၃၁၈) ပြိုင်ပွဲဖျက်သိမ်းရန် အခွင့်အရေးကိုအသုံးချခြင်း

"မြန်မြန်လုပ်ကွာ။ မင်းပြိုင်ဖို့ ကြောက်နေပြီလား" ဖန်းလဲ့က ဘယ်ဘက်ရှိ စခရင်အားမျက်နှာမူကာ အော်ပြောလိုက်သည်။

သူ၏အသံက ယွဲ့ဟန်၏အတွေးများကို ယောက်ယက်ခတ်သွားစေသည်။

..သူတို့အချင်းချင်း ရန်ဖြစ်အောင် လုပ်ရမလား…

ယွဲ့ဟန် မဆုံးဖြတ်နိုင်ဖြစ်နေသည်။

…သူတို့က ငတုံးတွေမှမဟုတ်တာ အချင်းချင်း ပြဿနာဖြစ်အောင် ငါလုပ်နေတယ်ဆိုတာ သိမှာပဲ…

…မစ္စတာကျန်း ငါ့ကို ဒေါသထွက်အောင် လုပ်မိသွားရင် ဘယ်လိုလုပ်မလဲ…

…အိုး မဖြစ်ဘူး…

…ငါမလုပ်နိုင်ဘူး…

…ငါ သူ့ကို စိတ်ကွက်သွားအောင် လုပ်လို့မဖြစ်ဘူး…

…မစ္စတာကျန်းသာ ဒေါသထွက်သွားရင် ငါ အဆုံးသတ်ကောင်းမှာ မဟုတ်ဘူး။ ထန်ကျန့်က အကောင်းဆုံး ဥပမာပဲ…

ထို့ကြောင့် ယဲ့ဟန်မှာ သူ၏အကြံကို ပယ်ဖျက်လိုက်သည်။

ထိုနောက် အနည်းဆုံးတော့ ယွမ်ဆယ်သန်းတန် အလောင်းအစားအား ပယ်ဖျက်ရန် ဤအခွင့်အရေးကို အသုံးချနိုင်သည်ဟု သူထင်လိုက်သည်။

"ကောင်းပြီ ကောင်းပြီ ဖန်းလဲ့ ဒီနေ့ မင်းကးံကောင်းသွားတယ်။ ငါ့ရဲ့ အထူးဧည့်သည်ရောက်လာပြီ။ ငါမင်းကို အရင်လွှတ်ပေးလိုက်မယ်” ယဲ့ဟန်က ကျယ်လောင်စွာပြောကာ လက်ကိုဝှေ့ယမ်းလိုက်သည်။

"ဟေး ဘာသဘောလဲ။ ဒီပြိုင်ပွဲကို ဖျက်မယ်လို့ ပြောတာလား” ဖန်းလဲ့၏မျက်လုံးများ ပြူးကျယ်သွားသည်။

"ငါ မင်းနဲ့အဓိပ္ပာယ်မရှိတာတွေ ပြောဖို့ စိတ်မဝင်စားဘူး” ယဲ့ဟန်က သူ့အား အေးစက်စွာကြည့်လိုက်ပြီးနောက် ကျောက်ဖုန်းအား လှည့်ကြည့်လိုက်သည်။ သူ ချက်ချင်း ပြုံးကာ "အားဖုန်း ငါ မစ္စတာကျန်းကို နှုတ်ဆက်ဦးမယ်”

"ကောင်းပြီ" ကျောက်ဖုန်းက ခေါင်းညိတ်ကာ ယွဲ့ဟန်အား စျေးပေါသည့် ပန်ဒါကားဆီသို့ ခေါ်သွားသည်။

ဖန်းလဲ့ မျက်ခုံးပင့်လိုက်၏။ ယွဲ့ဟန်၏အမူအရာများမြင်လိုက်ရသည့်အခါ သူအနည်းငယ် အံ့သြသွားကာ တွေးလိုက်မိသည်။

...ယွဲ့ဟန်က အမြဲတမ်း မာနကြီးပြီး မောက်မာနေတာ။ အခု သူက ယဉ်ကျေးလွန်းနေပါလား...

"သူက ဘယ်သူလဲ" ဖန်းလဲ့က သူ၏ဘေးမှလူများကို မေးလိုက်သည်။

"သူ့နာမည်က ကျောက်ဖုန်းပါ။ သူက တောင်ပိုင်းခရိုင် ရုံးဟဲဂိုဏ်းမှာ ပထမအဆင့်ရှိတယ်။ တချို့က သူ့ကို အရူးလို့ခေါ်ကြတယ်။ သူက တကယ်ကြောက်ဖို့ကောင်းတဲ့သူပဲ" ကျန့်ချန်ယုက အသံတိုးတိုးဖြင့် ပြန်ဖြေသည်။ "သူက မြေအောက်

လောကကနေထွက်သွားပြီးတော့ သူဌေးတစ်ယောက်ရဲ့ နောက်လိုက်သွားတယ်လို့ ကြားတယ်။ အဲဒီအချိန် တောင်ပိုင်း ခရိုင်က မြေအောက်ဂိုဏ်းတွေ ကမောက်ကမဖြစ်ကုန်ကြတာ။ ယွဲ့ဟန်၊ ရှားရှန်ဟောင်နဲ့ ဒုန်တျန်းဖန်းတို့အားလုံး အဲဒီမှာ ရှိကြ တယ်။ ကျောက်ဖုန်းက သူတို့ကို ထိပ်တိုက်ရင်ဆိုင်ပြီး အချင်းချင်း တိုက်ခိုက်နေကြပေမယ့် ဆုံးဖြတ်ချက်မချနိုင်ဘဲ ပြီးသွားခဲ့တယ်။ ပြောကြတာတော့ ကျောက်ဖုန်းရဲ့သူဌေးက အဲဒီပြဿနာကို ရပ်တန့်လိုက်တယ်တဲ့။ ကျွန်တော်လည်း အသေးစိတ်တော့ မသိဘူး”

"အိုး” ဖန်းလဲ့ မျက်မှောင်ကြုတ်သွားသည်။ “သူက သူ့ ကိုယ်ပိုင်စွမ်းအားနဲ့ ဂိုဏ်းသုံးခုရဲ့အင်အားကို ဖြိုခွင်းခဲ့တာပေါ့။ ငါအဲဒီလူအကြောင်း မကြားဖူးဘူး။ အဒါကောလဟာလတဟ်ခု မဟုတ်ဘူးလား။ ဘာဖြစ်နေလဲ အရင်ကြည့်လိုက်ရအောင်”

"အင်း” ကျန့်ချန်ယု ခေါင်းညိတ်လိုက်သည်။

လူတိုင်း၏အကြည့်အောက်တွင် ယွဲ့ဟန်သည် ပန်ဒါကား ပြတင်းပေါက်ဆီသို့ ကျောက်ဖုန်း၏နောက်မှလိုက်သွားခဲ့သည်။

ကျန်းဟန်သည် ပြတင်းပေါက်မှန်အား ချလိုက်ပြီး ဘာမှမပြောဘဲ ယွဲ့ဟန်အား စိုက်ကြည့်လိုက်သည်။

"အဟမ်း မင်္ဂလာပါ မစ္စတာကျန်း" ယွဲ့ဟန်က ပြောသည်။

"အင်း ငါကားပြိုင်ချင်လို့။ အခု မင်းအတွက် အဆင်ပြေရဲ့လား" ကျန်းဟန်က မေးသည်။

ကျန်းဟန်အား ကြောက်ရွံ့သည့်အတွက်သာမက သူ၏ယွမ်ဆယ်သန်းလည်း မဆုံးရှုံးချင်သည့်အတွက် သူခေါင်းညိတ်ကာ ပြန်ဖြေသည်။

"ငါအခု ဘာမှမလုပ်ပါဘူး။ မစ္စတာကျန်းပြိုင်မယ်ဆိုတော့ ငါဝမ်းသာတာပေါ့"

ပြောပြီးသည်နှင့် သူသည် အနီးအနားရှိ လက်အောက်ငယ်သားကို လက်ဖွေ့ယမ်းကာ ပြောလိုက်သည်။ "ကားကိုရွှေ့ပြီး မစ္စတာကျန်းအတွက် လမ်းဖယ်ပေးလိုက်”

ထိုကားလေးမှာ ချစ်ဖို့ကောင်းသော်လည်း သူ့ကားထက် နိမ့်လေသည်။ ထို့ကြောင့် သူ ခဏလောက်စဉ်းစားကာ ပြောလိုက်သည်။

"မစ္စတာကျန်း မင်း ငါ့ကို မောင်းမလား”

ကျန်းဟန် အေးခဲသွားသည်။

သူသည် အရှိန်အဟုန်နှင့် စိတ်လှုပ်ရှားမှုအား လိုချင်ခဲ့သည်။ ထို့ကြောင့် စူပါပြိုင်ကားတစ်စီးအား မောင်းနှင်ရသည်က ပို၍ကောင်းမည်ဟု ခံစားမိသည်။ ထို့ကြောင့် ကျန်းဟန် ခေါင်းညိတ်ကာ ပြောလိုက်သည်။ "ကောင်းပြီလေ”

"ဒါဆို ဒီမှာ ငါ့ကားသော့ပါ မစ္စတာကျန်း”

ယွဲ့ဟန်သည် သူ၏ကိုယ်ပိုင် Auston Martin ကားသော့အား လွှဲပေးလိုက်သည်။ တစ်ချိန်တည်းမှာပင် သူ၏ကားလေး ပျက်စီးသွားခဲ့ပါက နှလုံးကြေကွဲရမည့်အတွက် ကျန်းဟန် ကားကောင်းကောင်းမောင်းနိုင်ဖို့သာ ဆုတောင်းနေခဲ့သည်။

ကျန်းဟန်သည် ကားသော့ကိုယူကာ ပန်ဒါကားထဲမှ ထွက်လာ၏။ ယွဲ့ဟန်၏လမ်းညွှန်မှုဖြင့် သူသည် မီးခိုးရောင် Auston Martin one77 ကားဆီသို့ လျှောက်သွားသည်။

အဖြစ်အပျက်အား မြင်သည့်အခါ ပတ်ဝန်းကျင်ရှိ လူများမှာ အံ့သြတုန်လှုပ်သွားကြသည်။

"မင်းတို့မြင်လား။ ငါ့သူဌေးက အရမ်းအံ့သြဖို့ကောင်းတယ်…" စွန်းဒုန်ဟမ်သည် ကျန်းဟန်အား ခတ်ပုံအနည်းငယ် ရိုက်ယူလိုက်ပြီး စိတ်လှုပ်ရှားစွာ ပြောသည်။

"ဘာ… ယွဲ့ဟန်က သူ့ကားကို တခြားလူမောင်းခွင့် ပေးလိုက်တာလား" ဖန်းလဲ့ မျက်ခုံးပင့်သွား၏။

"သူက ဘယ်ကလာတာလဲ။ ငါသူ့ကို အရင်က မတွေ့ဖူးပါဘူး။ ပြီးတော့ သူ့ဘေးက ကောင်မလေးက တော်တော်လှတယ်" ဖန်းလဲ့၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

"ဘာ" ထိုအခိုက်တွင် ဖန်းလဲ့၏နောက်မှ အော်သံများထွက်လာသည်။ "အဲဒါ ဟိုလူငယ်စုံတွဲမဟုတ်လား။ ချီးပဲ"

"ဘုရားရေ သူတို့က တော်တော်ကြောက်စရာကောင်းတာပြ။ ယွဲ့ဟန်က သူတို့ကို တော်တော်လေး လိုက်လျောနေတယ်။ သူတို့က သေချာပေါက် စွမ်းအားကြီးရမယ်" ကျန့်ချန်ယုပြောသည်။

ဤအခိုက်တွင် သူ ထိတ်လန့်သွား၏။ ကံကောင်းစွာဖြင့် သူသည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည့်လူတစ်ယောက်ဖြစ်သည်။ မဟုတ်ပါက သူသည် ထိုသို့သောပုဂ္ဂိုလ်အား ရန်စမိပြီး ဆိုးဆိုးရွားရွား အဆုံးသတ်ရပေလိမ့်မည်။

...လခွမ်း အဲဒီအလှလေးရဲ့ရည်းစားက တကယ်သာမန်လူမဟုတ်ဘူး... သူတွေးလိုက်၏။

"ဟဲလို" ဟွမ်ဝမ်က ရွှင်မြူးစွာဖြင့် လှမ်းအော်လိုက်သည်။ ကျန်းဟန်နှင့် ဇီယန် လှမ်းကြည့်သည်ကို မြင်လိုက်ပြီးနောက် သူသည် သူ့ခေါင်းသူပုတ်လိုက်၏။

"ငါပါ။ နေရောင်ပြန်တဲ့တစ်ယောက်လေ။ တိုက်ဆိုင်တယ်နော်" ဟွမ်ဝမ်က လက်ပြကာ ပြောလိုက်သည်။

လူငယ်စုံတွဲက ပြုံးပြသည်ကို တွေ့လိုက်ရပြီးနောက် ဟွမ်ဝမ် ရယ်မောကာ ပြောသည်။ "သခင်လေးလဲ့ အဲဒီစုံတွဲကို မနက်က တွေ့ခဲ့တယ်။ သူတို့က အံ့ဩဖို့ကောင်းတယ်။ အဲဒီလူချောက ရှူးလောက်တဲ့ ရေလှိုင်းစီးစကေးရှိတယ်။ သူက သူ့ကောင်မလေးကိုရင်ခွင်ထဲပွေ့ပြီး ၁၈ မီတာမြင့်တဲ့ လှိုင်းလုံးကြီးတွေ စီးခဲ့တာ။ အရမ်းမိုက်တယ်"

"အိုး သူတို့ ဘယ်သူလဲ မင်းသိလား" ဖန်းလဲ မေးသည်။

"အဲဒါတော့ ကျွန်တော် မသိဘူး"

"မင်းမသိရင် ဘာလို့ အဓိပ္ပာယ်မရှိတာတွေ ပြောနေသေးလဲ။ အဲဒီကောင်က ငါ့ကို ယွမ်ဆယ်သန်းဆုံးရှုံးအောင်လုပ်သွားတာ မင်းသိလား" ဖန်းလဲ့က ဟွမ်ဝမ်၏ခေါင်းအား ပုတ်လိုက်သည်။

နောက်ဆုံးတွင် သူသည် ယဲ့ဟန်အား ရိုက်ချရန် အခွင့်အရေးရခဲ့ပါသော်လည်း ထိုအမည်မသိလူက ရွှေအခွင့်အရေးကို ဖျက်ဆီးသွားသည်။

သို့သော် ထိုလူသည် အာဏာရှိနိုင်သည့်အတွက် ဘာတွေဖြစ်လာမလဲ သူစောင့်ကြည့်ရန် ရည်ရွယ်ထားသည်။

လူတိုင်း၏အကြည့်အောက်တွင် ကျန်းဟန်နှင့် ဇီယန်သည် Auston Martin ကားထဲသို့ ဝင်သွား၏။

ယဲ့ဟန်က ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသည့် ကားနှစ်စီးအား လက်ဝှေ့ယမ်းပြကာ ပြောလိုက်သည်။ "မင်းလမ်းပေါ်က ဖယ်လိုက်တော့။ အခု မင်းပြိုင်ဖို့မလိုတော့ဘူး"

မြောက်ပိုင်းဘုရင်က နာနာခံခံပင် တုံ့ဆိုင်းခြင်းမရှိ မောင်း ထွက်လိုက်သည်။ သူ ကားပေါ်မှ ဆင်းလာပြီးနောက် ယွဲ့ဟန် ဆီသို့ လျှောက်လာ၏။

ယွဲ့ဟန်က သူ့အား လက်ဝှေ့ယမ်းပြကာ "ရှောင်ဝူ သူ့ကို ပြန်ပို့ပေးလိုက်။ ငါတို့ ဒီနေ့ မပြိုင်ဘူး"

"ယွဲ့ဟန် မင်းအရှက်မရှိဘူးလား"

စူပါကားနှစ်စီးက ဘေးသို့ ထွက်သွားပြီးနောက် ဖန်း လွဲ၏ကားနှင့် Auston Martin ကားက ကားတန်းရှေ့သို့ ရောက်လာခဲ့သည်။

အရပ်ရှည်ရှည် မိန်းမလှလေးသည် လက်ထဲတွင် အလံကို ကိုင်ကာ ပြိုင်ကွင်းဆီသို့ ပြေးလာသည်။

သို့သော် သူမ ရှေ့သို့ ငါးလှမ်းခန့်လျှောက်ပြီး လမ်း၏အစွန်းသို့ မရောက်သေးခင်မှာပင် Auston Martin ၏အင်ဂျင်ပေါက်သံအား ကြားလိုက်ရသည်။

ကားတာယာများမှာ မြေပြင်အား ကြမ်းတမ်းစွာ ပွတ်တိုက်ပြီးနောက် အရှိန်ပြင်းစွာဖြင့် ထွက်ခွာသွားသည်။ စက္ကန့်အနည်းငယ်အတွင်းမှာပင် Auston Martin မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့၏။

အားလုံးမှာ ဖြစ်ပျက်နေသည်များကို ကြည့်ရန် မော်နီတာများရှိရာသို့ အမြန်ပြေးသွားကြ၏။

"အရမ်းမြန်တာပဲ"

"သူ့ရဲ့အမြန်နှုန်းက တကယ်အံ့ဩစရာပဲ"

ကျောက်ဖုန်း၊ အားဟူနှင့် ယွဲ့ဟန်တို့သည် မော်နီတာဆီသို့ လျှောက်လာကြသည်။

"ယွဲ့ဟန် မင်းက အခွင့်အရေးကို ကောင်းကောင်းအသုံးချတတ်တာပဲ။ ဟားဟား..." ဖန်းလဲ့က မလှောင်ပြောင်ဘဲ မနေနိုင်ချေ။

"မစ္စတာကျန်း ဒီမှာရှိတုန်း သူ့ကိုနေရာမပေးရင် ငါရူးရာကျမှာပေါ့။ မင်းမကျေနပ်ရင် မစ္စတာကျန်းကို စကားပြောလို့ရတယ်။ ဒါမှမဟုတ် ငါ့ဘေးမှာရပ်နေတဲ့ အားဖုန်းကို ပြောလို့ရတယ်" ယွဲ့ဟန်က ခွန်းတုံ့ပြန်သည်။

-အခန်း(၃၁၇)ပြီး

wunzinnosp

## အခန်း(၃၁၈) အလကားလား

"မစ္စတာကျန်းလား။ မင်း သူ့ကို တော်တော်လေးစားနေပါလား။ မစ္စတာကျန်းက မင်းအဖေလား" ဖန်းလဲ့ လှောင်ရယ်လိုက်သည်။

ကျောက်ဖုန်းက သူ့အား စက္ကန့်အနည်းငယ်ခန့် စိုက်ကြည့်လိုက်သည်။ သူ၏မျက်ခုံးများ အနည်းငယ်တွန့်သွားသော်လည်း ဘာမှမပြောချေ။

"သောက်ပိုတွေပြောမနေနဲ့။ မင်းပြိုင်ချင်ရင် ငါတို့နောက်နေ့လာပြိုင်မယ်” ယွဲ့ဟန်က ဖန်းလဲ့အား စိုက်ကြည့်လိုက်သည်။ ယနေ့ သူ ဒီကောင်နှင့် စကားမပြောချင်ချေ။ ထို့ကြောင့် ကျောက်ဖုန်းအား လှည့်ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။ "မင်း ကုမ္ပဏီအသစ်တစ်ခုစလုပ်တော့မယ်လို့ကြားတယ်။ အဲဒါ လဆန်းပင်လယ်ကွေ့က စီဘီဒီအဆောက်အဦးဟောင်းမှာမလား”

ကျောက်ဖုန်းက ခေါင်းညိတ်ကာ စကားပြောရန်ဟလိုက်၏။

ဖန်းလဲ့က ပြုံးလိုက်ပြီး အထင်သေးဟန်ဖြင့် ပြောသည်။ "မင်းက တကယ်ကြွားလုံးထုတ်တတ်တာပဲ။ လဆန်းပင်လယ်ကွေ့က စီဘီဒီအဆောက်အဦးဟောင်းကို ဥက္ကဋ္ဌလျို ပိုင်တယ်ဆိုတာ လူတိုင်းသိတယ်။ ရယ်စရာတွေပြောစမ်းပါနဲ့။ တစ်ခြားတစ်နေရာရာမှာလို့ပြောရင်တောင် ငါယုံဦးမယ်”

"မင်းဘာပြောလိုက်တာလဲ" အားဟူက သူ့အား စိုက်ကြည့်ကာ မေးသည်။

ကျောက်ဖုန်း အနည်းငယ် မျက်မှောင်ကြုတ်ကာ ဖန်းလဲ့ဆီသို့ လျှောက်လာ၏။

သူလှုပ်ရှားလိုက်သည်နှင့် ဖန်းလဲ့၏ပတ်လည်ရှိလူများအားလုံး သတိအနေအထားဖြစ်သွားပြီး ရှေ့သို့အနည်းငယ် တိုးလာကြသည်။

ယွဲ့ဟန်မှာ အလွန်ရယ်စရာကောင်းနေသည်အား တွေ့လိုက်ရ၏။ သူသည် ဖန်းလဲ့အား ခက်ခဲအောင်လုပ်ရန် မရည်ရွယ်ထားသော်လည်း ထိုကောင်က သူ့ဘာသာသူ ပြဿနာရှာလောက်အောင် သူကံကောင်းလိမ့်မည်ဟု မထင်ထားချေ။

"လခွမ်း အစ်ကိုဖုန်းကို ဘယ်လိုတောင် မင်းက စော်ကားရဲတာလဲ" နောက်ဘက်ရှိ စွန်းဒုန်ဟမ်သည် အသံတိုးတိုးဖြင့် ရေရွတ်လိုက်၏။ ထိုနောက် သူသည် ရှေ့သို့ တက်လာသည်။

သူသည် ကျောက်ဖုန်း၏နောက်တွင် သစ္စာရှိတပည့်တစ်ယောက်ပမာ ရပ်နေသည်။

စောစောက သူရပ်နေသည့်နေရာတွင် လုယင်က သူမ၏ဖုန်းကိုထုတ်လိုက်သည်။ သူမသည် ကင်မရာကိုဖွင့်ကာ တိုးတိုးလေးပြော၏။ "ကြည့်စမ်း သူတို့စကားများနေကြတယ်။ အရမ်းကြောက်စရာကောင်းတာပဲ....”

ကျောက်ဖုန်းသည် သူ၏အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကာ ခလုတ်အချို့အား နှိပ်လိုက်၏။

ကျောက်ဖုန်းတစ်ယောက်တည်း၏ရှေ့တွင်ရပ်နေရသော်လည်း ဖန်းလဲ့မှာ လှုပ်ပင်မလှုပ်ဝံ့ချေ။

"ဒါ လျိုချင်းဖုန်းရဲ့ နံပါတ်ပဲ။ မင်းသူ့ကို ဖုန်းဆက်ပြီး မေးလို့ရတယ်” ကျောက်ဖုန်းက ဖန်းလဲ့အား စိုက်ကြည့်ကာ ဖုန်းကို ထိုးလေးလိုက်၏။

ဖန်းလှဲ့ အံ့ကိုကြိတ်ကာ ဒေါသကိုထိန်း၍ ဖုန်းအား ကြည့်လိုက်သည်။ စခရင်ပေါ်ရှိ လျိုချင်းဖုန်း၏နာမည်နှင့် နံပါတ်များကို မြင်လိုက်ရသည့်အခါ သူ၏အမူအရာမှာ အနည်းငယ်ပြောင်းလဲသွားသည်။

သူတို့ပြောသည်မှာ အမှန်ဖြစ်ခဲ့ပါက သူတို့က စီးပွားရေးပါတနာများ ဖြစ်ရပေမည်။ ကျောက်ဖုန်းသာ ဥက္ကဌလျိုနှင့် ပူပေါင်းခဲ့ပါက...

ဖန်းလှဲ့၏မျက်နှာမှာ နီရဲလာသည်။ သူအနည်းငယ်ထိတ်လန့်သွား၏။ ကံကောင်းစွာဖြင့် သူသည် ခေါင်းမာသူတစ်ယောက်မဟုတ်ချေ။ ၎င်းကိုမြင်ပြီးနောက်တွင် ကျောက်ဖုန်းအား ပြုံးကာ ခေါင်းညိတ်ပြ၍ ပြောလိုက်၏။

"မစ္စတာကျောက် ငါတောင်းပန်ပါတယ်။ ငါ ယွဲ့ဟန်ကိုလှောင်ပြောင်ချင်ရုံပါပဲ။ ငါ့စကားက မင်းကို စိတ်အနှောင့်အယှက်ဖြစ်စေဖို့ ဆိုလိုတာမဟုတ်ပါဘူး။ တောင်းပန်ပါတယ်”

ကျောက်ဖုန်းက သူ့အား တစ်ချက်ကြည့်ကာ ဖုန်းကို ပြန်ယူ၍ နောက်သို့ပြန်လျှောက်လာသည်။

ဖန်းလဲ့ရုက်ရှဲ့သွားကာ ဤနေရာမှ ထွက်သွားချင်လာ၏။

ဘွန်း...ဘွန်း...ဘွန်း....

ကြယ်နီတောင်ပေါ်မှ ကျယ်လောင်သည့်အသံတစ်ခု ထွက်ပေါ်လာသည်။ သူ မော်နီတာစခရင်အား လှည့်ကြည့် လိုက်ရာ Auston Martin သည် တောင်ခြေရင်းကို ဖြတ်ကျော် ကာ ရှုပ်ထွေးပွေလီသည့် လမ်းများပေါ်၌ ဒရစ်ဖ်ဆွဲနေသည်ကို တွေ့လိုက်ရသည်။

ကား၏လှပလွန်းသည့် အကွေ့အပြောင်း လှုပ်ရှားမှုများ နှင့် ရှုပ်ယှက်ခတ်နေသည့် ဒရစ်ဖ်ဆွဲပုံအမျိုးမျိုးကို ကြည့်ရင်း လူတိုင်း မျက်တောင်ခတ်ဖို့ပင် မေ့လျော့သွားကြသည်။

"ငါ့လခွမ်း မစ္စတာကျန်းက တောင်ပေါ်သွားနေပြီလား" ယဲ့ဟန် အံ့သြသွားပြီး စိတ်ထဲတွင် တွေးလိုက်သည်...

...ငါ့ရဲ့ အဖိုးတန်ကားလေး။ ကျေးဇူးပြုပြီး ဘာမှ မခြစ်မိပါစေနဲ့ဗျာ...

သူသည် အခြား ဘာကိုမှဂရုမစိုက်ချေ။ သူ၏ကားလေး ဆိုးဆိုးရွားရွားမဖြစ်သွားစေဖို့သာ မျှော်လင့်ပေသည်။

ထိုနောက် သူ၏အာရုံသည် နောက်ဆုံး ဒရစ်ဖ်အပေါ်သို့ အာရုံစူးစိုက်နေ၏။

"မစ္စတာကျန်းရဲ့ ကားမောင်းစွမ်းရည်က တကယ့်အံ့မခန်းပဲ” ယဲ့ဟန် မျက်လုံးပြူးကာ အော်ဟစ်လိုက်မိ၏။ "အရမ်းမြန်လွန်းတယ်”

မြင်ကွင်းကိုကြည့်ရင်း ဆွံ့အနေသူက သူတစ်ဦးတည်း မဟုတ်ချေ။ အခြား ကြည့်ရှုနေသူများလည်း မအော်ဟစ်ဘဲ မနေနိုင်ကြချေ။

"သူက အရှိန်မလျှော့ဘဲ ကွေ့ရဲတာလား”

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ”

"မြန်လွန်းတယ်။ ဖြစ်နိုင်ပါ့မလား"

ဖန်းလဲ့နှင့် သူ၏လူများပင် အနည်းငယ် ထိတ်လန့်သွား၏။

ဖန်းလဲ့က စခရင်အား အံ့သြတကြီးကြည့်ရင်း ရေရွတ်လိုက်သည်။ "ဘာလို့ ပြိုင်ကားနတ်ဘုရားကို ကြည့်နေရတယ်လို့ ခံစားနေရတာလဲ"

တောင်ပေါ်လမ်းကိုဖြတ်၍မောင်းနေသော Auston Martin ကားကိုကြည့်ရင်း ဟာ့တ်၏အမူအရာမှာ အနည်းငယ်ပြောင်းလဲသွားသည်။ အစပိုင်းတွင် သူအလွန်တည်ငြိမ်နေခဲ့၏။ ထိုနောက် ဒရစ်ဖ်ဆွဲသည့် စကေးများကို မြင်လိုက်ရသည့်အခါ အံ့သြသွားလေသကျန့်ချန်ယု ပြောသည်။

"ဒီလိုမိန်းမလှလေးရဲ့ နှလုံးသားကို သူ အနိုင်ယူနိုင်တာ အံ့သြစရာမရှိပါဘူး။ သူ့ရဲ့ အထောက်အထားကို ဘေးဖယ်ထားလိုက်ဦး။ သူ့ရဲ့ ရေလွှာလျှောစီးတဲ့စကေး ဒါမဟုတ် ပြိုင်ကားမောင်းတဲ့စကေးနဲ့တင် မိန်းကလေးတော်တော်များ

များရဲ့ နှလုံးသားကို ဖမ်းစားနိုင်မှာ” ဟွမ်ဝမ်က ပြောင်နေသည့် သူ့ခေါင်းကို ကိုင်ကာ ပြောသည်။

ရှိနေသည့်လူအားလုံးမှာ အံ့သြမှင်သက်နေကြသည်။

လျှင်မြန်စွာရွေ့လျားနေသော စူပါပြိုင်ကားထံမှ အင်ဂျင် ပေါက်ကွဲသံများကိုလည်း ကြားနေရသည်။

"ဝိုး”

"ရေး...”

"အား...”

"ဝူး....”

ဗီယန်သည် တစ်ခါတစ်ရံ အော်ဟစ်နေတာ တစ်ခါတစ်ရံ ရွှင်မြူး၍ရယ်မောနေ၏။ သူမ၏နှလုံးသားက လည်ချောင်းထဲမှ ခုန်ထွက်လာတော့မလို ခံစားနေရသည်။

လမ်းဖြောင့်ပေါ်တွင် မောင်းနှင်သည့်အချိန်၌ အရှိန် အလွန်မြန်သော်လည်း ဇီယန် မကြောက်ရွံ့ခဲ့ချေ။ အစပိုင်းတွင် သူမ ပတ်ဝန်းကျင်အား လိုက်ကြည့်နေခဲ့သေး၏။ သို့သော် ကျန်းဟန် တောင်ခြေရင်းသို့ မောင်းလာသည့်အချိန်တွင် ကား မှာ အဆက်မပြတ် ဒရစ်ဖ်ဆွဲလာခဲ့လေသည်။

ထိုနောက် သူသည် ရှုပ်သွပ်လောက်သော အတွေ့အကြုံကို စတင်ခံစားလာရ၏။

အချို့သော အကွေ့အကောက်များမှာ ချောက်ကမ်းပါး ပေါ်တွင်ရှိပြီး ကားသည် ၎င်းတို့၏အစွန်း၌ ဒရစ်ဖ်ဆွဲနေခဲ့ သည်။ တစ်ခါတစ်ရံ သူတို့ ပြုတ်ကျပြီဟုပင် ခံစားရ၏။ အချို့ သော လမ်းကွေ့များမှာ တောင်များနှင့် အလွန်နီးကပ် သည့်အတွက် ကားမှာ တောင်နံရံသို့ ဝင်ဆောင့်တော့မတတ် ပင်။ ဇီယန်မှာ အလွန်ကြောက်လန့်ကာ မျက်လုံးများကိုမှိတ်၍ အော်ဟစ်နေလိုက်၏။ သို့သော် သူမ မျက်လုံးဖွင့်ကြည့်လိုက်

သည့်အချိန်တွင် ကားသည် နောက်ထပ် လမ်းကွေ့တစ်ခုသို့ ရောက်ရှိနေပြီဖြစ်သည်။

ငင်းကား ရိုလာကိုစတာစီးနေရသကဲ့သို့ပင်။ သို့သော် မတော်တဆမှုဖြစ်စေနိုင်သည့် ဤကဲ့သို့သော ဒရစ်ဖ်ဆွဲခြင်းမျိုးက လူအများစုအား ထိတ်လန့်ကြောက်ရွံ့စေမည်ဖြစ်သည်။

ဘွန်း...ဘွန်း...

နောက်ဆုံး အကွေ့ကြီးသို့ ဖြတ်ကျော်ပြီးနောက် ကျန်းဟန်သည် အရှိန်လျှော့လိုက်၏။

"နောက်တစ်ကွေ့ပြီးရင်တော့ ပြီးပါပြီ" ကျန်းဟန်က ဇီယန်အား စိုက်ကြည့်ကာ ပြုံးလိုက်သည်။ "မင်း ဒီလောက်သတ္တိရှိလိမ့်မယ်လို့ မထင်ထားဘူး"

ဇီယန် အသက်ရှူထုတ်လိုက်၏။ သူမ ရင်ဘတ်အား ဖိတ်ကာ "ကျွန်မ အရမ်းစိတ်လှုပ်ရှားနေတာ။ သတ္တိရှိတာမဟုတ်

ဘူး။ ကျွန်မ ရှင့်ကို ယုံကြည်ရုံပဲ။ တခြားတစ်ယောက်သာဆို ရင် ကျွန်မ ကားပေါ်လိုက်ထိုင်မှာ မဟုတ်ဘူး”

"ရှင်ကားမောင်းတာ အရမ်းတော်တယ်” ဇီယန်က ပြော နေရင်းဖြင့် အနည်းငယ် စိတ်လှုပ်ရှားလာသည်။

"ကိုယ်က သိပ်ပြီးမဆိုးပါဘူး။ ကိုယ့်ကို အာရှကားဘုရင် ကြီးတစ်ယောက်က တစ်နှစ်ကျော်လောက် သင်ပေးခဲ့တာ။ ဒရ စ်ဖ်ဆွဲတာက အရမ်းကို ရိုးရှင်းပါတယ်။ အကြောက်တရားကို ကျော်လွှားပြီး အရှိန်နဲ့ ကားရဲ့လှုပ်ရှားမှုကို ထိန်းချုပ်တာပဲ” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြောသည်။ "ခဏလောက်ပဲ သင်ယူ လိုက်ရင် မင်း ရိုးရှင်းတဲ့လှုပ်ရှားမှုလေးတွေ လုပ်နိုင်ပါတယ်။ စိတ်ဝင်စားရင် ကိုယ်သင်ပေးမယ်လေ”

"ကျွန်မ မသင်တတ်ပါဘူး။ ကျွန်မက ကားမောင်းလေ့မရှိ ဘူး” ဇီယန်က ပြုံးကာ ပြန်ဖြေသည်။

"ကိုယ်တစ်ခုစဉ်းစားနေတာ”

"ဘာလဲ" ဇီယန် စိတ်ဝင်တစားမေးသည်။

"ချိုးမင်တောင်ပေါ်မှ လူနည်းနည်းပဲရှိတာ။ ဒီကို တော်တော်များများ ပြိုင်ကားမောင်းလာကြတယ်။ အခုထိ လမ်းတွေက ရှိနေတုန်းပဲ။ ဒါပေမယ့် ကားသမားတွေတော့ မရှိဘူး" ကျန်းဟန် ပြုံးလိုက်သည်။

"အမ်" ဇီယန် ခေါင်းရှုပ်သွား၏။ ထိုနောက်တွင်မှ သူမ၏မျက်လုံးများ တောက်ပလာကာ နှုတ်ခမ်းလေးစူ၍ ရက်ကိုးရက်ကန်းပြောလိုက်သည်။ "ကားဆရာ ကျွန်မကို ရှင်နဲ့ခေါ်သွားပေးပါ"

"အာ..." ကျန်းဟန် ကြောင်အသွား၏။

"မင်းအရမ်းချစ်စရာကောင်းတယ် ကိုယ်မနေနိုင်တော့ဘူး..." ကျန်းဟန် သွေးဆောင်ခံလိုက်ရသည်။ "ဒီလိုဟာတွေ မင်းဘယ်ကနေ တတ်လာတာလဲ"

"အမ်မာ ကျွန်မ အကုန်လုံးသိပါတယ်နော်။ တခြား မိန်းကလေးတွေ ဒီလိုမျိုးပြောတတ်တာ ကျွန်မ အင်တာနက် မှာ အမြဲတွေ့တယ်” ဧယန် လျှာလေးကိုထုတ်ကာ ပြော လိုက်၏။

သူတို့နှစ်ယောက် ကားကိုပြန်မောင်းလာရင်း စကားပြော လာကြသည်။

ယခု ကလပ်ရှေ့တွင် လူအများစုမှာ မတ်တပ်ရပ်ကာ အုံသြမှင်တက်နေကြဆဲဖြစ်သည်။

အထူးသဖြင့် ကားဘုရင်ဟာ့တ်မှာ ကျန်းဟန်ကြောင့် လုံး ဝ မှင်တက်နေခဲ့၏။ ပြန်တော့မည့် ဖန်းလဲ့မှာလည်း နေရာတွင် ပင် တိတ်ဆိတ်စွာ ရပ်နေလေသည်။ သူ၏နောက်တွင်တော့ ကျန့်ချန်ယုနှင့် ဟွမ်ဝမ်မှာ ခေါင်းတယမ်းယမ်းဖြင့် ဘာပြောလို့ ပြောရမှန်းမသိဖြစ်နေကြသည်။

သူ့တွင် အလွန်ကောင်းမွန်သော ရေလွှာလျှောစီးစကေး နှင့် ကားမောင်းစကေးရှိကာ လူမှုအဆင့်အတန်းလည်း မြင့်မား

ပုံရသည်။ ဤကဲ့သို့သောလူမျိုး ဤကမ္ဘာပေါ်တွင်ရှိနေသည်ကို သူတို့ အမှန်တကယ် မယုံနိုင်ဖြစ်နေကြ၏။

အခြားတစ်ဖက်တွင် စွန်းဒုန်ဟမ်သည် အားသွန်ခွန်စိုက် ကြည့် လိုက်ဖ်လွှင့်နေပြီး ကြည့်ရှုသူပရိသတ်အရေအတွက် ၁.၅ သန်းအထိရောက်ရှိနေသည်။ သူ၏ဖုန်းအား အဆက်မပြတ်ရွှေ့နေကာ ရိုက်ကူးမှုများစွာပြုလုပ်နေသည်။ သူသည်လည်း ခဏနေလျှင် ပြိုင်ကားမောင်းရန် စဉ်းစားထား သော်လည်း ကြယ်နီတောင်ရှိ လမ်းကြောင်းတွင်သာ မောင်း နှင်နိုင်လေသည်။

ကျောက်ဖုန်းသည် စခရင်အား ခဏလောက်စိုက်ကြည့်နေ ရင်း အနည်းငယ် အတွေးနက်သွားသည်။ ခဏလောက်စဉ်းစား ပြီးနောက် ယဲ့ဟန်အား လှမ်းကြည့်ကာ မေးလိုက်သည်။ "မစ္စတာယဲ့ မင်းမှာ ပြိုင်ကားကောင်းကောင်းတစ်စီးလောက်ရှိ လား”

"မစ္စတာကျန်းက တစ်စီးလိုချင်လို့လား" ယွဲ့ဟန်က စဉ်းစားနေခြင်းမရှိဘဲ မေးလိုက်သည်။

သို့သော် မေးလိုက်ပြီးမှ သူကိုယ်သူ ရူးကြောင်ကြောင်နိုင်သည်ဟု ခံစားလိုက်ရ၏။

မှန်ပေသည်။ ၎င်းမှာ မစ္စတာကျန်းအတွက်ပင်။ ထို့ကြောင့် သူစဉ်းစားကာ ပြောလိုက်သည်။ "မင်း အဆင့်မြင့် မော်ဒယ်ပြိုင်ကားတစ်စီးလိုချင်လား"

"အမ်...အင်း" ကျောက်ဖုန်းခေါင်းညိတ်လိုက်၏။

"ငါ့ကားပြခန်းမှာ ထိပ်တန်းပြိုင်ကားက နည်းနည်းပဲရှိတာ။ လိမ္မော်ရောင် Lamborghini Aventador တစ်စီးကို ၈ သန်းနဲ့ ရောင်းပေးနိုင်တယ်။ အနက်ရောင် Lamborghini bat Murcielago တစ်စီးကိုလည်း ၈ သန်းနဲ့ရောင်းပေးမယ်။ အကောင်းဆုံးတစ်စီးကတော့ ကမ္ဘာပေါ်မှာ သုံးစီးပဲရှိတဲ့ အကန့်အသတ်ထုတ် Bugatti Veyron ကားပဲ။ ငါလည်း ငါ့

ဦးလေးဆီကနေ ရခဲ့တာ။ သန်း ၆၀ ဆိုရင် အဆင်ပြေပါတယ်” ယွဲ့ဟန်က ပြောသည်။

“ငါသိပြီ” ကျောက်ဖုန်းက ပြန်ပြောလိုက်ပြီး ပြိုင်ကား တစ်စီးဝယ်ရန် အစီအစဉ်ရှိမရှိ သူ့ဆရာအား မေးရန် စဉ်းစား ထားသည်။

“အိုး ခဏနေဦး မစ္စတာကျန်းအတွက် ပိုပြီးသင့်တော်မယ့် ကားတစ်စီးရှိတယ်” ယွဲ့ဟန်၏မျက်လုံးများ တောက်ပလာ သည်။

“ဘာများလဲ” ကျောက်ဖုန်း စိတ်ဝင်တစားမေးသည်။

“Maybach Exelero” ယွဲ့ဟန်က ကျောက်ဖုန်းကြည့်ကာ ပြောသည်။ "အဲဒါ ကမ္ဘာပေါ်မှာ တစ်စီးတည်းပဲရှိတာ”

"ဘာ” ဖန်းလဲ့ ရုတ်တရက် ထအောင်ကာ ယွဲ့ဟန်အား ကြည့်၍ မေးသည်။ "မင်းမှာ အဲဒီ Maybach ရှိလား”

ယွဲ့ဟန်၏စကားများကို လူတိုင်းကြားလိုက်ရသည်။

ကမ္ဘာပေါ်တွင် တစ်စီးတည်းသာရှိသော ကားကိုမောင်းသည့်လူမှာ ထင်ရှားကျော်ကြားပေမည်။ ပြိုင်ကားများကို အလွန်သဘောကျသည့် စွန်းဒုန်ဟာမ်သည် အလွန်မနာလိုအားကျဖြစ်သွားရ၏။

"ဟားဟား" ယဲ့ဟန်က ရယ်သည်။ သူသည် ဖန်းလဲ့အား ပြန်မဖြေဘဲ ကျောက်ဖုန်းကိုသာ ကြည့်၍ ပြောသည်။ "ငါ့အဖေက အဲဒီကားရဖို့ သန်း ၇၀ လောက်အကုန်အကျခံပြီး အဆက်အသွယ်တွေအများကြီးသုံးထားတာ။ ကျောက်ဖုန်းမစ္စတာကျန်းသာ အဲဒီကားကိုလိုချင်ရင် အလကားပေးလိုက်ဖို့ ငါ့အဖေကို နားချပေးမယ်။ ဒါပေမယ့် ငါ့မှာ အခြေအနေတစ်ခုရှိတော့ရှိတယ်"

"အလကားလား" ဖန်းလဲ့ အော်ဟစ်လိုက်၏။ သူသည် ယဲ့ဟန်အား အရူးတစ်ယောက်ပမာကြည့်နေသည်။

ကားကို အမှန်တကယ်ရောင်းချပါက ၎င်း၏ဈေးနှုန်းမှာ အဆပေါင်းများစွာ မြင့်တက်သွားနိုင်သည်။ တစ်ကမ္ဘာလုံးတွင်

တစ်စီးတည်းသာရှိသော ကားကို ပိုင်ဆိုင်ရခြင်းမှာ စကားလုံးများထက်ပိုလေ၏။

သို့သော် သူက ၎င်းကို အလကားပေးမည်ဟု ပြောနေခဲ့သည်လား။

သူရူးနေသည်မဟုတ်ပါလား။

ယဲ့ဟန်၏စကားကို ကြားလိုက်ရသော အနီးအနားရှိ လူများအားလုံးမှာ မျက်လုံးများ ပြူးကျယ်ကာ သူ့အား မယုံကြည်နိုင်စွာ ကြည့်နေကြသည်။

"ဆက်ပြောပါ" ကျောက်ဖုန်းက တည်ငြိမ်စွာ ပြန်ပြောသည်။

၎င်းကိုကြားသည့်အခါ ယဲ့ဟန်က ကျောက်ဖုန်းအနားသို့ တိုးကပ်ကာ တိုးတိုးလေးပြောလိုက်သည်။ "ငါ့အခြေအနေက အရမ်းရိုးရှင်းပါတယ် အဲဒါက……"

ကျောက်ဖုန်းမှာ သူ၏စကားကိုနားထောင်ပြီးနောက် ငါး စက္ကန့်ကြာအောင် စဉ်းစားလိုက်သည်။ နောက်ဆုံးတွင် ခေါင်းညိတ်ကာ ပြောလိုက်၏။ "ကောင်းပြီ ဒါပေမယ့် ငါ သူ့ငွေးကို စိတ်ဝင်စားလားဆိုတာ အရင်မေးရဦးမယ်”

-အခန်း(၃၁၉)ပြီး

wunzinnosp

## အခန်း(၃၂၀) နောက်ထပ်ပြဿနာရှာပြန်ပြီ

သူစကားပြောနေစဉ်တွင် ကျောက်ဖုန်းမှာ ယွဲ့ ဟန်၏မျက်လုံးများ ပြောင်းလဲသွားသည်အား တွေ့ခဲ့ရ၏။ ယွဲ့ ဟန်မှာ အလွန်ပါးနပ်သည်။ သူ၏တောင်းဆိုချက်မှာ အလွန်ရိုး ရှင်း၏။ အကယ်၍ အနာဂတ်တွင် သူ့အတွက် သေရေးရှင်ရေး အခိုက်အတန့်ဖြစ်ခဲ့ပါက သူ့အား ကူညီပေးနိုင်ရန် တောင်းဆိုခဲ့ သည်။

ဤတောင်းဆိုချက်မှာ သေဘေးမှတစ်ကြိမ်လွတ်မြောက်ခွင့်လက်မှတ်နှင့် ညီမျှ၏။ ရှင်းရှင်းလင်းလင်းပြောရလျှင် သူသည် တစ်ကြိမ်တစ်ခါကာကွယ်မှုအတွက် သန်း ၇၀ တန်ကားတစ်စီးကို စွန့်လွှတ်ခဲ့သည်။

ကျောက်ဖုန်းသည်လည်း ၎င်းကို လက်ခံနိုင်သည်ဟု ထင်ပေသည်။ အဘယ်ကြောင့်ဆိုသော ယွဲ့ဟန်နှင့် ယွဲ့မိသားစုမှာ လက်တလောတွင် ပျက်စီးကုန်ကြုံမည်မဟုတ်ချေ။ ကျောက်ဖုန်းနှင့် သူ၏ဘော်ဒီဂတ်အဖွဲ့သည် ယခုမှစတင်ခါစဖြစ်၏။ စွမ်းအားကြီးမားသော သူတို့ဆရာ၏ ပံ့ပိုးမှုဖြင့်ဆိုလျှင် သူတို့ပို၍အားကောင်းလာမည်မှာ သေချာသည်။ ဤသို့ဆိုပါက ယွဲ့ဟန်အား ကူညီပေးရသည်မှာ လွယ်ကူသွားပေလိမ့်မည်။

၎င်းကိုစဉ်းစားက ကျောက်ဖုန်း သဘောတူခဲ့သော်လည်း သူ့ဆရာအား စိတ်ဝင်စားမှုရှိမရှိ မေးရန် လိုသေးပေသည်။

ဤစူပါပြိုင်ကားများမှာ အခြားသူများအတွက် အထင်ကြီးလောက်ဖွယ်ဖြစ်သော်လည်း သူ၏ဆရာအမြင်တွင် အရုပ်ကား

များနှင့် မခြားချေ။ မုန့်မုန့်၏ကစားစရာအရုပ်လောက်ပင် စိတ်ဝင်စားမည်မထင်။

သူတို့ စကားပြောနေစဉ်တွင် တောင်ပေါ်လမ်းကို ဖြတ်၍မောင်းနှင်လာသော Auston Martin ကားမှာ ပြန်လှည့်လာခဲ့သည်။

၎င်းက လူတိုင်း၏အာရုံအား စွဲဆောင်သွားသည်။

ကားမှာ အနီးအနားသို့ ရောက်လာသည့်အခါ ယွဲ့ဟန်သည် ရှေ့သို့အနည်းငယ်လှမ်းလိုက်သည်။ သူ ကားကို ခဏလောက်စိုက်နေကြည့်ပြီး အကောင်းပကတိအတိုင်းရှိနေသည်ကိုမြင်ပြီးနောက် စိတ်သက်သာရာရသွားသည်။

...တော်သေးတာပေါ့ ဘာမှမဖြစ်ထားဘူး.... သူ တွေးလိုက်သည်။

ဒရစ်ဖ်ဆွဲမှုကြောင့် တာယာများထိခိုက်ကုန်ပြီး အချိန်တို အတွင်း လဲရပေတော့မည်။ သို့သော် ၎င်းကို သူ လုံး၀ ဂရုမ စိုက်ချေ။

ကျန်းဟန်နှင့် ဇီယန် ကားပေါ်မှဆင်းလာပြီးနောက်...

စွန်းဒုန်ဟမ်က ဦးဆောင်ကာ အော်ဟစ်လိုက်သည်။ "ဝိုး သူဌေးက အရမ်းတော်တာပဲ"

အခြားသူများမှာလည်း သူ၏အော်သံကို ကြားလိုက်ရပြီး နောက် လိုက်၍ အော်ဟစ်ကြသည်။

"ဒီမှာ ကားသော့။ ကျေးဇူးပါ" ကျန်းဟန်က သူတို့ဆီ လျှောက်မလာဘဲ ကားသော့ကိုသာ ယွဲ့ဟန်ဆီ လှမ်းပစ် ပေးလိုက်သည်။

ယွဲ့ဟန် အံ့သြသွားသော်လည်း ကားသော့က သူ၏လက် ထဲသို့ ကွက်တိကျလာသည်။

ကျန်းဟန်က သူ့အား ခေါင်းညိတ်ပြကာ ဇီယန်နှင့်အတူ ပန်ဒါကားထဲသို့ ဝင်သွား၏။

ထိုအချိန်တွင် ကျောက်ဖုန်းက သူတို့ဆီလျှောက်သွားလိုက်ပြီး ဒရိုင်ဘာခုံ၏ပြတင်းပေါက်ကိုမှီကာ ပြိုင်ကားများအကြောင်းနှင့် ယွဲ့ဟန်၏တောင်းဆိုမှုအား ကျန်းဟန်ကို ပြောပြသည်။

ယွဲ့ဟန်က ကျန်းဟန်အား လှမ်းကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ကျန်းဟန်က စကားလုံးအနည်းငယ် ပြန်ပြောပြီးနောက် ကားမှန်ကို ပြန်တင်လိုက်သည်။

"မစ္စတာယွဲ့ ခုဏက မင်းပြောခဲ့တဲ့ကားတွေအကုန်လုံး ယူမယ်။ မင်းရဲ့တောင်းဆိုချက်ကိုလည်း ငါသဘောတူတယ်။ မနက်ဖြန်ကျရင် အသေးစိတ်ပြောကြတာပေါ့။ မင်း ကားတွေကို ပြင်ဆင်ထားလို့ရပြီ” ကျောက်ဖုန်းက ယွဲ့ဟန်ထံပြန်လျှောက်လာရင်း ပြောလိုက်သည်။

ကျောက်ဖုန်း၏စကားကိုကြားသည့်အခါ ဖန်းလဲ့ အံ့သြသွားသည်။

...သူပြောခဲ့တဲ့ကားတွေ အကုန်လုံးလား။ လခွမ်း အဲဒါတွေက သန်းရာချီနေပြီလေ... သူတွေးလိုက်သည်။

အကန့်အသတ်ထုတ် Bugatti Veyron မှာ သန်း ၆၀၊ Lamborghini နှစ်စီးက ၁၅ သန်း။ ၇၅ သန်းရှိနေပေပြီ။

ထိုနောက် သန်း ၆၀ တန်ကြေးရှိသည့် Maybach လည်းရှိသေးသည်။ စုစုပေါင်း ၁၃၅ သန်းရှိ၏။ ဤသည်က သေးငယ်သည့် ပမာဏမဟုတ်ချေ။

...တစ်ကမ္ဘာလုံးမှာ တစ်စီးတည်းရှိတဲ့ Maybach ကို အလကားပေးခဲ့တာလား။ ယွဲ့ဟန် သူ့စိတ်ထဲမှာ လွန်ဆွဲနေခဲ့ရမယ်... ဖန်းလဲ့ တွေးလိုက်၏။

သို့သော် ယွဲ့ဟန်မှာ အရူးမဟုတ်သည်ကို သူသိထားပြီး ဖြစ်နိုင်ချေတစ်ခုသာ ရှိသည်။ မစ္စတာကျန်းမှာ ဧရာမအကောင်ကြီးကြီးတစ်ကောင်ဖြစ်ရပေမည်။

ဖန်းလဲ့ ၎င်းကို တွေးကာ ကြောက်ရွံ့သွား၏။ သူ ဘာမှမပြောဘဲ နေရာတွင်သာ ရပ်နေခဲ့သည်။

"ကောင်းပြီ ငါနောက်မှ စီစဉ်ထားလိုက်မယ်" ယွဲ့ဟန်က ကျောက်ဖုန်းအား ပြုံးပြသည်။

"အင်း" ကျောက်ဖုန်းက ခေါင်းညိတ်၏။ ထိုနောက် ပြန်လှည့်သွားကာ အားဟူနှင့်အတူ ကားပေါ်တက်သွားသည်။ သူသည် အဝေးမှာ ပန်ဒါကား၏နောက်သို့ လိုက်သွားခဲ့သည်။

သူတို့ ကျန်းလီ၏ နိုက်ကလပ်သို့ သွားကြသည်။ ထိုနေရာသည် လူတို့အား သူတို့၏အတွင်းစိတ်ရိုင်းများကို လွတ်မြောက်စေသည့်နေရာဖြစ်သည်။ သူတို့သည် ဟဲဗီးမက်တယ်ဂီတများဖြင့် ကခုန်ကြ၏။ သို့သော် ထိုနေရာရှိလူများမှာ အရက်

တော်တော်များများသောက်ထားသည့်အတွက် တစ်ခါတစ်ရံ ပြဿနာဖြစ်တတ်လေသည်။

ဆရာတစ်ဦးတည်းသွားလျှင် သူ နောက်မှလိုက်သွားရန် မလိုအပ်သော်လည်း ဆရာကတော်လည်းပါရှိသည့်အတွက် သူတို့လိုက်လာကြခြင်းဖြစ်သည်။

သူမမှာ အလွန်လှပ၏။

ဆရာနှင့် ဆရာကတော်နှစ်ဦးတည်းသာဆိုလျှင် ယောကျ်ားများမှာ သူမနှင့် စကားပြောရန် လာကြပေလိမ့်မည်။ ဆရာသည် အခြေအနေအရပ်ရပ်အား ကိုင်တွယ်ဖြေရှင်းနိုင်သော်လည်း အချို့သော အရူးများက သူတို့၏စိတ်အခြေအနေကို ပျက်စီးသွားစေနိုင်သည်။

လူတိုင်၏အကြည့်အောက်တွင် ပန်ဒါကားနှင့် Land Rover မှာ မောင်းထွက်သွားခဲ့၏။

"ယွဲ့ဟန် အဲဒီမစ္စတာကျန်းက ဘယ်သူလဲ" ဖန်းလွဲ့က မမေးဘဲ မနေနိုင်ချေ။ "သူနဲ့ ဥက္ကဋ္ဌလျိုနဲ့ စီးပွားရေးပူးပေါင်းနေတာလား။ ငါ့ဘာလို့ စိတ်ရှုပ်နေပါလိမ့်။ ဥက္ကဋ္ဌလျိုက စီဘီဒီအဆောက်အဦးဟောင်းအတွက် စက်မှုလုပ်ငန်းတစ်ခု စီစဉ်ထားတယ်မဟုတ်လား။ သူ ဘယ်လိုလုပ် လက်လျှော့လိုက်တာလဲ။ သူတို့ ပူးပေါင်းဆောင်ရွက်နေရင် ငါ့ဘာလို့ သတင်းတစ်ခုမှ မကြားရတာလဲ"

"သူတို့ကို မင်းဘာသာ သွားမေးပါလား" ယွဲ့ဟန်က ဘုဆတ်ဆတ်ပြောလိုက်သည်။

...အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ လျိုချင်းဖုန်းက သူ့ပိုင်ဆိုင်မှုတွေကို ဘယ်လိုလုပ် စွန့်လွှတ်နိုင်မှာလဲ... သူ တွေးလိုက်သည်။

ဤကမ္ဘာကြီးတွင် သူ့ငွေများ မျှော်ကြည့်ရသည့် လူတစ်စုရှိသည်ကို သူမသိချေ။

"ဟဲဟဲ သူတို့က မိတ်ဆွေတွေဟုတ်လား မဟုတ်ဘူးလား တော့ ငါမသိဘူး။ ဒါပေမယ့် ဥက္ကဌလျိုက ဟောင်ကောင်မှာရှိ တဲ့ သူ့ရဲ့အဖိုးတန်အရက်တွေအကုန်လုံးကို ငါ့သူဌေးကို အလကားပေးခဲ့တာ" စွန်းဒုန်ဟမ်က ရှေ့သို့ ဖြည်းညှင်းစွာ လျှောက်လာကာ ဖန်းလဲ့အား ကြည့်၍ ပြောသည်။ "ငါ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ။ အရက်တွေအကုန်လုံးက ဆယ်သန်းနီးပါး တန်ကြေးရှိတယ်"

ဖန်းလဲ့၏အမူအရာမှာ ပြောင်းလဲသွားသည်။

"တကယ်လား"

"လျိုချင်းဖုန်းက သူ့ရဲ့ အဖိုးတန်အရက်တွေကို အလကား ပေးခဲ့တာလား"

"ငါ့လခွမ်း"

သူသည် မျက်လုံးများ ပေကလပ်ပေကလပ်ဖြင့် စွန်းဒုန်ဟမ်အား မေးရန် ပြင်လိုက်သည်။

သို့သော် စွန်းဒုန်ဟမ်က သူ့အား အခွင့်အရေးမပေးချေ။ သူက ပြုံးကာ ယွဲ့ဟန်သို့လှည့်၍ ပြောသည်။ "မစ္စတာယွဲ့ ခင်ဗျားတို့ ပြိုင်ကြမှာလား။ ကျွန်တော့်ပရိသတ်တွေက စိတ်လှုပ်ရှားနေကြတော့လေ ခင်ဗျားတို့ မပြိုင်ရင် ကျွန်တော် မောင်းချင်လို့"

"အမ်" ယွဲ့ဟန် မျက်ခုံးပင့်သွားပြီး ပြောသည်။ "ငါတို့ကို ညီအစ်ကိုတွေပဲကို ငါ့ကို အစ်ကိုယွဲ့လို့ပဲ ခေါ်ပါ။ ရှေင်ဟူ နောက်တစ်ခါ ငါ့ညီလာတဲ့အခါကျရင် သူ့ကို ကောင်းကောင်း ဆက်ဆံရမယ်။ ကြားလား"

"ဟုတ်ကဲ့ပါ သူဌေး" ရှောင်ဟူက ခေါင်းညိတ်သည်။

သူသည် စွန်းဒုန်ဟမ်အား စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်သည်။ အစောပိုင်း သူရောက်လာခါစအချိန်က သူသည် ဘာ ကောင်မှ မဟုတ်ချေ။ သို့သော် ယခုတော့ ပြောင်းလဲသွားခဲ့ပြီး မစ္စတာယွဲ့ကပင် သူ့အား ယဉ်ကျေးနေလေသည်။

သူ၏စိတ်ထဲတွင် နောက်ထပ် မေးခွန်းတစ်ခုရှိနေသေး၏။ မစ္စတာကျန်းက မည်သူနည်း။

သူသည် အလွန်စွမ်းအားကြီးသည့်သူဖြစ်ရပေမည်။

ယဲ့ဟန် ပြောပြီးသည့်နောက် သူသည် စွန်းဒုန်ဟာမ်၏လက်ထဲမှ ဖုန်းကို ကြည့်လိုက်၏။ သူအနည်းငယ် ကို့ရို့ကားယားခံစားလိုက်ပြီး ပြောလိုက်သည်။ "ညီလေး မင်းလုပ်စရာရှိတာ သွားလုပ်ပါ"

"ဟုတ်ကဲ့" စွန်းဒုန်ဟာမ်က ရယ်မောကာ သူ၏ကားဆီသို့ ပြန်လှည့်သွားသည်။ သူသည် ဖုန်းကင်မရာအား ကြည့်ကာ ပြောလိုက်သည်။ "ကဲ့ သားကြီးတို့ ပြိုင်ကားမောင်းကြရအောင်။ မင်းတို့ကို ငါ့ရဲ့အလန်းစားစကေးတွေပြတော့မယ်..."

...

ကော့စ်ဝေးပင်လယ်ကွေ့ရှိ ကြယ်ကောင်းကင်ဘားတွင်။

ညှော်ကြိုအမျိုးသမီးသည် ညှော်သည်တစ်ဖွဲ့ကို ယခု လေးတင် လက်ခံခဲ့၏။ ထိုနောက် မည်သူမျှမလာတော့သည် ကို မြင်သည့်အခါ မေးစေ့ကို လက်ဖြင့်ထောက်ကာ တံခါးရှိရာ သို့ ငေးကြောင်ကြောင်ကြည့်နေလေသည်။

သူမ၏စိတ်မှာ အခြားတစ်နေရာသို့ ရောက်ရှိသွားခဲ့၏။ အလုပ်ပြီးလျှင် သူမသူငယ်ချင်းများနှင့် ဂိမ်းဆော့ရန် စဉ်းစား နေသည်။

ရုတ်တရက်...

ရုတ်ရုပ်ချောမောလှပသော လူနှစ်ယောက်ဝင်လာသည်ကို သူမ မြင်လိုက်ရပြီး မသိစိတ်ထဲမှ သူတို့အား သူမ သဘောကျမိ သွားသည်။

သို့သော ထိုကိုလူချောနှင့် မိန်းမလှလေးတို့၏နောက်မှ လူ နှစ်ယောက်ကို မြင်သည့်အခါ သူမ မျက်လုံးများ ပြူးကျယ်သွား လေသည်။

ဘာ...

"သူတို့က အရင်တစ်ခါ ပြဿနာဖြစ်ခဲ့တဲ့လူတွေပဲ"

...အိုး မဖြစ်ဘူး သူတို့ ဒီကိုထပ်ပြီး ပြဿနာလာရှာတာပဲ ဖြစ်ရမယ်... သူမ တွေးလိုက်သည်။

ညှော်ကြိုမိန်းကလေး၏နှလုံးခုန်သံများ မြန်ဆန်လာသည်။ သူမ ကွန်ပြူတာဘေးရှိ ဝေါကီတော်ကီကို အမြန်ကောက်ကိုင်ကာ ခေါင်းငုံ့၍ စကားပြောလိုက်သည်။

"တာဟဲ တာဟဲ သတင်းဆိုးပဲ။ အရင်တစ်ခေါက်က ပြဿနာဖြစ်ခဲ့တဲ့လူတွေ ဒီကို ရောက်လာပြန်ပြီ။ မြန်မြန်လာပါဦး ငါကြောက်..."

သူမ၏စကားမဆုံးခင်မှာပင် ကောင်တာရှေ့မှ ချောင်းဟန့်သံထွက်လာသည်။

"အဟမ်း မစ္စ ဒီမှာ စားပွဲတစ်လုံးလောက် ရဦးမလား"

"အာ” ညွှဲကြိုမှာ ခေါင်းကိုမော့ကာ အားတင်းပြုံးပြလိုက်သည်။ "တောင်းပန်ပါတယ်ရှင် ရသေးလား ကျွန်မမသိပါဘူး”

-အခန်း(၃၂၀) ပြီး

wunzinnosp

## အခန်း(၃၂၁) သတိထားသည့် အစ်ကိုလုန်

"ဟမ်” ကျောက်ဖုန်း အံ့အားသင့်သွား၏။

သူမအနေဖြင့် တိကျသည့်အဖြေတစ်ခုကို ပြောသင့်သည်။

ဘာလို့ သူမမသိဘူးလို့ ပြောရတာလဲ။ ကျောက်ဖုန်း တွေးလိုက်သည်။

"ဒါဆို ငါတို့ကို နောက်ထပ်စားပွဲတစ်လုံးလောက်ပေးပါ” ကျောက်ဖုန်းပြောလိုက်၏။

"ဟုတ်" ညှော့ကြိုက တုံ့ပြန်ကာ ကွန်ပြူတာအား စတင်စစ်ဆေး၏။

ထိုအချိန်တွင် တာဟဲနှင့်လူအနည်းငယ်မှာ ပြေးလာလေသည်။ လူကိုယ်တိုင်မရောက်လာသေးသော်လည်း သူတို့၏အသံက အရင်ရောက်လာ၏။ "ဘယ်သူလဲ"

သူတို့ ကော်ရစ်ဒါမှနေ၍ ခန်းမထဲသို့ ဝင်လာကြသည်။ ကျောက်ဖုန်းမြင်လိုက်ရသည့်အခါ သူ၏မျက်လုံးများ ပြူးကျယ်သွားသည်။ သူ အမြန်လျှောက်သွားလိုက်ပြီး ရယ်မောကာ ပြောသည်။ "အိုး အစ်ကိုဖုန်းကိုး ကြိုဆိုပါတယ် အစ်ကိုဖုန်း"

"အင်း" ကျောက်ဖုန်းက ခေါင်းညိတ်ကာ "ငါ့သူငွေးနဲ့လိုက်လာတာ"

"..."

တာဟဲမှာ တံတွေးနင်လုမတတ်ဖြစ်သွား၏။ သူသည် ကျောက်ဖုန်း၏ဘေးနားရှိ အားဟူအား မသိစိတ်ဖြင့် ကြည့်လိုက်မိသည်။ ဘာမှစဉ်းစားမနေဘဲ အားဟူအား ဦးညွတ်ကာ အမြန်ပြောလိုက်၏။

"မင်္ဂလာပါသူဌေး ကြိုဆိုပါတယ်"

သူအတော်လေးတုန်လှုပ်နေကာ စိတ်ထဲတွင် တွေးလိုက်သည်။

...အစ်ကိုဖုန်းရဲ့သူဌေး. အဲဒီလူက အရင်တစ်ခါ ရှားရှန်ဟောင် ကြောက်လန့်နေခဲ့တဲ့သူမဟုတ်လား...

"အမ်..." ကျောက်ဖုန်းမှာ ဆွံ့အသွား၏။ သူသည် ကျန်းဟန်နှင့် ဇီယန်အား တစ်ချက်ကြည့်ကာ ရယ်မော၍ ပြောလိုက်သည်။ "မင်းလူမှားနေပြီ"

"အာ" အားဟူမှာ သူတို့အား သေချာကြည့်လိုက်၏။

သူ၏မျက်နှာမှာ နီရဲလာသည်။ သူသည် ကျန်းဟန်အား ကြည့်၍ ဦးညွှန်၍ နှုတ်ဆက်ရန် ပြင်လိုက်သည်။

"ရပါပြီ အထဲဝင်ရအောင်" ကျန်းဟန်က ဖော်ရွေသည့် အပြုံးဖြင့် ပြောလိုက်၏။

"ဟုတ်ကဲ့ပါ ကျေးဇူးပြုပြီး ကြွပါခင်ဗျ" တာဟဲက သူတို့အား လမ်းပြကာ အထဲသို့ ခေါ်သွားသည်။

တာဟဲနှင့် အခြားသူများသည် ကျန်းဟန်အပါအဝင် လူလေးဦးအား စားပွဲတစ်လုံးသို့ ဦးဆောင်ခေါ်သွားသည်။

အချိန်မှာ ကိုးနာရီခန့်ရှိပြီး ညသည်မှာ အတော်လေး နည်းသေးသည်။ စားပွဲတစ်ခုအား ကြိုတင်မှာယူထားပြီးဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ၎င်းမှာ ဟာသသက်သက်သာ ဖြစ်သည်။

စီစဉ်ပေးပြီးနောက်တွင် တာဟဲသည် အစ်ကိုလုန်အား အပြေးအလွှားဖုန်းခေါ်ကာ ပြောတော့သည်။

"အစ်ကိုလုန် အစ်ကိုဖုန်း ဒီကိုရောက်နေတယ်။ သူ့သူငွေး လည်းပါတယ်။ သူတို့အတွက် စားပွဲတစ်လုံးစီစဉ်ပေးထား ပြီး…"

"ဘယ်သူလဲ" အစ်ကိုလုန် အံ့အားသင့်သွားပြီး အမြန်ပြော လိုက်သည်။ "ကျောက်ဖုန်းရဲ့သူငွေးလား။ ငါ့ကို စောင့်ဦး။ ငါ အခုပြန်လာမယ်။ ဆယ်မိနစ်နေရင် ရောက်မယ်။ သူတို့ကို အကောင်းဆုံးဝိုင်တွေ ချပေးလိုက်။ ကောင်းကောင်းဧည့်ခံ ထား"

တာဟေးသည် ဖုန်းမချခင် အစ်ကိုလုန်က အခြားသူများ အား ပြောနေသည့်စကားသံကို ဝိုးတဝါးကြားလိုက်ရသည်။

"အစ်ကိုပိုင် ငါအခု အရေးကြီးကိစ္စသွားစရာရှိလို့ မနက်ဖြန်မှတွေ့မယ်…."

…

စားပွဲဘေးတွင် စုစုပေါင်း စားပွဲထိုးနှစ်ယောက်နှင့် လုံခြုံရေးခြောက်ယောက်ရှိသည်။ အကောင်းဆုံးဘားတန်ဒါ ဖြစ်သည့် လော့ချင်းကိုပင် သူတို့ ခေါ်ထားပေးကြ၏။

သို့သော် သူမရောက်လာသည့်အခါ ကျန်းဟန်နှင့် ဇီယန် အား တွေ့လိုက်ရပြီး နှုတ်ဆက်လိုက်သည်။ "အစ်ကို ယောင်းမ"

"အင်း" ဇီယန်က ပြုံးကာ သူမအား လက်ပြ၍ပြောသည်။ "လာ ဒီမှာလာထိုင်"

"အဲဒါက..." လော့ချင်းတုံ့ဆိုင်းသွားသည်။ မည်သို့ပင်ဆို စေကာမူ လက်ရှိက သူမ၏အလုပ်ချိန်ဖြစ်နေဆဲပင်။

"အိုး အဲမှာသွားထိုင်လိုက်။ မင်း ဒီနေ့ အလုပ်လုပ်ဖို့မလို တော့ဘူး" တာဟဲက အမြန်ဝင်ပြောလိုက်သည်။

"ကောင်းပြီ" လော့ချင်းက ခေါင်းညိတ်သည်။ သူမ ပြုံး ကာ ကျန်းဟန်နှင့် ဇီယန်ကို ကြည့်၍ ပြောလိုက်၏။ "ဒါဆို

အစ်ကိုနဲ့ ယောင်းမ ငါနှင်တို့အတွက် သောက်စရာတစ်ခုခု စပ် ပေးမယ်လေ”

လော့ချင်းက ဝိုင်ခွက်ငါးခွက်ကို ကိုင်ကာ ဇီယန်၏ဘေး တွင် ဝင်ထိုင်လိုက်သည်။

ဇီယန်သည် ဝိုင်ကို တစ်ကျိုက်သောက်လိုက်၏။ သူမ မျက်လုံးများ တောက်ပသွားကာ ပြောလိုက်သည်။ "အရမ်း ကောင်းတယ်”

သူတို့ စတင်သောက်ကြသည်။

ဆယ်မိခန့်ကြာပြီးနောက် ကျန်းလီမှာ ဘေးတံခါးမှ ပျော်ရွှ င်စွာ ဝင်လာသည်။

တာဟဲ သူမအားမြင်သည့်အခါ လက်ပြလိုက်၏။ ကျန်းလီ က လျှောက်လာပြီး သိချင်စိတ်ဖြင့် မေးသည်။

"ငါစင်ပေါ်တက်တော့မလို့။ ဘာလို့ခေါ်တာလဲ”

"လီ..." သူမအား နတ်သမီးလီဟုခေါ်လေ့ရှိသော်လည်း ယခုတော့ သူမ အလွန်စိုးရိမ်နေသည်။ သူ စားပွဲတစ်လုံးအား လက်ညှိုးထိုးပြကာ "ဟိုမှာ" ဟု ပြောလိုက်၏။

"ဘာလဲ" ကျန်းလီ စားပွဲဆီသို့ လှမ်းကြည့်လိုက်သည်။ သူမ ပထမ အံ့အားသင့်သွားပြီး ထိုနောက်တွင် သူတို့ဆီသို့ တည့်တည့်လျှောက်သွားသည်။ ဆိုဖာပေါ်တွင် ဝင်ထိုင်ပြီး နောက် သူမ မေး၏။

"အစ်ကို ယောင်းမ နင်တို့ကို ဒီ ဘယ်သူခေါ်လာတာလဲ။ မုန့်မုန့်ရော ဘယ်မှာလဲ"

"မုန့်မုန့်က ဖေးဖေးနဲ့ ကစားနေတယ်" ဇီယန် ပြန်ဖြေသည်။

"အိုး သူတို့နှစ်ယောက် အခုထိကစားနေတုန်းပေါ့။ နင်တို့ ငါ့ဆီလာတာမလား ဟုတ်တယ်မလား" ကျန်းလီက ပြုံးကာ ပြောသည်။

"မဟုတ်ပါဘူး။ ငါတို့ ပျော်ဖို့လာတာလေ။ ဒါပေမယ့် နင်နဲ့ တွေ့ရတာလည်း ကောင်းပါတယ်" ကျန်းဟန်က ပြောသည်။

"ဟွန့် နင် စကားချိုချိုလေးတစ်ခုလောက် မပြောနိုင်ဘူးလား" ကျန်းလီက ကျန်းဟန်အား မျက်စောင်းထိုးလိုက်သည်။ သူမ နာရီကိုတစ်ချက်ကြည့်ကာ "ငါ စင်ပေါ်တက်ရတော့မယ်။ ခဏနေရင် ဒီကလပ်ရဲ့ အကောင်းဆုံးဒီဂျေကို နင်တို့တွေ့ရတော့မယ်"

ကျန်းလီက ပြောပြီးသည်နှင့် စင်ပေါ်သို့ ပြေးသွားခဲ့သည်။

ကျန်းဟန်မှာ ပြုံးကာ ခေါင်းယမ်းလိုက်၏။

"အားလုံးပဲ ကြယ်ကောင်းကင်ဘားရဲ့ အကောင်းဆုံး ဒီဂျေ လီလီကို ကြိုဆိုလိုက်ရအောင်ခင်ဗျာ..." စင်ပေါ်မှ ယောကျ်ားလေးဒီဂျေက အော်လိုက်သည်။

"ဝူး..."

"ဝိုး..."

ပရိသတ်များထံမှ အော်ဟစ်အားပေးသံများ ထွက်လာလေသည်။

"အာလုံးပဲ…" ကျန်းလီက နှုတ်ဆက်စကားပြောပြီးနောက် သူမ၏သီချင်းများကို စတင်လိုက်သည်။

သီချင်း၏တီးလုံးမှာ အလွန်မြူးကြွ၏။

ကျန်းဟန်သည် မျက်လုံးများကို အနည်းငယ်မှေးကာ စင်ပေါ်ရှိ ကျန်းလီအား ကြည့်လိုက်၏။ စားပွဲတစ်ခုမှ စင်ပေါ်ရှိ မြင်ကွင်းကို အားလုံး ရှင်းရှင်းလင်းလင်းမြင်ရသည်။

ကျန်းဟန်၏အမူအရာကိုမြင်သည့်အခါ ဇီယန် သူ၏ပုခုံးပေါ် ခေါင်းမှီ၍ တိုးတိုးလေး ပြောလိုက်သည်။ "ရှင်ဘာတွေးနေတာလဲ"

"ကိုယ့်မိဘတွေအကြောင်း" ကျန်းဟန် ပြန်ဖြေသည်။

"အားလုံး အဆင်ပြေမှာပါ" ဇီယန် ပြောသည်။ သူမ ဘယ်လက်အား ဆန့်ကာ ကျန်းဟန်၏ညာလက်ကို ဆုပ်ကိုင်လိုက်၏။

"ပြီးခဲ့တဲ့နှစ်တွေမှာ လီလီအတွက် ဘဝက မလွယ်ကူခဲ့ဘူး။ ဒါပေမယ့် အခု ကိုယ်ပြန်လာပြီ။ အရာအားလုံးက ပိုပြီးကောင်းလာလိမ့်မယ်" ကျန်းဟန်က နူးညံ့စွာ ပြောသည်။

"ဦးလေးနဲ့ဒေါ်လေးကို ရှင်ရှာတွေ့မယ်ဆိုတာ ကျွန်မယုံကြည်တယ်"

"ကိုယ်ရှာမှာပါ"

ကျန်းဟန်၏မျက်လုံးအတွင်းနက်နက်ထဲ၌ အေးစက်၍စူးရှသည့်အလင်းတစ်ခုရှိနေခဲ့သည်။

သူ၏မိဘများ ပျောက်ဆုံးမှုနှင့်ပတ်သက်သည့် အင်အားစုအဖွဲ့အစည်းများအားလုံးကို ရှင်းပစ်မည့်အကြောင်းကိုတော့ သူ မပြောဘဲ ချန်ထားခဲ့သည်။

ကျန်းဟန်သည် ဤအခိုက်အတန့်၌ အနည်းငယ် အောက်မေ့တမ်းတနေသော်လည်း သူ၏ခံစားချက်များအား လျင်မြန်စွာ ထိန်းချုပ်လိုက်သည်။ သူ အသက်ပြင်းပြင်းရှူသွင်း လိုက်ပြီးနောက် ဇီယန်ကို ကြည့်ကာ ပြုံး၍ ပြောသည်။ "မင်း သူတို့ကို ဦးလေးနဲ့ ဒေါ်လေးလို့ ခေါ်လို့မရတော့ဘူး။ မင်းသူတို့ ကို…"

"မဟုတ်ဘူး။ ကျွန်မတို့…" ဇီယန်က ဘေးပတ်ဝန်းကျင် အား ကြည့်ပြီးနောက် ကျန်းဟန်၏နားနားသို့ ကပ်ကာ တိုးတိုး လေးပြောသည်။ "ကျွန်မတို့ လက်မထပ်ရသေးဘူး။ ကျွန်မ ရှင့် ကို လက်ထပ်မယ်လို့ သဘောတောင်မတူရသေးဘူး"

ကျန်းဟန်က ထိုစကားကို ကြားသည့်အခါ ခေါင်းယမ်း လိုက်ပြီး "ဒါပေယ့် ကိုယ်တို့ကလေးတောင် လျှောက်ပြေးနိုင် တဲ့အရွယ်ရောက်နေပြီလေ။ မင်းက ကိုယ့်အပိုင်ဖြစ်ဖို့ ကံကြမ္မာ ပါပြီးသားပဲ။ မင်းထွက်ပြေးချင်ရင်တောင် ပြေးလို့မရတော့ဘူး"

ထိုနောက် ကျန်းဟန် ပြုံးလိုက်သည်။ သူ လျှာကိုထုတ်ကာ ဇီယန်၏နားရွက်လေးအား နမ်းလိုက်၏။

"..."

ဇီယန်မှာ ချက်ချင်းပင် တစ်ကိုယ်လုံး အေးခဲသွားသလို ခံစားလိုက်ရ၏။ သူမ ခွန်အားကင်းမဲ့သွားသည်။ သူမ၏ပါးပြင်ပေါ်သို့ အနီရောင်အရိပ်တစ်ခုက ဖြတ်ပြေးသွားသည်။

သူမ ခေါင်းကိုရှောင်ဖယ်ကာ နှုတ်ခမ်းကို ကိုက်လိုက်သည်။ ထိုနောက် နှုတ်ခမ်းလေးစူကာ ကျန်းဟန်အား ကြည့်လိုက်ပြီး သူ၏အနားသို့တိုးကပ်ကာ ပြောလိုက်သည်။

"ရှင့်တော်တော်ဆိုးတာပဲ။ ဒီမှာ လူတွေအများကြီးရှိတယ်လေ။ ကျွန်မ ရှင့်ကို ကိုက်မယ်"

ထိုနောက် ဇီယန်သည် နှုတ်ခမ်းကိုဖွင့်ဟကာ ကျန်းဟန်၏နားရွက်အား ညင်သာစွာ ကိုက်လိုက်သည်။

"အိုး" ကျန်းဟန် မျက်ခုံးပင့်လိုက်ပြီး တန်ပြန်တိုက်စစ်ကို စတင်လိုက်သည်။

ချစ်ကြည်နူးတစ်တီတူးနေကြသည့် စုံတွဲမှာ တခစ်ခစ် ရယ်မောကာ အချင်းချင်းဆော့ကစားရင်း ပတ်ဝန်းကျင်ရှိလူ များကို လျစ်လျူရှုထားကြလေသည်။

ကျောက်ဖုန်းနှင့် အားဟူတို့သည် အစကတည်းက စင်ပေါ် ကိုသာ စိုက်ကြည့်နေကြသည်။ သူတို့သည် ကျန်းလီနှင့် သူမ၏လှုပ်ရှားမှုများကိုသာ အာရုံစိုက်နေကြ၏။ လေ့ချင်း လည်း ရှက်နေသဖြင့် စင်ပေါ်ကိုသာ လှမ်းကြည့်နေသည်။

တာဟဲနှင့်အခြားသူများမှာ ပထမတွင် ထိုစုံတွဲအား ကြည့် နေကြ၏။ သို့သော် ကျောက်ဖုန်း၏အပြုအမူကိုမြင်ပြီးနောက် သူတို့လည်း ဒန့်စင်းဖလောကိုသာ ကြည့်နေလိုက်ကြသည်။

မိနစ်အနည်းငယ်ကြာပြီးနောက် ကြယ် ကောင်းကင်ဘား၏ပိုင်ရှင် အစ်ကိုလုန်နှင့် သူ့လူနှစ်ယောက် ပြေးဝင်လာသည်။

"အစ်ကိုလုန်" တာဟဲက သူ့အား သွားနှုတ်ဆက်ပြီး ပြောသည်။ "မစ္စတာကျန်းနဲ့ သူ့ကောင်မလေးက အထဲမှာ ကစားနေကြတယ်"

"ကစားနေတာလား။ ဒါဆို ငါစောင့်နေလိုက်မယ်" အစ်ကိုလုန်က ခေါင်းညိတ်ကာ ပြောသည်။ "သူ ဒီကိုလာတာက..."

"ပျော်ဖို့လာတာ"

"တော်သေးတာပေါ့" အစ်ကိုလုန်မှာ စိတ်သက်သာရာရသွားပြီး သက်ပြင်းရှည်ကြီးရှူသွင်းကာ ရေရွတ်လိုက်သည်။ "အကောင်ကြီးကြီးတစ်ကောင် ရောက်လာတော့ နည်းနည်းလန့်သွားတယ်"

"စိတ်မပူပါနဲ့ အစ်ကိုလုန်။ ငါတို့က နတ်သမီးလီနဲ့ ရင်းနှီးတာပဲ။ သူမအစ်ကိုက ငါတို့အစ်ကိုပဲပေါ့ မဟုတ်ဘူးလား" တာဟဲက ပြုံးကာ ပြောသည်။

"မင်း ဘာပြောလိုက်တာလဲ" အစ်ကိုလုန် မျက်လုံးပြူး သွားသည်။

သူ တာပေး၏ခေါင်းကိုပုတ်ကာ "ဒီမှာ ပေါက်ကရတွေ လျှောက်မပြောနဲ့။ မစ္စတာကျန်းကြားရင် နားလည်မှုလွဲသွား လိမ့်မယ်။ အဲ့လိုဆို မင်းအဆုံးသတ်ကောင်းမှာ မဟုတ်ဘူး"

"ဟီးဟီး သိပါတယ် ကျွန်တော်က နောက်တာပါ" တာဟဲ က ခေါင်းကုတ်ကာ ရယ်သည်။

"မင်းဘာသာ လုပ်စရာရှိတာလုပ်။ ငါတစ်ချက်လောက် သွားကြည့်လိုက်ဦးမယ်" အစ်ကိုလုန်က ပြောပြီးနောက် လျှောက်သွားကာ အထဲသို့ လှမ်းကြည့်သည်။

အိုး...

သူသည် လျှပ်စီးပမာ ခေါင်းအား အမြန်နောက်ပြန်လှည့် လိုက်၏။

သူတို့နှစ်ယောက် ကြည်နူးနေသည့်အခိုက်အတန့်အား သွားမနှောင့်ယှက်သည်က ပိုကောင်းမည်ဟု သူခံစားရသည်။

အစ်ကိုလုန်သည် နှစ်မိနစ်တစ်ကြိမ် အထဲသို လှမ်းလှမ်းကြည့်ကာ ခေါင်းကို ငုံ့ထား၏။

တတိယအကြိမ်တွင် ကျောက်ဖုန်းက သူ့အား မြင်သွားပြီး လက်ပြလေသည်။

ထိုနောက် သူစားပွဲဆီသို့ လျှောက်သွားလိုက်၏။

"မင်္ဂလာပါ မစ္စတာကျန်း မစ္စကျန်း" အစ်ကိုလုန်က နှုတ်ဆက်သည်။

"အင်း" ကျန်းဟန်က အသာခေါင်းညိတ်လိုက်ပြီး မေးသည်။ "မင်းက ဒီက သူဌေးလား"

"ဟုတ်ပါတယ်။ ကျွန်တော့်နာမည် ခန်းလုံပါ။ ကျွန်တော့်ကို ရှောင်လုံလို့ ခေါ်လို့ရပါတယ်" အစ်ကိုလုန်က ခေါင်းညိတ်ကာ ပြောသည်။

"ထိုင်ပြီး စကားပြောပါ" ကျန်းဟန်က ပေါ့ပေါ့ပါးပါးဖြင့် လက်ပြလိုက်ပြီး ပြောသည်။ "ရှောင်လီကပြောဖူးတယ်။ သူမ ဒီမှာ အလုပ်လုပ်တုန်း မင်းက သူမကို ဂရုစိုက်ပေးတယ်တဲ့"

သူ၏အပြုအမူနှင့် အမူအရာများက အလွန်ယုံကြည်မှုရှိပြီး ဤနေရာ၏ပိုင်ရှင်တစ်ယောက်ကဲ့သို့ပင်။

တစ်ဖက်တွင် ခန်းလုံမှာ ညှော့သည်ပမာပြုမူနေ၏။ သူက အနည်းငယ် မျက်နှာချိုသွေးသလိုခံစားရပြီး ခေါင်းညိတ်ကာ ပြောသည်။

"အင်း...လီလီက အရမ်းပေါ့ပေါ့ပါးပါးနေတတ်ပြီး ညာဏ်ကောင်းတဲ့သူပါ။ သူမ ဒီကိုရောက်လာတကည်းက ကျွန်တော် သူမကို တန်ဖိုးထားပါတယ်။ အဲ သူမရဲ့သူဌေးတစ်ယောက်အနေနဲ့ တန်ဖိုးထားတာပါ။ ဒီဂျေတစ်ယောက်အနေနဲ့ သူမရဲ့အရည်အချင်းကိုလည်း သဘောကျပါတယ်။ သူမက တကယ်တော်ပါတယ်။ ဒီမှာ သူမက အကောင်းဆုံးဒီဂျေပါ"

ခန်းလုံ၏အလွန်သတိထားနေဟန်ကိုမြင်သည့်အခါ ဇီယန် ပြုံးလိုက်သည်။

သူမ ကျန်းဟန်အကြောင်း ပိုရှိပိုရှိပင် သိချင်လာ၏။ ခန်းလုံ၏တုံ့ပြန်မှုက ကျန်းဟန်ကို ကြောက်ရွံ့နေကြောင်း ပြသနေသော်လည်း ကျန်းဟန်သည် ဟောင်ကောင်တွင်နေသည်မှာ တစ်လသာသာ သာရှိနေသေး၏။ အစောပိုင်းက သူ ပြိုင်ကားသွားမောင်းစဉ်ကလည်း မစ္စတာယဲ့က ကျန်းဟန်အား လေးစားနေခဲ့သည်။ ဆိုလိုသည်မှာ...

...သူ ငါ့ဆီကနေ ဘယ်လောက်များ ဖုံးကွယ်ထားသလဲ...

...ဟွန့် လျှို့ဝှက်ဆန်းကြယ်နေသေးတယ်ပေါ့။ အရှုး...

သူမ တွေးလိုက်၏။

-အခန်း(၃၂၁)ပြီး

wunzinnosp

## အခန်း(၃၂၂) အခွင့်အရေး

ဇီယန် နှာခေါင်းရှုံ့လိုက်၏။

သို့သော် သူမ ဘာမှမမေးချေ။ အဘယ်ကြောင့်ဆိုသော် ကျန်းဟန်က သူမအား ထိုလျှို့ဝှက်ချက်များကို ပြောပြရန် သင့်တော်သည့်အချိန်ကို စောင့်နေကြောင်း ပြောခဲ့ပေသည်။

သူပြောခဲ့သည်က... ထိုအခိုက်အတန့်မှာ လှပပေလိမ့်မည်။

ဤသို့ဆိုပါက ၎င်းမှာ အလွန်လှပနေမည်မှာ သေချာပါသည်။

ဇီယန်သည် မနေ့က သူမအား အချစ်ဝန်ခံသည့် မြင်ကွင်းကို အမှတ်တမဲ့ဖြင့် သတိရမိသွားသည်။

နှလုံးသားပုံစံ အဆောက်အဦး၏မီးများ၊ ဖယောင်းတိုင်များ၊ မီးပုံးပျံများ၊ ပန်းပွင့်လွှာများ၊ မီးရှူးမီးပန်းများ၊ လက်ရာ

မြောက်သည့်ကိတ်မုန့်နှင့် ရိုမန်တစ်ဆန်သည့် အချစ်သီချင်းများ... ပြီးတော့... အနမ်းများ....

၎င်းကို တွေးလိုက်တိုင်း ဇီယန် အလွန်ကြည်နူးကာ အံ့သြမှင်သက်ရသည်။

သူမ တောက်ပသည့်မျက်လုံးဝိုင်းကြီးများကို မိတ်တုတ်မိတ်တုတ်လုပ်ကာ ကျန်းဟန်အား တိတ်တဆိတ် စိုက်ကြည့်နေသည်။

ကျန်းဟန်က ခန်းလုန်အား ပြုံးကာ ပြောသည်။ "ရှောင်လီ ဒီမှာရှိတာ နှစ်အနည်းငယ်ကြာပြီမလား”

"ဟုတ်ပါတယ်” ခန်းလုန်မှာ ဆရာရှေ့ရောက်နေသည့် ကျောင်းသားတစ်ယောက်ပမာ ရိုရိုကျိုးကျိုးထိုင်နေသည်။ သူ လေးလေးနက်နက်ဖြင့် ပြန်ဖြေ၏။ "သူ ဒီမှာရှိတာ သုံးနှစ်ကျော်ပါပြီ”

သူ၏ထိုပုံစံအား မြင်သည့်အခါ ဇီယန် မရယ်ဘဲမနေနိုင်တော့ချေ။ "ဘာလို့ ဒီလောက်သတိထားနေတာလဲ။ သူက ကျားမဟုတ်ပါဘူး"

"အာ...ဟုတ်ကဲ့ပါ မဒမ်။ ကျွန်တော် သက်သာသလိုနေပါမယ်" ခန်းလုန်က စိတ်လှုပ်ရှားစွာဖြင့် ပြန်ပြောသည်။

သူ သက်သာသလိုနေမည်ဟု ပြောလိုက်သော်လည်း အတွင်းစိတ်ထဲတွင်တော့ အပ်များပေါ် တက်ထိုင်နေရသကဲ့သို့ တုန်လှုပ်နေဆဲပင်။

သူ အလွန်စိုးရိမ်နေပြီး ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ဖြစ်နေ၏။ ရှင်ဘုရင်၏အပေါင်အပါဖြစ်ရခြင်းသည် ကျားတစ်ကောင်နှင့်နေထိုင်ရသကဲ့သို့ဖြစ်သည် ဟူသော ဆိုရိုးစကားအတိုင်း ဖြစ်နေရော့သလားဟု သူ သံသယဝင်လာမိသည်။

သို့သော် ရှားရှန်ဟောင်နှင့် စကားပြောသည့်အချိန်တွင်တော့ သူ ဤသို့ မခံစားဖူးချေ။

မည်သို့ပင်ဆိုစေကာမူ သူသည် ဤနေရာ၏သူဌေး ဖြစ်သည်ပင် မဟုတ်ပါလား။ အနည်းငယ် အသက်ပြင်းပြင်းရှူ လိုက်ပြီးနောက် သူ အတန်သင့် တည်ငြိမ်လာသည်။

"လွန်ခဲ့တဲ့နှစ်တွေအတွင်း ရှောင်လီ ပြဿနာတစ်ခုခုကြုံခဲ့ သေးလား" ကျန်းဟန်က ပေါ့ပေါ့ပါးပါး မေးသည်။

"အဲ... ပြဿနာလား... မရှိပါဘူး" ခန်းလုန်က ခေါင်းယမ်း သည်။ ထိုနောက် သေသေချာချာစဉ်းစားလိုက်ပြီးနောက် ထပ်ပြော၏။ "လီလီ ဒီကိုရောက်စတုန်းကတော့ ပိတ်ဝန်းကျင် နဲ့သိပ်မရင်းနှီးသလို သူငယ်ချင်းလည်းမရှိဘူးလေ။ အဲဒီအချိန် တုန်းက ဒီမှာ နောက်ထပ် မိန်းကလေးဒီဂျေတစ်ယောက် လည်းရှိတယ်။ သူမက တော်တော်လေး မာနကြီးပြီးတော့ လီ လီကိုလည်း အမြဲတမ်း ဖယ်ထုတ်ဖို့ ကြိုးစားလေ့ရှိတယ်။ လီ လီ သည်းမခံနိုင်ဘဲ မကြာခင်ထွက်သွားလိမ့်မယ်လို့တောင် ကျွန်တော် ထင်ခဲ့တာ"

ထိုအကြောင်းကို ပြောပြီးနောက် ခန်းလုန် ပြုံးကာ ဆက်ပြောသည်။

"ဒါပေမယ့် သူမက ရဲရင့်ပြီးတော့ စိတ်ဓာတ်ခိုင်မာလိမ့်မယ်လို့ ကျွန်တော် မမျှော်လင့်ခဲ့မိဘူး။ သူမ အနိုင်ကျင့်ခံရပြီးတာနဲ့ အဲဒီမိန်းကလေးဒီဂျေရဲ့ ခေါင်းကို ဝိုင်ပုလင်းနဲ့ တန်းပြီး ရိုက်ခွဲပစ်လိုက်ပါရော။ သူမက တည့်တိုးဆန်ပြီး ပေါ့ပေါ့ပါးပါး နေတတ်တဲ့သူပါ။ အဲဒီနောက်တော့ ကျွန်တော်လည်း သူမကို လေးစားသွားပြီး အဲဒီမိန်းကလေးဒီဂျေကို အလုပ်ထုတ်လိုက်တယ်။ ပြီးတော့ လီလီက အတော်လေးလှတာကြောင့် ဒီမှာ သူမကို လိုက်တဲ့သူတွေအများကြီးရှိတယ်လေ။ ဒါပေမယ့် သူမက ဘယ်သူနဲ့မှ မဒိတ်ခဲ့ဖူးဘူး"

သူမသည် မည်သူနှင့်မှ မဒိတ်ဖူးသလို သူ့ကိုပင် ငြင်းခဲ့ဖူးလေသည်။

ခန်းလုန်သည်လည်း ကျန်းလီအား အရင်က လိုက်ခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ချေ။ နောက်ပိုင်းတွင် သူ၏လက်ရှိ

ဇနီးနှင့် တွေ့ခဲ့ပြီး ကျန်းလီအကြောင်း မတွေးဖြစ်တော့။ ထို အချိန်ကတည်းက သူတို့သည် သာမန်သူငယ်ချင်းများသာ ဖြစ်လာခဲ့ကြသည်။

"အင်း. သူမက မင်းကို သူငယ်ချင်းလိုဆက်ဆံတာကို ငါ မြင်ပါတယ်" ကျန်းဟန်က ခေါင်းညိတ်ကာ နာရီကိုတစ်ချက် ကြည့်သည်။ "ရှောင်ဖုန်းက လဆန်းပင်လယ်ကွေ့မှာ မကြာ ခင် ဘားတစ်ခုဖွင့်လိမ့်မယ်။ အဲဒါ ရှောင်လီအတွက်လေ။ မင်း စိတ်ဝင်စားရင် အဲဒီကိုသွားလို့ရတယ်။ အခု နောက်ကျနေပြီ။ မင်းလုပ်စရာရှိတာသွားလုပ်ပါ"

ထိုစကားကိုပြောပြီးနောက် သူ ဇီယန်ကို ကြည့်လိုက် သည်။ ပေါ့ပေါ့ပါးပါးဖြင့် ပြုံးကာ ပြောလိုက်၏။ "ဟိုမှာသွားပြီး ပျော်ချင်လား"

"အမ်..." ဇီယန်က ဒန့်စင်းဖလောကို လှမ်းကြည့်ကာ ခေါင်းညိတ်လိုက်သည်။ "ကောင်းပြီ သွားရအောင်"

ထိုနောက် ဇီယန် မတ်တပ်ရပ်ကာ ကျန်းဟန်၏လက်ကို ဆွဲ၍ ဒန့်စင်းဖလေသို့ လျှောက်သွားသည်။

ထိုနောက်တွင် ကျောက်ဖုန်းနှင့် အားဟူတို့လည်း သူတို့နောက်သို့ လိုက်ရန် ဆုံးဖြတ်လိုက်ကြ၏။ ကျောက်ဖုန်းက မသွားခင် ထိုင်နေဆဲဖြစ်သည့် ခန်းလုန်၏ပုခုံးကို ပုတ်ကာ ပြောလိုက်သည်။ "ဒီမှာပဲ ထိုင်မနေနဲ့။ အဲဒါ မင်းအတွက် အခွင့်အရေးပဲ။ မင်းကိုယ်ဘာသာ စဉ်းစားပေါ့"

"အာ...အင်း ကောင်းပါပြီ" ခန်းလုန်က ၎င်းကိုကြားသည့်အခါ ကျောက်ဖုန်းအား ငေးကြောင်ကြောင်ကြည့်ကာ ပြန်ဖြေသည်။

ကျန်းဟန်နှင့် ဇီယန်မှာ ဒန့်စင်းဖလေသို့ လျှောက်သွားကြပြီး ကျောက်ဖုန်းနှင့် အားဟူက သူတို့အနီးမှ လိုက်လာကြသည်။ လေ့ချင်းသည် ပတ်ဝန်းကျင်အား ကြည့်လိုက်ပြီးနောက် အလုပ်ပြန်ဝင်သည်။

ခန်းလုန် သတိပြန်ဝင်လာပြီးနောက် တာဟဲနှင့် အခြားသူများကို လက်ပြကာ ပြောလိုက်သည်။ "မင်းတို့ ဘာရပ်လုပ်နေတာလဲ။ ဒန့်စင်းဖလေ‌ာကိုသွားပြီး မစ္စတာကျန်းအတွက် နေရာလုပ်ပေးလိုက်လေ”

"သိပါပြီ” တာဟဲက ခေါင်းညိတ်ကာ သူ့လူငါးယောက်နှင့်အတူ ဒန့်စင်းဖလေ‌ာသို့ လျှောက်သွားသည်။

သူတို့ထွက်သွားပြီးနောက် စားပွဲတွင် ခန်းလုန် တစ်ယောက်တည်းသာ ကျန်နေခဲ့သည်။ သူအနည်းငယ် အတွေးနက်နေခဲ့၏။

"အခွင့်အရေးလား”

ခန်းလုန် ဆိုဖာပေါ်ထိုင်နေရင်း ပူလာသဖြင့် ဝိုင်တစ်ခွက် ငှဲ့လိုက်သည်။

အရင်ဆုံးဝိုင်တစ်ငုံသောက်လိုက်ပြီးနောက် အကုန်လုံး မော့သောက်လိုက်သည်။

သူစဉ်းစားနေခဲ့၏။ ဤသည်မှာ သူ၏လုပ်ငန်းဖြစ်ပြီး ဤနေရာတွင် သူ့အား သူဌေးဟု ခေါ်နိုင်သ်ည။ အခြားသူအတွက် အလုပ်သွားလုပ်ပါက လွတ်လပ်မှုနှင့် သက်သောင့်သက်သာရှိမည်မဟုတ်ချေ။

အဓိကမှာ ကျန်းဟန်၏နောက်ခံအကြောင်း သူ မသိခြင်းပင်။

"ဒါက အခွင့်အရေးတစ်ခုလား”

ခန်းလုန်တုံ့ဆိုင်းနေသည်။

နောက်ဆုံးတွင် သူ ဖုန်းကိုထုတ်ကာ ရှားရှန်ဟောင်၏နံပါတ်အား ခေါ်လိုက်၏။

"သူဌေး အားလား။ ကျွန်တော် တစ်ခုလောက် မေးချင်လို့” ခန်းလုန် မေးလိုက်သည်။

"ရှောင်လုန်လား။ ဘာမေးချင်လို့လဲ။ ငါအလုပ်များနေတယ်။ မင်း တစ်မိနစ်ပဲ အချိန်ရတယ်" ရှားရှန်ဟောင်က တည်ငြိမ်စွာ ပြန်ပြောသည်။

"အင်း... ကျွန်တော် ကျောက်ဖုန်းရဲ့သူဌေး မစ္စတာကျန်း အကြောင်း မေးချင်လို့"

"မင်းက ဘာလို့ သူ့အကြောင်းမေးချင်တာလဲ"

"အာ... မစ္စတာကျန်းက ကျောက်ဖုန်း ဘားတစ်ခုဖွင့်တော့မှာမလို့ ကျွန်တော့်ကို စီမံဖို့ ခေါ်နေတာ"

"ဖူး...ဘာကြီး"

ရှားရှန်ဟောင်မှာ သောက်နေသည့်ဝိုင်များပင် ထွေးထုတ်လိုက်မိသည်ကို ခန်းလုန်ကြားလိုက်ရသည်။ "ရှောင်လုန် မဟုတ်သေးဘူး အားလုန် မဟုတ်သေးပါဘူး ညီလေးလုန် မင်း ဘာပြောလိုက်တာလဲ" သူ အနည်းငယ် စိတ်လှုပ်ရှားစွာ ပြောလာသည်။

"မစ္စတာကျန်းက ကျွန်တော့်ကို အဲဒီဘား စီမံခန့်ခွဲဖို့ ခေါ်ခဲ့တာလို့ ပြောတာပါ" ခန်းလုန်မှာ တစ်ခုခုတော့တစ်ခုခုဟု ခံစားလိုက်ပြီး အဓိပ္ပာယ်ပါပါပြောလိုက်သည်။ "မစ္စတာကျန်းရဲ့ နောက်ခံကို ကျွန်တော် မသိဘူး ကျွန်တော့်ရဲ့ ကြယ်ကောင်းကင်ဘားက လည်ပတ်နေသေးတယ်။ ကျွန်တော် တို့ဆိုင်းနေလို့။ သူ့ငွေးက ပိုပြီး အမြင်ကျယ်တယ်လေ။ အဲဒါတောင့် ကျွန်တော် သူ့ငွေးကို မေးတာပါ"

"အာ....မင်းကို ဘယ်လိုပြောရမလဲ ငါ့ညီရာ။ ညီလေးလုန် မင်းသာ မစ္စတာကျန်းနဲ့ အဆက်အစပ်ရှိသွားမယ်ဆိုရင် မင်းဝမ်းသာသင့်တယ်။ မစ္စတာကျန်းက တောင်ပိုင်းကျွန်းမြေအောက်ဂိုဏ်းတွေအကုန်လုံးထက်ကို ပိုပြီး အင်အားကြီးတဲ့သူ။ သူက အင်မတန်ဩဇာလွှမ်းမိုးမှုရှိတယ် နားလည်လား"

"…"

ထိုစကားကိုကြားလိုက်ရသည်နှင့် ခန်းလူ့ မောဟိုက်လာသည်။ သူ၏နှလုံးခုန်နှုန်းများ မြန်ဆန်လာပြီး မျက်နှာမှာ နီရဲလာသည်။ သူ တုန်လှုပ်ကာ မေးသည်။ "အဲဒါ အမှန်ပဲလား”

"မင်းက ဒီနယ်ပယ်ကမဟုတ်တော့ ဒီအဆင့်အတန်းတွေကို သိမှာမဟုတ်ဘူး။ ငါသိတယ်ဆိုတာတောင် အပေါ်ယံပဲရှိတယ်။ တိုတိုပြောရရင် မင်းရဲ့လုပ်ငန်း ကြယ်ကောင်းကင်ဘားဆိုတာ မစ္စတာကျန်းအတွက် ဘာမှမဟုတ်ဘူး”

"အင်း ကျွန်တော်သိပါပြီ။ ကျေးဇူးပါသူဌေး”

"ဟေး ငါ့ကို အစ်ကိုလို့ပဲခေါ်ပါ။ ဒီလောက် ယဉ်ကျေးနေဖို့ မလိုပါဘူး”

"…”

ဒန့်စင်းဖလောတွင်..

ကျန်းဟန်နှင့် ဇီယန်သည် ရှေ့ထောင့်တစ်ခုတွင် ရှိနေသည်။

ကျောက်ဖုန်း၊ အားဟူ၊ တာဟဲနှင့် အခြားသူများက စက်ဝိုင်းတစ်ခုပြုလုပ်ကာ ဝိုင်းရံထားကြ၏။

သီချင်းသံမှာ ယခုအချိန်၌ သာယာငြိမ့်ညောင်းလှသည်။ တဖြည်းဖြည်းနှင့် ၎င်းမှာ ဟဲဗီးမက်တယ်ဂီတဘက်သို့ ကူးပြောင်းလာပြီး ခံစားချက်များ ပို၍ပို၍ အားကောင်းလာသည်။ ကခုန်ရမည့်အချိန်ရောက်ပြီဟု လူတိုင်း ခံစားနိုင်၏။

နောက်ဆုံးတွင် စည်းချက်များမှာ မြန်ဆန်လာပြီး EDM ၏ ပါဝါကို ထုတ်လွှတ်လေသည်။

ကျန်းလီက ဦးဆောင်က လက်များကိုမြှောက်၍ စင်မြင့်ပေါ်တွင် ခုန်ကလေသည်။

လူအများစုလည်း စတင်၍ ကခုန်ကြ၏။

"ဝိုး…"

ဇီယန်သည်လည်း သူမ၏လက်များကို ဆန့်တန်းကာ စီးချက်အတိုင်း လိုက်၍ အော်ဟစ်သည်။ ထိုနောက်

သူမ၏ခန္ဓာကိုယ်မှာ စတင်လှုပ်ရှားလာပြီး ရှည်လျားသော ဆံနွယ်များက လှိုင်းလုံးများပမာ ကခုန်ဝှေ့ယမ်းနေသည်မှာ အလွန်မျက်စိပသာဒဖြစ်လှသည်။

မီးရောင်မှာ တစ်ခါတစ်ရံ မှိန်ဖျော့သွားလိုက် တစ်ခါတစ်ရံ လင်းလက်လိုက်ဖြင့် လူများမှာ ဇီယန်၏ပါးပြင်အောက်ပိုင်း၊ သူမ၏နှာတံသွယ်သွယ်၊ စွဲဆောင်မှုရှိသည့် နှင်းဆီရောင် နှုတ်ခမ်းများ၊ ရံဖန်ရံခါအပြုံး၊ ကျောက်စိမ်းကဲ့သို့ ဖြူဖွေးသည့် သွားကလေးများ၊ သူမ၏ပြီးပြည့်စုံသော ခန္ဓာကိုယ် ကောက်ကြောင်းနှင့် သွယ်လျသည့် ခြေတံလေးများကို မြင်နိုင်ကြသည်။

သူမ၏ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းက အလွန်လှပသည်ဟု ပြောရပေမည်။ ထိုအစိတ်အပိုင်းများကို ပေါင်းစပ်လိုက်သည့်အခါ လုံးဝမှော်ဆန်လွန်းသွားပြီး သူမမှာ အလွန်အမင်းကို စွဲဆောင်မှုရှိနေလေသည်။ (T’s Note - ကျွန်တော့်မျက်လုံးထဲမှာတော့ ဂူးဂူးလို့သိကြတဲ့ မမလျိုယိဖေးကို သွားမြင်တယ်ဗျာ ဟဲဟဲ)။

ကျန်းဟန်၏အမူအရာမှာ အနည်းငယ် ဖမ်းစားခံလိုက်ရပုံပေါ်၏။

တဖြည်းဖြည်းနှင့် ဇီယန်၏ဖမ်းစားခံလိုက်ရသည့် ယောကျ်ားအချို့လည်းရှိလာသည်။

သူ့ကိုယ်သူ ကမ္ဘာ့တတိယအချောဆုံးလူဟု ထင်နေသည့် ဆံပင်ဘန်း...အဝါရောင်အမျိုးသားတစ်ယောက်မှာ တိုးလာသည်။ သူ အနားသို့ရောက်သည့်အချိန်တွင်...

ဒိန်း...

လူတစ်ယောက်က လူသတ်ချင်သည့်အကြည့်ဖြင့် သူ၏ရှေ့တွင် လာပိတ်ရပ်လေသည်။

သူ အနီးကပ်ကြည့်လိုက်ရာ ၎င်းမှာ တာဟဲဖြစ်သည်ကို တွေ့လိုက်၏။

...သူဘာလို့ မျက်လုံးပြူးပြီး အဲ့မှာရပ်နေတာလဲ...

ဆံပင်အဝါရောင်နှင့်လူမှာ အနည်းငယ် ပဟေဋ္ဌိဖြစ်သွားပြီး ရှုးကြောင်ကြောင် တွေးလိုက်၏။ ခဏလောက်စဉ်းစားပြီးနောက် သူ ထိုအကြံကို စွန့်လွှတ်လိုက်သည်။ ထိုနောက် ဘာမှမပြောတော့ဘဲ အခြားပစ်မှတ်များကို လှည့်ပတ်ကြည့်၏။

သူ၏အမြင်တွင် တာဟဲမှာ အရက်အလွန်မူးနေခြင်း ဖြစ်နိုင်ပေသည်။

အခြားယောက်ျားအချို့လည်း ရောက်လာကြသော်လည်း တာဟဲနှင့် သူ့လူများအား တွေ့သည့်အခါ သူတို့၏မျက်လုံးပြူးကြီးများကိုသာ မြင်လိုက်ရသည်။

ကျောက်ဖုန်းနှင့် အားဟူမှာတော့ ပို၍ သဘောကောင်းပေသည်။ သူတို့သည် သူတို့ရှေ့မှလူများကို လက်ယမ်းပြကြရုံသာရှိ၏။

သူတို့၏စောင့်ကြပ်မှုအောက်တွင် ကျန်းဟန်နှင့် ဇီယန်မှာ စိတ်အနှောင့်အယှက်မဖြစ်ခဲ့ရချေ။ နာရီဝက်နီးပါး ကခုန်ပြီး

နောက် ဇီယန်သည် အနားယူရန် ကျန်းဟန်အား စားပွဲဆီသို့ ပြန်ဆွဲခေါ်လာသည်။

ထိုအချိန်အတွင်း၌ ခန်းလုန်မှာ အလွန်စိတ်အားထက်သန်နေ၏။ သူသည် ရင်ဘတ်အားပုတ်ကာ ဘားအတွက် အစွမ်းကို ကြိုးစားပေးမည်ဟု ပြောခဲ့သည်။

ကော့တေးအနည်းငယ်သောက်ပြီးနောက် ကျန်းဟန်က နာရီကို တစ်ကြည့်လိုက်၏။ အချိန်မှာ ၉ နာရီ ၄၀ ရှိပြီဖြစ်သည်။ ထို့ကြောင့် ဇီယန်အား ကြည့်ကာ ပြောလိုက်သည်။

"မစောတော့ဘူး။ ကိုယ်တို့ ပြန်ရအောင်”

"အင်း ကျွန်မတို့ မပြန်ရင် မုန့်မုန့်က စိတ်ပူနေလိမ့်မယ်”

ထို့ကြောင့် ခန်းလုန်က ကျန်းဟန်တို့အား ဘားထွက်ပေါက်သို့ လိုက်ပို့ပေးသည်။

"မုန့်မုန့်ကို တစ်နေ့လုံးမတွေ့ရဘူး။ သူမကို လွမ်းနေပြီ”

ကားပေါ်တက်ပြီးနောက် ကျန်းဟန်က လီဗာကို ခပ်ပြင်း ပြင်းနင်းကာ လဆန်းပင်လယ်ကွေ့သို့ အမြန်မောင်းလာ၏။

"ကျွန်မကိုရော တစ်ရက်လောက်မတွေ့ရရင် လွမ်းနေမှာ လား" ခရီးသည်ခုံတွင် ထိုင်နေသော ဇီယန်သည် ကျန်းဟန် အား စိုက်ကြည့်ကာ မေးသည်။

သူ၏အဖြေက မလွမ်းဘူး ဟုဖြစ်ခဲ့လျှင် သူ့အား လက်သီး ဖြင့်ထိုးတော့မည်ကို သူမ၏အမူအရာက ပြသနေ၏။

"သေချာပေါက်..." ကျန်းဟန်က လေးတွဲ့စွာပြောသည်။ ဇီ ယန်မျက်လုံးများ ပြူးလာသည့်အချိန်တွင် သူအမြန်ထပ်ပြော လိုက်သည်။ "ကိုယ်လွမ်းနေမှာပေါ့။ ကိုယ်မင်းကို ခဏလေးမ တွေ့ရရင်ကို လွမ်းနေမှာ။ မင်းသိလား။ ကိုယ်မင်းကို နေ့ရော ညပါ လွမ်းနေရမှာ။ မဟုတ်သေးဘူး အချိန်တိုင်း စက္ကန့်တိုင်း ကို မင်းကို လွမ်းနေမှာ"

"ဟွန့် ရှင့်မှာ အပြောကောင်းတဲ့လျှာလေးရှိသားပဲ" ဇီ ယန်၏မျက်လုံးများက ထိုစကားများကိုကြားရသည့်အတွက်

သူမပျော်ရွှင်နေကြောင်း ပြသနေသော်လည်း သူမက အသာအယာ နှာခေါင်းရှုံ့လိုက်သေးသည်။ သူမ ခေါင်းကိုလှည့်ကာ တည့်တည့်ထိုင်လိုက်ပြီး ပြောသည်။ "ဒီနေ့က တော်တော်ပျော်ဖို့ကောင်းတဲ့နေ့ပဲ။ ကျွန်မ ဒီလိုမျိုး မပျော်ရတာ တော်တော်ကြာပြီ"

"နောင်ကျရင် ကမ္ဘာတစ်ဝှမ်းလုံးရော စကြဝဠာတစ်ခုလုံးမှာပါ ပျော်ဖို့အတွက် ကိုယ်မင်းကို ခေါ်သွားပေးမယ်"

ဇီယန် ရယ်လေသည်။ "ရှင်ပေါက်ကရတွေပြောနေပေမယ့် ကြားရတာတော့ တော်တော်လေးကောင်းတယ်"

"..."

သူတို့ စကားစမြည်ပြောလာရင်း အချိန်ကုန်သွားသည်ကို မေ့လျော့သွားကြ၏။ စားသောက်ဆိုင်သို့ ရောက်ရန် မိနစ်အနည်းငယ်သာ ကြာလိုက်သည်ဟု ခံစားလိုက်ရသည်။

ဆိုင်သို့ပြန်ရောက်သည့်အခါ ကျောက်ဖုန်းက နှုတ်ဆက်ပြီး LandRover ကိုမောင်းထွက်သွားသည်။

ကျန်းဟန်နှင့် ဇီယန်က ဆိုင်ထဲသို့ ဝင်လာကြ၏။ ဆိုင်၏ပထမထပ်တွင် ထိုင်နေသည့် မုံ့ကြီးနှင့် အခြားနှစ်ယောက်လည်း သူတို့အား နှုတ်ဆက်ကာ ပြန်သွားကြသည်။

သူတို့ အထဲသို့ လျှောက်လာရင်း လှေကားထောင့်သို့ရောက်ခါနီးတွင် မုန့်မုန့်၏ စိတ်မရှည်သည့်အသံကို ကြားလိုက်ရသည်။

"ဖေဖေနဲ့ မေမေက ဘာလို့ ပြန်မလာသေးတာလဲ။ အန်တီဖေးဖေး သူတို့ကို မြန်မြန်ဖုန်းဆက်ပေးပါ" ထိုနောက် မုန့်မုန့် လေချဉ်တက်လိုက်သည်။

"ကောင်းပြီ ငါ သူတို့ကို ခေါ်လိုက်မယ်" ကျိုးဖေး ကူကယ်ရာမဲ့စွာ ပြောသည်။

သူမ ဖုန်းကို ထုတ်လိုက်ပြီး ဖုန်းခါနီးမှာပင် ဇီယန်၏အသံ က လှေကားထောင့်မှ ထွက်ပေါ်လာသည်။

"အဟမ်း ဘယ်သူပြန်လာလဲ ကြည့်ပါဦး"

"အာ" မုန့်မုန့် အံ့အားသင့်သွား၏။ သူမ ခေါင်းလေးပြူကာ လှေကားသို့ ကြည့်လိုက်သည်။ ထိုနောက် သူမ၏မျက်လုံးများ တောက်ပလာပြီး အော်လိုက်၏။ "ဂွေ.. မေမေ…" ပြောနေရင်း ဖြင့် သူမ လေချဉ်တက်လိုက်မိသည်။ "ဖေဖေ ပြန်လာပြီ… ဂွေ" နောက်ထပ် လေချဉ်တက်ပြန်သည်။

"ဟေး မုန့်မုန့် ဘာလို့ လေချဉ်တက်နေတာလဲ။ သမီး သရေစာတွေ ဘယ်လောက်စားထားတာလဲ" ဇီယန်က မုန့်မုန့် ဆီ လျှောက်သွားကာ မေးသည်။

"ဂွေ" မုန့်မုန့် နောက်တစ်ခါ လေတက်ပြန်သည်။

-အခန်း(၃၂၂)ပြီး

wunzinnosp

## အခန်း(၃၂၃) သန်မာပါ

မုန့်မုန့် မျက်လုံးများပြူးကာ ခဏလောက်စဉ်းစား လိုက်၏။ သူမလေး လေချဉ်တက်နေရင်းဖြင့် လက်ကလေးကို ခါယမ်းကာ ပြောလေသည်။ "ဟင့်အင်း...သမီး မစားပါဘူး။ သမီး အာလူးကြော်မစားဘူး။ ခရင်မ်တွေလည်း... အများကြီးမ စားဘူး"

သူမလေးမှာ ပြောနေရင်းဖြင့် အကြိမ်ကြိမ် လေချဉ်တက် နေ၏။

"ဟားဟားဟား" မုန့်မုန့်၏ချစ်စရာကောင်းသည့်ပုံစံလေး ကြောင့် ကျန်းဟန်မှာ မရယ်ဘဲမနေနိုင်ခဲ့ချေ။ သူသည် မုန့် မုန့်၏ဘေးတွင် ဝင်ထိုင်လိုက်ပြီး လက်ကိုဆန့်ကာ သူမ၏ရင်ဘတ်အား နူးညံ့စွာ ပုတ်ပေးလိုက်သည်။

သူမလေး လေချဉ်တက်ပြန်၏။

ကျန်းဟန်၏လက်ဖြင့်ပုတ်လိုက်သဖြင့် မုန့်မုန့်မှာ ဂေ့ခနဲ လေအကျယ်ကြီးတက်သွားပြီး ထိုနောက်တွင် လုံးဝရပ်တန့်သွားသည်။

"ဖေဖေ့ကို လွမ်းနေပြီလား" ကျန်းဟန်က မုန့်မုန့်၏ချစ်စရာခေါင်းလေးကို ကိုင်ရင်းမေးသည်။

"လွမ်းတယ်" မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီး သူ၏မျက်နှာအား နမ်းလိုက်၏။

ကျန်းဟန် လှိုက်လဲစွာပြုံးလိုက်မိသည်။ သူ မုန့်မုန့်အား သူ့ရှေ့တွင် ချီထားပြီး မင်းသမီးလေး၏ချစ်စရာမျက်နှာလေးကို နမ်းလိုက်သည်။

"သမီးဖေဖေကိုပဲ တွယ်ကပ်နေတယ်ပေါ့။ မေမေ့ကိုရော မနမ်းတော့ဘူးလား" ဇီယန်က နှုတ်ခမ်းစူက မကျေနပ် ဟန်ဆောင်လိုက်သည်။

"မေမေ့ကိုလည်း နမ်းမယ်" မုန့်မုန့်သည် ဇီယန်၏ရင်ခွင်ထဲသို့ တိုးဝင်လာပြီး သူမ၏မျက်နှာအား နမ်းလိုက်သည်။

"ဒီနေ့ ဘယ်ကိုသွားကြလဲ"

မုန့်မုန့်သူတို့အား နမ်းပြီးနောက် ကျိုးဖေးက သိချင်စိတ်ဖြင့် မေးသည်။

"ဖေးဖေး ဒီနေ့ ငါတို့လုပ်ခဲ့တာတွေကို နင်တွေးကြည့်လို့တောင်ရမှာမဟုတ်ဘူး။ နင့်ရဲ့ခဲအိုကလေ တကယ် အရမ်းအစွမ်းထက်တယ်" ထိုအကြောင်းကိုပြောရင်း ဇီယန်မှာ စိတ်ဝင်စားလာပြီး ကျိုးဖေးအား တောက်ပသည့်မျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ငါ တွေးကြည့်လို့တောင်မရဘူး... နင်တို့ ဘာလုပ်ခဲ့လို့လဲ။ သူ...သူက အစွမ်းထက်တယ်လား" ကျိုးဖေး၏နှုတ်ခမ်းများ အနည်းငယ် တုန်ခါသွားသည်။

သူတို့ဘာလုပ်ခဲ့ကြသနည်း။ သူတို့ ထိုအခိုက်တွင် အလွန် စိတ်လှုပ်ရှားခဲ့ကြရသည်။ ထို့ကြောင့် သူမ ခန့်မှန်းနေဖို့ပင်မလို တော့ချေ။ သူတို အချစ်ပွဲဝင်ခဲ့ကြရပေမည်။ ခဲအိုက အစွမ်းထက်သည်ဟုလည်း သူမ ပြောခဲ့သေးသည်မဟုတ်ပါ လား။

"…”

…သွားပြီ ငါ့ရဲ့အစ်မယန်က ဖြူစင်သန့်ရှင်းတဲ့ ကောင်မလေးမဟုတ်တော့ဘူး…

ကျိုးဖေး၏အမူအရာကိုမြင်သည့်အခါ ဧယန်၏မျက်နှာ လှလှလေးမှာ နီရဲသွားသည်။ သူမ မျက်စောင်းထိုးကာ "နင် ဘာတွေလျှောက်တွေးနေတာလဲ။ ငါတို့ တကယ် ပျော်ဖို့သွား တာ”

"အာ အင်းလေ အဲဒါလည်း ပျော်လို့ရတဲ့နည်းပဲ” ကျိုးဖေး က ခေါင်းညိတ်ကာ ဧယန်အား ငါသိပါတယ် ဆိုသည့်အမူအရာ ဖြင့် ပြောသည်။

"ငါတို့ အပြင်မှာပဲ ပျော်ခဲ့ကြတာ" ဇီယန်က သူမအား မျက်စောင်းထိုးသည်။

"ဘာ နင်တို့ အဲဒါကို အပြင်မှာလုပ်ခဲ့တာလား"

"နင်ကတော့ အရိုက်ခံချင်နေပြီ" ဇီယန် လက်ကိုမြှောက်ကာ ဒေါသတကြီးပြောလိုက်သည်။

"ကောင်းပြီ ကောင်းပြီ ငါခန့်မှန်းကြည့်မယ်" ကျိုးဖေးက နောက်ကိုမှီချကာ ပြောသည်။ "နင်တို့... အပန်းဖြေဥယျာဉ်သွားခဲ့တာလား"

"ဝိုး အပန်းဖြေဥယျာ မုန့်မုန့်လည်း ကြိုက်တယ်" မုန့်မုန့်က လက်ကလေးမြှောက်ကာ ဝင်ပြောသည်။

"မဟုတ်သေးဘူး" ကျိုးဖေးက ခေါင်းယမ်းကာ "မနေ့ကမှ နင်တို့ အပန်းဖြေဥယျာဉ်သွားထားတာ။ ဒီနေ့ သွားမှာ မဟုတ်လောက်ဘူး။... နင်တို့ ရှော့ပင်းထွက်တယ်မလား"

"အဲဒါကို နင်ခန့်မှန်းဖို့လိုသေးတာလား” ဇီယန်မှာ ပြောစရာစကားမဲ့သွား၏။

နေ့လည်က သူတို့ရှော့ပင်းထွက်ပြီးနောက် ပစ္စည်းမြောက်များစွာ အိမ်ပြန်ပို့ခဲ့သည်။ သူမသာ ကန်းနေသူမဟုတ်ပါက သူတို့ ရှော့ပင်းသွားကြောင်း သေချာပေါက်သိပေလိမ့်မည်။

"ငါ တခြား ဘာမှ မခန့်မှန်းတတ်တော့ဘူး။ အစ်မယန် ငါ့ကိုပြောပါ နင်တို့ ဘယ်သွားကြတာလဲ” ကျိုးဖေးက သိချင်စိတ်ပြင်းပြစွာ မေးသည်။

"ဟွန့်” ဇီယန်က နှာခေါင်းရှုံ့လိုက်ပြီး "မနက်ခင်းက အပျော်စီးသင်္ဘောစီးရင်း ရေလွှာလျှောစီးခဲ့တယ်။ လှိုင်းလုံးကြီးတွေက ဘယ်လောက်တောင်မြင့်လဲသိလား။ ခြောက်ထပ်တိုက် ခုနှစ်ထပ်တိုက်လောက်ကို မြင့်တယ်။ ကျန်းဟန်က ရေလွှာလျှောစီးတာ တော်တယ်။ သူက ငါ့ကိုဖက်ထားပြီးတော့ ဂွမ်းတောင်ပစ်သေးတယ်”

"ဝိုး ခဲအို နင် ရေလွှာလျှောစီးတတ်တယ်ပေါ့" ကျိုးဖေးက အံ့သြတကြီးပြောသည်။

"မုန့်မုန့်လည်း ရေလွှာလျှောစီးချင်တယ်။ ဖေဖေ မုန့်မုန့်လည်း အဲဒါလုပ်ချင်တယ်" မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲသို့ တိုးဝင်ကာ နှုတ်ခမ်းလေးစူ၍ပြောသည်။

မင်းသမီးလေးမှာ တစ်ခုခုမှားနေသလို ခံစားလိုက်ရ၏။ သူမ အိမ်မှာနေခဲ့ကာ အရသာရှိသည့် သရေစာများကို တိတ်တိတ်လေးခိုးစားနေခဲ့သော်လည်း သူတို့နှင့်အတူကစားရမည့် ပျော်စရာအချိန်ကောင်းများကိုတော့ လွတ်သွားခဲ့သည်မဟုတ်ပါလား။

"အင်း နောက်ကျရင် ဖေဖေ သမီးကိုခေါ်သွားပေးမယ်" ကျန်းဟန်က ပြုံးကာ ပြောသည်။

"တခြားတစ်ခုခုကစားခဲ့သေးလား" ကျိုးဖေး မေးလိုက်ရင်း သူမ၏မျက်လုံးထဲတွင် အားကျမှုအရိပ်အယောင်များ ပေါ်လာသည်။

သူမသည် အရင်က ရည်းစားမရှိခဲ့ဖူးချေ။ သူမငယ်စဉ်က ယောက်ျားလေးနှစ်ယောက်နှင့်အတော်လေး ရင်းနီးခဲ့သော်လည်း နှစ်ယောက်စလုံးဖြင့် အဆုံးသတ်မရှိခဲ့ချေ။ ထို့ကြောင့် သူမသည် လက်ရှိအချိန်ထဲ စင်ဂယ်ဖြစ်နေဆဲပင်။ ဇီယန်နှင့် ကျန်းဟန်တို့ အတူတူပျော်ရွှင်နေကြသည်ကိုမြင်တော့ သူတို့အတွက် ပျော်ရွှင်ပေးသော်လည်း သူမအနေဖြင့်တော့ အနည်းငယ် ရှုံးနိမ့်သလို ခံစားရသည်။ သူမ၏အချစ်မှာ ဘယ်ကိုရောက်နေမှန်းမသိချေ။

အချစ်အကြောင်းပြောသည့်အခါ သူမ စွဲဆောင်မှုရှိသည့် မင်းသားချောလေးကိုလည်း မတွေးမိသလို ရုပ်ချောသည့် သူဌေးသားကိုလည်း မတွေးမိချေ။ သို့သော် ကောင်လေးတစ်ယောက်အကြောင်းကိုသာ တွေးမိလေသည်။

သူသည် သူမ မူလတန်းကျောင်းတက်စဉ်က ကစားဖော်ဖြစ်သည်။ သူသည် သူမ၏ကျောင်းသို့ ပြောင်းလာခဲ့၏။ သူ ပထမဆုံး ရောက်လာချိန်တွင် အခြားသူများက သူ့အား

အမြဲတမ်းအနိုင်ကျင့်ကြသည်။ သူမက သူ့အား ကူညီပေးခဲ့၏။ ထိုနောက်တွင် တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာကြသည်။ ကောင်လေးမှာ အလွန်ရှက်တတ်ပြီး စကားနည်းသူဖြစ်သည်။ သူမ၏လွှမ်းမိုးမှုကြောင့် တဖြည်းဖြည်းနှင့် ကောင်လေးမှာ ပြောင်းလဲလာခဲ့ပြီး တက်တက်ကြွကြွဖြစ်လာခဲ့၏။ သူတို့ တစ်ယောက်နှင့်တစ်ယောက် သဘောကျနေခြင်းဖြစ်နိုင်သလို သူမဘက်က တစ်ဖက်သတ် သူ့အား သဘောကျနေခြင်းလည်း ဖြစ်နိုင်ပေသည်။

သူထွက်သွားသည့်အချိန်က သူမ၏ပါးကိုနမ်းကာ သူမအား သေချာပေါက် ပြန်လာရမည်ဟု ပြောခဲ့သည်ကို သူမမှတ်မိသည်။ ထိုနေ့က မြင်ကွင်းအား သူမ ဝိုးတဝါးမှတ်မိနေသေး၏။

သို့သော် သူပြန်မလာခဲ့ချေ။

အချိန်တွေကုန်လွန်သွားပြီး အရာရာမှာ ပြောင်းလဲသွားခဲ့သည်။ ကျိုးဖေးသည် ထိုလှပသည့် မှတ်ဉာဏ်များကို တစ်ခါတစ်ရံသာ သတိရမိသည်။

အများနှင့်မတူသည့် သူမ၏ထူးခြားချက်မှာ ကျိုးဖေးသည် သူ မည်သို့သောလူစားဖြစ်သည်ကို မစဉ်းစားခဲ့ဖြင်းပင်။ သူမသည် မည်သည့်အရာကိုမျှ တမင်သက်သက်လိုက်မလုပ်ဘဲ အရာရာကို ကံကြမ္မာအစဉ်အတိုင်းသာ လိုက်လျောညီထွေနေခဲ့သည်။

သူတို့ ၁၀ နာရီ ခွဲခန့်အထိ စကားပြောနေခဲ့ကြ၏။ ၁၀ နာရီခွဲသည့်အချိန်တွင် ကျိုးဖေးက မတ်တပ်ထရပ်ကာ "အစ်မ ယန် ခဲအို နောက်ကျနေပြီ။ ငါပြန်ရ်တော့မယ်။ နင်တို့လည်း စောစောနားသင့်တယ်"

"အရမ်းနောက်ကျနေပြီလေ။ ဒီလိုဆိုရင်ရော..."

ဇီယန်သည် "ဒီည ဒီမှာအိပ်လိုက်ရင်ရော..." ဟု ပြောရန် ပြင်လိုက်သော်လည်း သူမ စကားမဆုံးခင်မှာပင် မဖြစ်သေးပါ

ဘူး ဟု တွေးမိလိုက်သည်။ အကယ်၍ ကျိုးဖေးသာ ဒီမှာနေလိုက်ပါက သူမနှင့် ကျန်းဟန်တ ကုတင်တစ်ခုတည်းတွင် အတူတူအိပ်နေသည်ကို တွေ့သွားပေလိမ့်မည်။

ဇီယန်မှာ အနည်းငယ် ရှက်ရွံ့နေ၏။ ထို့ကြောင့် သူမ စကားပြောင်းကာ ပြောလိုက်သည်။ "နင့်ကိုပြန်ပို့ပေးဖို့ ကျန်းဟန်ကို ပြောလိုက်မယ်လေ”

"ရပါတယ်။ ငါ့ကား အပြင်မှာရှိတယ်။ ကိုယ့်ဘာသာပဲမောင်းပြီးပြန်လိုက်မယ်” ကျိုးဖေးက ခေါင်းယမ်းသည်။ ထို့နောက် သူမ မုန့်မုန့်အား ကြည့်ကာ သူမ၏ချစ်စဖွယ်မျက်နှာလေးအား ဖွဖွဆွဲညှစ်၍ ပြောလိုက်သည်။ "အန်တီဖေးဖေးကို နှုတ်ဆက်ပါဦး”

"အန်တီးဖေးဖေး ဘိုင့်ဘိုင်” မုန့်မုန့်က နာခံစွာပင် သူမ၏လက်ကလေးများကို ဝှေ့ယမ်းပြသည်။

ကျိုးဖေး ပြုံးကာ လှည့်ထွက်သွား၏။

ကျန်းဟန်က သူမအား အပြင်လိုက်ပို့ပေးကာ တံခါး သော့ခတ်ပြီး ဒုတိယထပ်သို့ ပြန်သွားလိုက်သည်။

ဒုတိယထပ်သို့ရောက်သည့်အခါ ဇီယန်နှင့်မုန့်မုန့် မရှိ တော့သည်ကို တွေ့လိုက်ရ၏။ ကျန်းဟန် မျက်လုံးပြူးသွား သည်။ အိပ်ခန်းဆီသို့ အမြန်ပြေးသွားလိုက်ပြီး တံခါးကို ဖွင့် လိုက်၏။

အိုး သူမ ညအိပ်ဝတ်စုံလဲတာ အရမ်းမြန်တာပဲ..

ထိုအချိန်တွင် ဇီယန်မှာ ပန်းရောင်ဖျော့ဖျော့နှင့် ပေါ့ ပေါ့ပါးပါး ညဝတ်အင်္ကျီကို လဲထားပြီးဖြစ်သည်။ ကျန်းဟန် တံခါးဖွင့်လိုက်သည့်အချိန်တွင် သူမသည် မုန့်မုန့်အား အင်္ကျီလဲ ပေးနေသည်။

"ပုံပြင်ပြောချိန်ရောက်ပြီ"

မုန့်မုန့်သည် ညဝတ်အင်္ကျီဝတ်ပြီးသည်နှင့် ဇီယန်နှင့်အတူ အိပ်ရာပေါ် လှဲချလိုက်၏။

ၸင်းကိုမြင်သည့်အခါ ကျန်းဟန် အဝတ်အစားများကိုအမြန်ချွတ်လိုက်ပြီး အတွင်းခံဘောက်ဆာဖြင့် အိပ်ရာပေါ်တက်လိုက်သည်။

သူ့အား စောင့်နေသည့် မုန့်မုန့်နှင့် ဇီယန်ကို ကြည့်ပြီး ကျန်းဟန် ပြုံးကာ ပြောသည်။ "ဒါဆို ဖေဖေ ဆက်ပြောတော့မယ်"

"လူပုဘုရင်ကြီးနဲ့ အမှောင်ဘုရင်ကြီးတို့က အတူတူပူးပေါင်းပြီး ရတနာတွေလိုက်ရှာခဲ့ကြတယ်။ သူတို့ ကမ်းခြေကိုဘေးမသီရန်မခဘဲ ရောက်လာကြတာပေါ့။ လူပုလေးတွေက လှေလုပ်ဖို့အတွက် သစ်ပင်တွေခုတ်ကြတယ်..."

ဆယ်မိနစ်ခန့်ပြောပြီးနောက် ကျန်းဟန်သည် မုန့်မုန့်ရော ဇီယန်ပါ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသည်ကို တွေ့လိုက်ရ၏။

ထိုနောက် ကျန်းဟန်သည် မုန့်မုန့်အား ကုတင်လေးပေါ်သို့ ရွှေ့ပေးလိုက်ပြီး ကုတင်ကြီးပေါ်သို့ ပြန်သွားသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်က ကျန်းဟန်လဲလျောင်းလိုက်ပြီး နှစ်မိနစ်ပင်မကြာလိုက်ခင် ဇီယန်က လှည့်လာကာ ကျန်းဟန်၏ရင်ခွင်ထဲသို့တိုးဝင်ကာ သူမ၏လက်နှစ်ဖက်က ကျန်းဟန်၏ဗိုက်အား သိုင်းဖက်လိုက်သည်။ သူမ၏ခြေတံသွယ်လေးများကလည်း ကျန်းဟန်အား သိုင်းခွထားလေသည်။ သူမ အနည်းငယ်လှုပ်ရှကာ ပါးစပ်ကရေရွတ်လိုက်ပြီးနောက် တဖြည်းဖြည်း တိတ်ဆိတ်သွား၏။

ကျန်းဟန် အနည်းငယ်ပြုံးလိုက်ပြီး ခေါင်းငုံ့ကာ ဇီယန်၏နဖူးကို နမ်းလိုက်သည်။ ထိုနောက် သူလည်း တဖြည်းဖြည်းအိပ်ပျော်သွားခဲ့၏။

ညသည် တိတ်ဆိတ်စွာဖြင့် ကုန်ဆုံးသွားခဲ့သည်။

နောက်တစ်နေ့ မနက် ၈ နာရီတွင် ကျိုးဖေး စားသောက်ဆိုင်သို့ အပြေးအလွှားရောက်လာသည်။ ထိုအချိန်၌ ကျန်းဟန်တို့မိသားစုမှာ ဒုတိယထပ်တွင် မနက်စာစားနေကြသည်။ ကျိုးဖေးသည် အပေါ်ထပ်သို့ အရင်ဆုံးတက်

သွား၏။ သူတို့အား မြင်လိုက်ရပြီးနောက် အောက်ထပ်သို့ပြန် ဆင်းကာ စားစရာများယူကာ အပေါ်ပြန်တက်လာသည်။

သူမ ထမင်းစားခါနီးတွင် ကျိုးဖေးသည် ဇီယန်အား တစ်ချက်ကြည့်လိုက်၏။ သူမ ရပ်တန့်ကာ ပြောလိုက်သည်။

"အစ်မယန် ဘာလို့ ခုထိ ညဝတ်အင်္ကျီဝတ်ထားတာလဲ"

"ငါခုမှ အိပ်ရာထတာ။ အင်္ကျီမလဲရသေးဘူး" ဇီယန်က ပြန်ဖြေသည်။

"အချိန်မီပါ့မလား" ကျိုးဖေး မေးသည်။

"ဘာကိုလဲ"

"ငါတို့ ကုမ္ပဏီကိုသွားကြမယ်လေ"

"အိုး ငါဒီနေ့မသွားဘူး... မနက်ဖြန်လည်း မသွားဘူး" ဇီယန် နှုတ်ခမ်းကို သပ်ကာ ပြောလိုက်သည်။

"အမ်" ကျိုးဖေး အံ့အားသင့်သွား၏။ "ငါတို့အရင်က ဒီလို နေလို့ပေမယ့် အခုက...ငါတို့ အကုန်လုံးရဲ့ပစ်မှတ်ဖြစ်လာလိမ့် မယ်"

ဇီယန် အလွန်ပေါ်ပြူလာဖြစ်သည့်အချိန်က သူမတွင် ပြောပိုင်ခွင့်ရှိပေသည်။ ရုပ်ရှင်ရိုက်ကူးခြင်း သို့မဟုတ် အချို့ သောလုပ်ငန်းဆောင်တာများကို ပြုလုပ်ပြီးတိုင်း ရက် အနည်းငယ်ကြာ အနားယူနိုင်သည်။ သို့သော်... ယခုအချိန် ကား... အချိန်များမှာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ယခုက ကုမ္ပဏီတွင် သူတို့အား ပစ်မှတ်ထားသူများရှိနေသည်။ ထို့ကြောင့် သူတို့ အနားယူနေခြင်းက သူမအား တိုက်ခိုက်ရန် အကြောင်းပြချက်ပေးလိုက်သလိုဖြစ်သွားပေမည်။

အခြေအနေတစ်ခုလုံးကိုခြုံငုံသုံးသပ်၍ ကျိုးဖေးသည် ကုမ္ပဏီသို့သွားရန် လိုအပ်နေသေးသည်ဟု ခံစားမိ၏။

သို့သော်...

"အားလုံးအတွက် ပစ်မှတ်ထားဖို့အကြောင်းပြချက်လား” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်ပြီး "ဒါက ဖျော်ဖြေရေး ကုမ္ပဏီလေးတစ်ခုပဲကို။ ဘာလို ဂရုစိုက်နေတာလဲ။ မသွားချင်ဘူးဆိုရင် မသွားနဲ့ပေါ့။ နှုတ်ထွက်လိုက်တာကပဲ ပိုကောင်းမယ်လို့ ကိုယ်ထင်တယ်”

"အမ်” ကျိုးဖေး၏နှုတ်ခမ်းများ အနည်းငယ် တောင့်တင်းသွား၏။ သူ၏စကားများမှာ အလွန်ရယ်စရာကောင်းသည်ဟု ခံစားမိသည့်အတွက် သူမ ပြောလိုက်သည်။ "ခဲအို ဒါက အဲ့လောက်မရိုးရှင်းဘူး။ ငါတို့ စာချုပ်ချုပ်ထားတာ။ စာချုပ်ကို တစ်ဖက်သတ်ဖောက်ဖျက်ရင် သန်း ၃၀၀ လျော်ကြေးပေးရလိမ့်မယ်”

"သန်း ၃၀၀ လေးပါပဲ။ နောက်မှ ငါ ရှောင်ဖုန်းကို ပြော...” ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောသည်။

သူ၏စကားမဆုံးခင်မှာပင် ဇီယန်က ဖြတ်ပြောလိုက်သည်။ "ဟုတ်ပါပြီ. ရှင့်မှာ ပိုက်ဆံရှိမှန်း ကျွန်မသိပါတယ်။ ဒါ

ပေမယ့် ကျွန်မတို့ ဒီစာချုပ်ကို ဖောက်ဖျက်လို့မရဘူး။ ကျွန်မ တော်ဝင်အန်တာတိတ်မန့်ကနေ ထွက်ရင်တောင် နောင်ကျမှပဲ ကျွန်မထွက်မယ်။ အရင်ဆုံး အောင်မြင်မှုတချို့ရအောင် လုပ်ရမယ်”

ငင်းကိုပြောနေရင်း ဇီယန်၏မျက်လုံးများမှာ တဆင့် စိတ်ခတ်ခိုင်မာမှုများကို မြင်နိုင်ပေသည်။ သို့သော် သူမ ဆက်ပြောလိုက်သေး၏။ "နောက်ထပ်နှစ်ရက်လောက် နားလိုက်ရအောင်။ ပြီးမှ အခြေအနေအရ ဘာလုပ်ရမလဲ ဆုံးဖြတ်ကြမယ်”

"အင်း” ကျိုးဖေးက တုံ့ပြန်လိုက်ပြီး အနည်းငယ်ခေါင်းရှုပ်သွားသလို ခံစားလိုက်ရသည်။ သူမ ခေါင်းကိုငုံ့ကာ ကြက်ဥထမင်းကြော်ကိုသာ စားနေလိုက်သည်။ ထိုနောက် သူမ ကျန်းဟန်အား ကြည့်ကာ သံသယဖြင့် မေးလိုက်သည်။ "မဟုတ်သေးပါဘူး။ ခဲအို နင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ”

"အကြမ်းဖျင်းအာဖြင့်တော့ တစ်ဘီလီယံကျော်လောက်ရှိမယ်"

"ဖူး…" ကျိုးဖေး နှာခေါင်းထဲမှပင် ထမင်းစေ့အနည်းငယ်ထွက်လာ၏။ သူမ ၎င်းတို့အား တစ်ရှူးဖြင့်သုတ်လိုက်သည်။ ခဏလောက် ချောင်းဆိုးပြီးနောက်တွင် သူမ တည်ငြိမ်သွားပြီး ကျန်းဟန်အား ကြည့်ကာ လေးစားစွာဖြင့် ပြောလိုက်သည်။ "အိုး နင်တော်တော်ချမ်းသာတာပဲ။ ငါ့ရဲ့ရှူးကားဒက်ဒီလိုက်လိုက်တော့"

"အမ်" မုန့်မုန့်မှာ ခေါက်ဆွဲပြုတ်စားနေရင်းက ခေါင်းလေးမော့ကာ ကျိုးဖေးအား စိတ်ရှုပ်ထွေးစွာကြည့်လိုက်ပြီး ပြောသည်။ "အန်တီဖေးဖေး မှားနေပြီ။ ဖေဖေက သမီးဖေဖေ။ အန်တီဖေဖေမဟုတ်ဘူး။ သမီးဖေဖေကို အန်တီ ခိုးလို့မရဘူး"

"ဟားဟားဟား အန်တီဖေးဖေးက သမီးဖေဖေကို မခိုးပါဘူး။ စားစရာရှိတာစားပါ" ကျိုးဖေးမှာ ရယ်မောကာ ပြောသည်။

ထိုနောက် သူမ စကားရပ်သွားသည်။ သူမ ယခင်က လုံခြုံမှုမရှိသလို အမြဲခံစားခဲ့ရသော်လည်း ယခုတော့ သူမ နောက်ဆုံးတွင် စိတ်ချလက်ချနေနိုင်သွားသည်။ အားကိုးရှိခြင်းက သူမအား သက်သောင့်သက်သာဖြစ်စေသည်။

ယခင်က သူမစိုးရိမ်နေခဲ့ရသည့် စာချုပ်မှာ ယခုအချိန်တွင် ဘာမှမဟုတ်တော့ချေ။

...ငါတို့ကို ပေါ်ပြူလာမဖြစ်တော့ဘူးဆိုပြီး အမြဲတမ်းပြောတယ်မလား။ အဲဒီခေါင်းဆောင်းပိုင်းတွေက ငါတို့ကို အမြဲတမ်းခက်ခဲအောင်လုပ်နေတာ။ ငါ နင်တို့ကို အားရပါးရ ကျိန်ဆဲပြီးသန်း ၃၀၀ နဲ့ မျက်နှာ ပစ်ပေါက် ထွက်သွားလိုက်မယ်...

၎င်းကို စဉ်းစားရင်း ကျိုးဖေးမှာ ကြက်သီးများပင်ထလာသည်။ ဤကဲ့သို့မြင်ကွင်းမျိုးမှာ စိတ်လှုပ်ရှားစရာကောင်းပြီး သူမ၏ဒေါသကို ဖြေဖျောက်ရန် အထောက်အကူဖြစ်စေသည်။

တစ်ချိန်တည်းမှာပင် ဇီယန် အဘယ်ကြောင့် စိတ်အေးလက်အေးရှိနေရသည်ကို သူမ နားလည်သွားခဲ့သည်။ ချစ်ခြင်းမေတ္တာကို အားဖြည့်ပေးသည့်အပြင် နောက်ထပ် ရက်အနည်းငယ်လောက် အနားယူချင်သည်မှာ ဖြစ်သင့်ပေသည်။

သို့သော် ဇီယန်ပြင်ဆင်ထားသည့် ၃ရက်ဖဲမှာ ကျန်းဟန်အား ငွေသန်း ၃၀၀ သုံး၍ စာချုပ်ဖျက်သိမ်းခွင့်ပေးမည်မဟုတ်သည်ကိုတော့ သူမ မသိခဲ့ချေ။

ကျိုးဖေးသည် စားနေရင်းဖြင့် ၎င်းတို့ကို မြင်ယောင်လာသည်။

ရုတ်တရက် သူမ၏ဖုန်းက မြည်လာပြီး သူမ၏အတွေးများကို ရပ်တန့်လိုက်သည်။ သူမ ဖုန်းကို တစ်ချက်ကြည့်ကာ ပြန်ဖြေလိုက်၏။

ဖုန်းခေါ်သူမှာ မိန်ချီဖြစ်သည်။ သူမ ပြောလိုက်၏။

"ကျိုးဖေး နင်ကုမ္ပဏီကိုရောက်ရင် ငါ့ရုံးခန်းကိုတန်းလာခဲ့ပါ။ နင့်ကို ပြောစရာရှိတယ်"

-အခန်း(၃၂၃-က) ပြီး

wunzinnosp

## အခန်း(၃၂၃-ခ) သန်မာပါ

"ဟမ့်" ကျိုးဖေးသည် သူမ၏ကိုယ်ပိုင်စိတ်ကူးများတွင် နစ်မြောနေဆဲဖြစ်သည်။ "ကုမ္ပဏီကိုလား။ ငါတို့ မလာဘူး။ ဒီနေ့လည်းမလာဘူး။ မနက်ဖြန်လည်းမလာဘူး"

"နင်ဘာတွေပြောနေတာလဲ။ ကုမ္ပဏီကိုမလာဘူးလား" နင်ဘာလုပ်ချင်နေတာလဲ"

"ဘာလုပ်ချင်လဲဟုတ်လား။ ငါ သန်း ၃၀၀ နဲ့ပစ်ပေါက်..."

"အဟမ်း”

"အာ…မဟုတ်ပါဘူး” ဇီယန်၏ချောင်းဟမ့်သံကို ကြားပြီး နောက် ကျိုးဖေး စကားကိုအမြန်ရပ်ကာ ကသိကအောက်ဖြင့် ရယ်မောလိုက်သည်။

ယခုလေးတင် သူမ သတ္တမျှားရှိကာ ထိုစကားကို ပြော လုနီးပါးဖြစ်သွား၏။ သူတို့တွင် ပိုက်ဆံရှိသည့်အကြောင်းကို မိန်ချီအား သူမ ပြောချင်ခဲ့သည်။ သူတို့သာ ဆန္ဒရှိလျှင် စာချုပ် ဖျက်လိုက်ရုံပင်။ စာချုပ်ကိုကိုင်က ခြိမ်းခြောက်ခံနေမည် မဟုတ်တော့ချေ။ သူတို့အား နောက်ထပ် ဖိနှိပ်၍ မရနိုင်တော့။

"နင်ဘာတွေလျှောက်ပြောနေတာလဲ။ ဒီနေ့ ဘာလို့ ကုမ္ပဏီကို မလာတာလဲ” မိန်ချီက မေးခွန်းထုတ်သည်။

"ငါ…” ကျိုးဖေး ဘာပြန်ပြောရမလဲ စဉ်းစားနေသည်။

ထိုအချိန်တွင် ဇီယန်က တူများကိုချလိုက်ကာ ကျိုးဖေးထံ လက်ဖြန့်၍ ပြောလိုက်သည်။ "ငါ့ကိုပေး”

"အင်း" ကျိုးဖေးက ဖုန်းကိုလွှဲပေးလိုက်၏။

"ဟဲလို အစ်မမိန်" ဇီယန်က ဖုန်းကိုယူကာ ပြောလိုက်သည်။

"ဇီယန် ငါနင့်ကို ပြောပြီးပြီလေ။ ဒီရက်တွေမှာ နင်ကုမ္ပဏီကိုအချိန်မီလာရမယ်လို့။ ငါဘာကိုဆိုလိုလည်း နင်သိပါတယ္။ ဒီမနက် ဒါရိုက်တာဖူဆေးရုံဆင်းပြီး ကုမ္ပဏီကိုလာလိမ့်မယ်။ နင်သူ့ဆီသွားကြည့်သင့်တယ်လို့ ငါထင်တယ်"

"မသွားဘူး" ဇီယန်က တိုက်ရိုက်ငြင်းလိုက်သည်။

"အမ်" မိန်ချီ၏အသံမှာ ပို၍ကျယ်လောင်လာပြီး "နင်က ဒီနယ်ပယ်မှာ လူသစ်တစ်ယောက်မဟုတ်တော့ဘူး။ နင့်ကို ဒါတွေ ငါသင်ပေးဖို့လိုသေးတာလား"

"သူနဲ့တန်တာ သူရတာပဲလေ။ ကျွန်မက ဘာလို့ သွားကြည့်ရမှာလဲ" ဇီယန်က တည်ငြိမ်စွာ ပြန်ဖြေသည်။

"နင်က အခြေအနေကို ပိုဆိုးအောင်လုပ်နေတာပဲ"

"ကျွန်မ ဂရုမစိုက်ဘူး”

"ဒါဆို နင် ငါ့စီစဉ်ပေးတာကို မလိုက်နာဘူးပေါ့” မိန်ချီ တဖြည်းဖြည်းဒေါသထွက်လာသည်။

"ကြိုက်သလိုသာ ထင်ပါ။ အဆင်ပြေတယ်”

ဇီယန်မှာ အလွန်မောက်မာသည်ကို ကြားလိုက်ရသည့် အခါ မိန်ချီ စိတ်တိုသွားသည်။

သူမသာ ထိုသို့ဆက်သွားနေပါက သူတို့၏ဆက်ဆံရေးမှာ ပို၍ဆိုးလာလိမ့်မည်ကို သူမသိ၏။ ဇီယန်၏ငြင်းဆန်မှုက သူမအား အမှန်တကယ် ဒေါသထွက်စေသည်။ သူမသည် ဒါရိုက်တာ တစ်ယောက်ဖြစ်၏။ သူမအမိန့်အား မနာခံသည့် ဝန်ထမ်းကို သူမ သဘောမကျချေ။ သူမ စိတ်တိုနေသော်လည်း တစ်ချိန်တည်းမှာင် ခေါင်းလည်းရှုပ်နေသည်။ ဇီယန် ဘာကြောင့် သူမအား ဒီလောက် ပြတ်ပြတ်သားသား ငြင်းဆန် ရဲရသနည်း။ သူမ၏သတ္တိများက မည်သည့်နေရာက ရောက်လာသနည်း။

သို့သော် လက်ရှိအခြေအနေက သူမတို့နှစ်ယောက်အား ဆက်ဆံရေးဆိုးရွားစေ၍ မဖြစ်ချေ။ ထို့ကြောင့် မိန်ချီသည် ဒေါသကို မြိုသိပ်ကာ လေသံမှာ ပျော့လာ၏။

"ဇီယန် နင်ငါ့ကို ခက်ခဲအောင်လုပ်နေတာလား"

"ဘာမှခက်ခဲအောင် မလုပ်ပါဘူး။ ဖူရှန်းက ဒါရိုက်တာ တစ်ယောက်ပဲလေ။ သူက ကိစ္စတွေအားလုံးကို ထိန်းချုပ်လို့မ ရပါဘူး" ဇီယန်က တည်ငြိမ်စွာပြန်ပြောသည်။

သူမ၏ဆိုလိုရင်းမှာ ရှင်းလင်းပေသည်။ ဖူရှန်းသည် ဒါရိုက်တာတစ်ယောက်သာဖြစ်ပြီး အမှားလုပ်သူလည်း ဖြစ်သည်။ သူမက ဘာကြောင့် သူ့ဆီသွားရမည်နည်း။

တစ်ချိန်တည်းမှာပင် ဖူရှန်း အားကိုးအားထားပြသည့် ဝူ ချန်ဒုန်သည် စီးအီးအိုဖြစ်သော်လည်း ဒါရိုက်တာဘုတ်အဖွဲ့က ကုမ္ပဏီတွင် အကြီးမားဆုံးအာဏာကို ဆက်လက်ဆုပ်ကိုင်ထား ဆဲဖြစ်ကြောင်း သူမ သိရှိသည်။

သူမသည် မိန်ချီအား ရည်ရွယ်သည့်အဓိပ္ပာယ်လည်းဖြစ်သည်။ နင်ငါ့အပေါ်ကောင်းတယ်ဆိုတာ ငါသိပါတယ်။ ဒါကိုလည်း ငါစိတ်ထဲမှာ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် နင်ငါ့ကို နှစ်ခါပြန်ဆက်ဆံရင်တော့ စိတ်မကောင်းပါဘူး။ နင်က ဒါရိုက်တာတစ်ယောက်ပဲ ဆိုတာ မမေ့ပါနဲ့။

မိန်ချီ၏သဘောထားနှင့်ပတ်သက်၍ ဇီယန်သည်လည်း သံသယအချို့ရှိခဲ့သည်။ သူမနှင့် လီချန်းသည် သူမအား အမြဲတမ်းပစ်မှတ်ထားနေသည်ဟု ခံစားမိသော်လည်း သူမ သိပ်မသေချာပေ။ တစ်ခါတစ်ရံတွင် ပုန်းကွယ်နေသည့်ရန်သူမှာ ကိုင်တွယ်ရအခက်ခဲဆုံးဖြစ်သော်လည်း အရာအားလုံးအတွက် ထွက်ပေါက်တော့ရှိပေလိမ့်မည်။ ဇီယန်သည် ယခုအချိန်တွင် ဘာကိုမှ မကြောက်တော့ချေ။ အဆိုးဆုံးအနေဖြင့် စာချုပ်ဖျက်သိမ်းသာ သန်း ၃၀၀ အကုန်ခံလိုက်ရုံသာရှိသည်။

အဆိုးဆုံးအခြေအနေကိုပင် ကိုင်တွယ်ခြေရှင်းနိုင်နေသည်ဖြစ်ရာ သူမ ဘာကိုကြောက်နေရဦးမည်နည်း။

ထိုကဲ့သို့ စိတ်ထက်သန်သည့် ဇီယန်နှင့် ရင်ဆိုင်ရသည့် အခါ မိန်ချီ လုံးဝရှုံးနိမ့်သွားသလို ခံစားလိုက်ရသည်။

..သူမ ဘာဖြစ်နေတာလဲ..

..သူမမှာ ကျောထောက်နောက်ခံလုပ်ပေးသူ ဒါမှမဟုတ် ဝှက်ဖဲတစ်ခုခုရှိနေတာလား..

ငါးစက္ကန့်ခန့် အတွေးနက်သွားပြီးနောက် မိန်ချီ အသက်ပြင်းပြင်းရှူကာ စိတ်တည်ငြိမ်အောင် လုပ်လိုက်သည်။

"ဇီယန် ငါ နင့်ရဲ့အကျိုးအတွက် လုပ်နေတာ နင်သိဖို့ မျှော်လင့်ပါတယ်။ နင်အနားယူချင်ရင်လည်း နားလိုက်ပါ။ ငါ ကုမ္ပဏီက ကိစ္စတွေကို ဂရုစိုက်လိုက်မယ်။ တစ်ခုခုရှိရင် ငါနင့်ကို ဆက်သွယ်လိုက်မယ်။ အော် ဟုတ်သားပဲ နင်ဖုန်းမပိတ်ထားနဲ့နော်။ ကောင်းပြီ ဒါပါပဲ။ မကြာခင် အားလုံးအဆင်ပြေသွားမယ်ဆိုတာ ငါယုံကြည်ပါတယ်”

"ကျွန်မသိပါတယ်။ ကျေးဇူးပါ အစ်မမိန်”

"အင်း" မိန်ချီ ဖုန်းမချခင် ပြန်ဖြေလိုက်သည်။

"ရော့" ဇီယန်က အံ့အားသင့်နေသည့် ကျိုးဖေးထံ ဖုန်းပြန်ပေးလိုက်သည်။

ထိုနောက် သူမ၏ဘေးရှိ ပြုံးစစဖြစ်နေသော ကျန်းဟန်ကို တစ်ချက်ကြည့်လိုက်ပြီး သူမ၏နှုတ်ခမ်းထက်တွင်လည်း အပြုံးတစ်ခု ပေါ်လာသည်။

"ရှင်ဘာလို့ ပြုံးနေတာလဲ"

"ဟားဟား" ကျန်းဟန်က ခေါင်းယမ်းကာ ရယ်မောလိုက်သည်။ "ကိုယ်မင်းကို ပိုပြီးသိလာလေလေ ပိုပြီးချစ်လေပဲ"

ခဏက ကျန်းဟန်သည် ဘာစကားမှမပြောတော့ဘဲ စိတ်ခတ်သန်မာသော ဇီယန်ကို တိတ်တဆိတ်သာ ငေးကြည့်နေခဲ့သည်။ သူမအား ဤကဲ့သို့မြင်ရသည်မှာ ရှားသော်လည်း သူ သဘောကျသည်.

လုပ်ငန်းခွင်တွင် လိုအပ်သည့်အချိန်၌ သန်မာနေရမည်။ သူမချစ်သူ၏ရှေ့တွင် သိမ်မွေ့ကာ ရက်တတ်သူဖြစ်သည်။ ကျန်းဟန်သည် သူမအား ပို၍ပို၍ ချစ်လာ၏။

ဇီယန်သည် အပြင်ပန်းသာကြည့်ကောင်းသည့် ပန်းအိုးမျှသာမဟုတ်ကြောင်း သူသိသည်။ သူမတွင် ကိုယ်ပိုင်စိတ်သဘောထား၊ ကိုယ်ပိုင်အတွေးအမြင်ရှိသည်။ တစ်ခါတစ်ရံတွင် စိတ်ရှည်သည်းခံကာ တစ်ခါတစ်ရံတွင် အလွန်ရက်ရှံ့၍ ချစ်စရာကောင်းသည်။ သူမနှင့် ပတ်သက်သည့်အရာအားလုံးမှာ ကျန်းဟန်အတွက် စွဲဆောင်မှုရှိနေခဲ့သည်။ ရေပန်းစားသည့်စကားတစ်ခွန်းလိုပင်။ “ချစ်တဲ့သူရဲ့မျက်စိထဲမှာတော့ လှတာပေါ့ရှင်” ဆိုသလိုမဟုတ်ပါလား။ လှပကာ အရည်အချင်းရှိသည့် ဇီယန်သည် ယောက်ကျားတစ်ယောက်၏နှလုံးသားကို လွယ်လွယ်သိမ်းပိုက်နိုင်သည်မှာ သေချာပေသည်။

ကျန်းဟန်သည် ဇီယန်နှင့်တွေ့ရသည်မှာ အလွန်ကံကောင်းသည်ဟု ခံစားလိုက်ရ၏။

တစ်ချိန်တည်းမှာပင် ဇီယန်သည်လည်း ကျန်းဟန် သူမဘဝထဲသို့ ရောက်လာသည့်အတွက် ပျော်ရွှင်နေခဲ့ပေသည်။

သူတို့မျှော်လင့်ထားသည့် ချစ်ခြင်းမေတ္တာလည်း ဖြစ်နိုင်ပေသည်။

ကျန်းဟန်၏စကားကို ကြားသည့်အခါ ဇီယန်၏မျက်နှာလှလှလေးမှာ နီမြန်းသွား၏။ သူမက မျက်လုံးလှလှကလေးများဖြင့် မျက်စောင်းထိုးကာ "အရှုး" ဟု နှုးညံ့စွာပြောလိုက်သည်။

"အိုး ငါလေးတော့"

ကျိုးဖေးက ရုတ်တရက် ထရပ်လိုက်ပြီး "တော် တော်လိုက်တော့။ နင်တို့ရှေ့မှာ ငါတော့ သနားစရာစင်ဂယ်ခွေးလေးတစ်ကောင်ဖြစ်နေသလိုပဲ"

"အမ်" ထိုအချိန်တွင် မုန့်မုန့်က ခေါင်းလေးမော့ကာ ပြောသည်။ "အန်တီဖေးဖေး အန်တီက ခွေးမဟုတ်ပါဘူး"

"မဟုတ်ဘူး။ မုန့်မုန့် သမီးကငယ်သေးတော့ နားလည်မှာ မဟုတ်ဘူး။ သမီးဖေဖေနဲ့မေမေက အရမ်းချစ်ကြပြီး နေတိုင်းကို ရှိနေကြတာ။ သူတို့ရှေ့ရောက်ရင် လူတိုင်း ကိုယ့်ကိုယ်ကိုယ် သနားစရာခွေးလေးတစ်ကောင်လို ဖြစ်သွားလိမ့်မယ်" ကျိုးဖေးက သက်ပြင်းချကာ ရယ်စရာပြောသည်။

"ဟုတ်ပါပြီ စားစရာရှိတာစားစမ်းပါ" ဇီယန်က ပြုံးကာ သူမအား မျက်စောင်းထိုးလိုက်သည်။

"စား စား" ကျိုးဖေးက ခေါင်းကိုငုံ့ကာ စားတော့သည်။

မနက်စာစားပြီးနောက် ကျန်းဟန်သည် ပန်းကန်ခွက်ယောက်များကို ပထမထပ်သို့ ပြန်ယူသွားကာ ရေဆေးလိုက်သည်။

ဇီယန်သည် မုန့်မုန့်အား အဝတ်အစားလဲရန် အိပ်ခန်းထဲသို့ ခေါ်သွားပြီး ကျိုးဖေးက ဆိုဖာပေါ်တွင် ပျင်းရိစွာ လှဲလျောင်းနေသည်။ ကျန်းဟန် ပြန်ရောက်လာသည့်အခါ သူမ ထထိုင်ပြီး ပြောသည်။ "ခဲအို ခဲအို ဒီလာပါဦး"

"ဘာလို့လဲ" ကျန်းဟန်က လျှောက်သွားလိုက်သည်။

"ထိုင်ပါ" ကျိုးဖေးက သူမဘေးရှိ ဆိုဖာအား ပုတ်ပြသည်။ ကျန်းဟန် ဝင်ထိုင်လိုက်ပြီးနောက် သူမ စပ်စုလိုစိတ်ဖြင့် မေးသည်။ "ခဲအို နင်ပိုက်ဆံတွေ ဒီလောက်အများကြီး ဘယ်လိုရခဲ့တာလဲ"

"အဲဒါ ကျောက်ဖုန်းရခဲ့တာ"

"သူလား။ ဒါဆို အဲဒါ ခဲအိုပိုက်ဆံတွေမဟုတ်ဘူးလား" ကျိုးဖေး အံ့သြသွားသည်။

"အင်း သူက ငါ့တပည့်လေ။ သူ့ကို ဒီပိုက်ဆံတွေရှာဖို့ ငါ ပြောခဲ့တာ" ကျန်းဟန်က ခဏစဉ်းစားကာ ရိုးရှင်းစွာပင် ရှင်းပြသည်။

"အိုး မိုက်လိုက်တာ။ နင့်တပည့်က အံ့သြစရာပဲ" ကျိုးဖေး က ကျန်းဟန်အား လက်မထောင်ပြကာ "ငါ သူ့ကို ဖုန်းခေါ်ပြီး ခဏလောက် စကားပြောလိုက်မယ်။ သူ ပိုက်ဆံအများကြီး ဘယ်လိုရခဲ့လဲ ငါမေးချင်လို့"

"သူ ဒီမှာ မရှိဘူး" ကျန်းဟန်မှာ သူမက အတော်လေး ရယ်စရာကောင်းသည်ကို တွေ့လိုက်ရ၏။

"သူ ဘယ်သွားတာလဲ"

"ကားတွေသွားဝယ်တယ်"

“ကားတွေလား။ နင့်မှာ ကားတွေအများကြီးရှိတယ် မဟုတ်ဘူးလား" ကျိုးဖေးက စိတ်ရှုပ်ထွေးစွာ မေးသည်။

...ဒီလောက်များတဲ့ မာစီးဒီးဘန့်ဇ်ကားများက မလုံလောက်သေးဘူးလား...

"ဒီတစ်ခေါက်က သူ ပြိုင်ကားတွေသွားဝယ်တာ။ သူ ပြန်လာရင် မင်းကြိုက်တဲ့ကား မောင်းလို့ရတယ်" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောသည်။

"ဝိုး ခဲအို နင်က ပိုပိုပြီးချောလာတာပဲ" ကျိုးဖေးက အော်ဟစ်လိုက်သည်။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်၏။

သူသည် ကျိုးဖေးကိုလည်း သူ၏ညီမအရင်းကဲ့သို့ ဆက်ဆံခဲ့သည်။ "ငါ့ကိုချစ်ရင် ငါ့ခွေးကိုလည်းချစ်ပါ" ဆိုသည့် စကားအတိုင်းပင်။ သူမနှင့်ဇီယန်သည် နှစ်ပေါင်းများစွာ သူငယ်ချင်းဖြစ်ခဲ့ပြီး ညီအစ်မအရင်းများကဲ့သို့ပင်။ သဘာဝကျကျပင် ကျန်းဟန်၏နှလုံးသားထဲတွင် သူမသည်လည်း နေရာတစ်ခုရှိပေသည်။

သူတို့ စကားပြောနေစဉ် ဇီယန်နှင့် မုန့်မုန့်မှာ အကျီလဲပြီး လာသည်။

၎င်းမှာ ကောင်းဘွိုင်စတိုင်ဖြစ်သည်။ ဇီယန်သည် LALABOBO အမှတ်တံဆိပ် အပြာနုရောင်ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသည်။ အရှေ့ဘက်တွင် ထောင့်ချိုးပုံစံအချို့ရှိ သည်။ နောက်ဘက်ရှိ ဘယ်ဘက်အိတ်ကပ်တွင် ယုန်ပုံလေးရှိ သည်။ ပန်းရောင်ဖျော့ဖျော့ နားရွက်နှစ်ဖက်က အလွန်ချစ်စရာ ကောင်း၏။ အပေါ်ပိုင်းတွင် တီရှပ်လက်တိုအကျီအဖြူဖြစ်ပြီး ရှေ့ဘက်တွင် အနီရောင် အသည်းနှလုံးပုံလေးပါရှိသည်။ အပြာနုရောင်ဂျင်းဂျာကင်နှင့် အဖြူရောင် စနိကာဖိနပ်ကို စီး ထား၏။

မုန့်မုန့်သည်လည်း ဇီယန်နှင့် ဆင်တူဝတ်ထားသည်။ ဇီ ယန်သည် ထိုအဝတ်အစားများကို ရည်ရွယ်ချက်ရှိရှိ ဝယ်ခဲ့ခြင်း ဖြစ်၏။ ၎င်းကို မိသားစုတူညီဝတ်စုံဟု ခေါ်နိုင်ပြီး တစ်ယောက်တည်းသာ မဝတ်ဆင်ရသေးခြင်းဖြစ်သည်။

ထို့ကြောင့် သူမသည် ကျန်းဟန်အား ကြည့်ကာ ပြောလိုက်သည်။ "ရှင်လည်း ကျွန်မတို့လို သွားလည်းလိုက်တော့"

ပြောနေရင်းဖြင့် ဇီယန်သည် သူမ၏ကိုယ်ပေါ်ရှိ အဝတ်စားများကို ညွှန်ပြသည်။

"အင်း"

ကျန်းဟန်က ခေါင်းညိတ်ကာ အဝတ်အစားလဲရန် ဒုတိယအိပ်ခန်းသို့ လျှောက်သွား၏။

မာစတာအိပ်ခန်းတွင် သူအိပ်သော်လည်း သူ၏အဝတ်အစားများအားလုံးမှာ ဒုတိယအိပ်ခန်းထဲတွင် ရှိသည်။ မာစတာအိပ်ခန်းထဲရှိ ဗီရိုတွင် မုန့်မုန့်နှင့် ဇီယန်တို့၏အဝတ်အစားများဖြင့် ပြည့်နေသောကြောင့်ပင်။ ကျန်း် ဟန်အတွက်လည်း ဒုတိယအိပ်ခန်းရှိ ဗီရိုထဲ၌ တစ်ဝက်ပြည့်နေပြီး ဇီယန်၏ကျေးဇူးကြောင့်ပင်ဖြစ်သည်။ မကြာတော့မည့်အချိန်၌ သူ၏ဗီရိုလည်း ပြည့်သွားတော့မည့်ပုံပင်။

ထို့ပြင် ဒုတိယအိပ်ခန်းထဲရှိ ပရိဘောဂများမှာလည်း သပ်သပ်ရပ်ရပ်ရှိသည်။ အိပ်ရာခင်းများနှင့် စောင်များကဲ့သို့ နေ့စဉ်သုံးပစ္စည်းများကို ဇီယန်က တစ်ခါတစ်ရံ အဝတ်လျှော်စက်ထဲတွင် ထည့်ထားတတ်၏။

အိမ်ထောင်မရှိသည့် လူငယ်အမျိုးသားများ၏မိသားစုတွင် အမျိုးသမီးများရှိရန် လိုအပ်ကြောင်း ရှေးလူကြီးများက မကြာခဏပြောလေ့ရှိကြသည်။ အဓိပ္ပာယ်မှာ တူညီ၏။ အိမ်မှုကိစ္စလုပ်သည့်အခါ အမျိုးသားများထက် အမျိုးသမီးများက ပို၍ တော်လေ့ရှိသည်။

"ဖေးဖေး နင့်အိတ်တွေက ဟောင်းနေပြီ။ မနေ့က ဝယ်လာတဲ့ထဲက တစ်ခုခုရွေးယူလိုက်လို့ ငါပြောတာ နင်မယူသွားဘူး။ အခု သွားယူလိုက်” ဇီယန်က ကျိုးဖေးကိုကြည့်ကာ ပြောသည်။

"ဒါဆို ငါသွားယူလိုက်မယ်” ကျိုးဖေးက ပြုံးကာ ခေါင်းညိတ်သည်။ သူမသည် ဒုတိယအိပ်ခန်းသို့ ပြေးသွားကာ

အချိန်အတော်ကြာအောင် ရွေးနေခဲ့သည်။ နောက်ဆုံးတွင် အညိုရောင် LV အိတ်တစ်လုံးကို ရွေးလိုက်၏။

သူမ ၎င်းကိုထုတ်လာပြီးနောက် အိတ်ဟောင်းထဲမှ ပစ္စည်းများကို အိတ်အသစ်ထဲသို့ ပျော်ရွှင်စွာပြောင်းထည့်နေလိုက်သည်။

"အိုး ဒီအိတ်က ၄ သိန်းကျော်တောင်ကျတယ်။ အရမ်းလှတာပဲ။ ရုတ်တရက်ကြီး ငါကြီးကျယ်သွားသလို ခံစားလိုက်ရတယ်" ကျိုးဖေးက နားရွက်တကက်ချိတ်မတက် ရယ်မောကာ ပြောသည်။

ဇီယန်က ရယ်သည်။ "နင့်ကိုယ်နင် ကြည့်။ အိတ်လေးတစ်လုံးက နင့်ကို ဒီလောက်ဖြစ်စေတာလား" ဇီယန်က သူမအား စနောက်သည်။

"အိုး မဟုတ်ဘူး။ နင်သိလား။ ခဲအိုကပြောတယ် ငါ သူ့ပြိုင်ကားတွေထဲက ကြိုက်တဲ့ကား မောင်းလို့ရတယ်တဲ့။

နောက်ဆုံးတော့ ငါ့ပစ္စည်းတွေကို အပ်ဒိတ်လုပ်(အဆင့်မြင့်)နိုင်ခဲ့ပြီ” ကျိုးဖေးက ခေါင်းယမ်းကာ ပြောသည်။

၎င်းကိုကြားသည့်အခါ ဇီယန် ပြုံးလိုက်ပြီး ဘာမှပြန်မပြောချေ။

-အခန်း(၃၂၃-ခ)ပြီဂ

wunzinnosp

## အခန်း(၃၂၄-က) စိတ်မရှည်တော့သည့်လီချန်း

အတိတ်တုန်းကကဲ့သို့ ဆိုပါက ကျိုးဖေး သည်လောက်ပျော်မည်မဟုတ်ချေ။ အကြောင်းပြချက်သည်ကား ဇီယန်သည်သူမ၏ပျော်ရွှင်မှုကို တွေ့ရှိခဲ့သည်အား သူမ မြင်ရသည့်အတွက်ကြောင့်ဖြစ်သည်။ ကိစ္စတော်တော်များများကို ဇီယန် ထုတ်မပြောသော်လည်း သူမ သိရှိပေသည်။

ခဏအကြာတွင် ကျန်းဟန် ထွက်လာသည်။

သူသည်လည်း အပြာဖျော့ဖျော့ဂျင်းဘောင်းဘီ၊ စနိကာအဖြူ၊ အနီရောင်အသည်းနှလုံးပုံပါသည့် တီရှပ်အဖြူနှင့် ဂျင်းဂျာကင်ကို ဝတ်ဆင်ထား၏။

များသောအားဖြင့် ယောက်ျားလေးများမှာ ထိုသို့ဝတ်စားထားပါက အလွန်ကြည့်ရဆိုးသော်လည်း ကျန်းဟန်သည်တော့ ခြားနားလေသည်။ ကျိုးဖေးသည် အစပိုင်းတွင် အလွန်ထူးဆန်းနေသည်ကို တွေ့ရပြီး ၎င်းကို သေချာစဉ်းစားကြည့်ပြီးနောက် သူမ၏ခဲအိုသည် ထိုကဲ့သို့အဝတ်အစားမျိုးကိုလည်း အမှန်တကယ် လိုက်ဖက်ကြောင်း နားလည်သွားခဲ့သည်။

နောက်ဆုံးတွင် တစ်မိသားစုလုံး ဆင်တူအင်္ကျီဝတ်ပြီးသွားကြသည်။ သူတို့နှစ်ယောက်အတူတူရပ်နေသည့်အချိန်တွင် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြကြောင်း ဘေးလူများ ခံစားမိကြပေမည်။

ကိုလူချော၊ မိန်းမလှလေးနှင့် ချစ်စရာကလေးလေးတစ်ယောက်။ သူတို့သည် အလွန်မျက်စိပသာဒဖြစ်လှ၏။

"ငါတို့ ဘယ်သွားကြမှာလဲ" ကျိုးဖေးက မတ်တပ်ရပ်ကာ မေးသည်။

"ငါတို့သွားမှာက..." ကျန်းဟန်က မျက်လုံးများကို ကျဥ်းမြောင်းကာ မုန့်မုန့်အား ကြည့်လိုက်၏။ သူ စကားကိုဆွဲ ပြောကာ နောက်ဆုံးတွင် မုန့်မုန့်၏တောက်ပသော မျက်လုံး များကိုကြည့်၍ ပြောလိုက်သည်။ "အပန်းဖြေဥယျာဉ်"

"အမ်" မုန့်မုန့်၏မျက်လုံးများမှာ ချက်ချင်းတောက်ပသွား ပြီး "အပန်းဖြေဥယျာဉ်လား။ အရမ်းကောင်းတယ်။ အပန်းဖြေ ဥယျာဉ်သွားကြမယ်"

"သွားကြမယ်" ကျန်းဟန်က ပြုံးကာ မုန့်မုန့်အား သူ၏ရင်ခွင်ထဲတွင် ပွေ့ချီလိုက်သည်။

ဇီယန်သည် နေကာမျက်မှန်နှင့် ဦးထုပ်အား စားပွဲမှ ယူ ကာ ဝတ်ဆင်လိုက်ပြီးနောက် သူတို့ အောက်ထပ်သို့ ဆင်းလာ ကြသည်။

ထိုအချိန်တွင် ပထမထပ်၌ ထိုင်နေသည့် ရှုရှံက မတ်တပ်ထရပ်ကာ နှုတ်ဆက်သည်။

"သူဌေး အပြင်သွားမလို့လား။ ကျွန်တော် လူနည်းနည်းလောက် စီစဉ်ပေးရမလား"

"ရတယ် မလိုပါဘူး" ကျန်းဟန်က ခေါင်းကို အသာခါယမ်းလိုက်သည်။

"ဟုတ်ကဲ့ပါ။ ဒါဆို ကျွန်တော် စားသောက်ဆိုင်ကို ကြည့်ထားလိုက်ပါမယ်" ရှုရှံက ပြန်ပြောသည်။

"အင်း"

ကျန်းဟန်သည် မုန့်မုန့်အား ချီထားရင်း ဇီယန်၊ ကျိုးဖေးတို့နှင့်အတူ ထွက်လာခဲ့သည်။

သူတို့၏ဝတ်ပုံစားပုံများကို မြင်သည့်အခါ စားသောက်ဆိုင်ထဲမှ စားသုံးသူများမှာ မချီးမွမ်းဘဲ မနေနိုင်ကြချေ.

"မိသာစုဆင်တူဝတ်စုံပဲ။ သူတို့ကြည့်ရတာ အရမ်းရိုမန်တစ်ဆန်တာပဲ"

"ဝိုး သူတို့က အရမ်းကြည့်ကောင်းတယ်"

"ဟေး သူတို့အိတ်တွေကို ကြည့်စမ်း။ LV က ၄ သိန်းကျော်တန်တယ်။ သူ့ဇနီးကတော်ကိုင်ထားတဲ့ Hermes ကလည်း ၅ သိန်းကျော်တယ်။ သူတို့က အရမ်းချမ်းသာတာပဲ"

"…"

လူများ ဆွေးနွေးနေကြစဉ် ကျန်းဟန်နှင့် အခြားသူများမှာ ပန်ဒါကားလေးပေါ်သို့ တက်သွားကြသည်။

ကားစက်နှိုးလိုက်သည့်အချိန်တွင် ကျန်းဟန်သည် နောက်ကြည့်မှန်မှတဆင့် မုန့်မုန့်အား ကြည့်၍ ပြုံးလိုက်သည်။ "ဒီနေ့ အပန်းဖြေဥယျာဉ်ကို သွားကြမယ်။ အဲဒီမှာ ကလေးတွေ အများကြီးရှိလိမ့်မယ်"

"ဝိုး…" မုန့်မုန့်သည် မျှော်လင့်ချက်များဖြင့် ပါးစပ်ကို ဟ လိုက်သည်။

ဤတစ်ကြိမ် သူတို့၏ဦးတည်ရာမှာ ဟောင်ကောင် ကစားကွင်းဖြစ်သည်။ ဧရိယာစတုရန်းမီတာ ၁၀၀၀၀ ကျော် ကျယ်ဝန်းသော မီဂါဘောက်စ်ရှောပင်းမောလ်တွင် တည်ရှိသည်။ ဟောင်ကောင်တွင် ကလေးများအတွက် ပင်လယ်ရှုခင်းပါရှိသည် အကြီးမားဆုံးမိုးလုံလေလုံအပန်းဖြေ ဥယျာဉ်ဖြစ်သည်။

လက်မှတ်ဈေးနှုန်းမှာ တစ်ခါတစ်ရံတွင် အတက်အကျရှိ သော်လည်း ယွမ် ၁၀၀ ပတ်ချာလည်သာရှိသည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် အရည်အသွေးကောင်းသော ကြောင့် အလွန်လူကြိုက်များသည်။

ကျန်းဟန်တို့မိသားစု ထိုနေရာသို့ ရောက်သည့်အခါ ထို နေရာတွင် လူများစွာရှိသည်။ ကလေးများရော လူကြီးများပါ အများအပြားရှိ၏။

"လူတွေအများကြီးပဲ" မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲမှ ပတ်ဝန်းကျင်အား စူးစမ်းကြည့်နေသည်။ နောက်ဆုံးတွင် သူမလေး၏မျက်လုံးများက သူတို့ရှေ့ရှိ နေရာအား စိုက်ကြည့်နေခဲ့သည်။ သူမ နှုတ်ခမ်းလေးကို စူကာ ပြောလိုက်သည်။ "သမီး အဲဒါ ကစားချင်တယ်"

"ကောင်းပြီ" ကျန်းဟန်က မုန့်မုန့်အား ဘယ်လက်ဖြင့် ချီထားပြီး ဇီယန်၏လက်အား ညာလက်ဖြင့်ကိုင်ကာ ဘယ်ဘက်ဧရိယာသို့ ဦးတည်သွားသည်။

ထိုနေရာသည် ကားမောင်းသည့်နေရာဖြစ်ပြီး ကလေးများအတွက် ကားလေးများစွာ တည်ရှိသည်။ အထဲတွင် ကားမောင်းကာ အော်ဟစ်အားပေးနေကြသည် ကလေးများစွာရှိ၏။

မုန့်မုန့်ဝင်လာသည့်အချိန်တွင် သူမလေးသည် အာရုံစူးစိုက်မှုများစွာကို ရရှိလိုက်သည်။

လူကြီးအချို့က မုန့်မုန့်အား ခဏလောက်ကြည့်ပြီးနောက် စိတ်ထဲမှ ချီးမွမ်းကြသည်။

သူမက အရမ်းလှပြီးချစ်ဖို့ကောင်းတာပဲ..

သူတို့ အနည်းငယ် သိချင်သွားကြသည်။ ဤကဲ့သို့ လှပသည့်ကလေးလေးကို မည်သို့သော မိဘမျိုးက မွေးဖွားပေးနိုင်မည်နည်း။

သူတို့ ပြန်လှမ်းကြည့်ကြ၏။ ကျန်းဟန်နှင့် ဇီယန်အား တွေ့လိုက်ရသည့်အခါ သူတို့၏နှုတ်ခမ်းများ တွန့်သွားကြသည်။

ဒါက လုံးဝကို မျိုးရိုးလိုက်တာပဲ...

မနာလိုအားကျမှုကို သူတို့၏စကားများထဲမှပင် ခံစားနိုင်သည်။ အချို့သော အမျိုးသမီးများသည် သူတို့ခင်ပွန်း၏ကျောအား ပုတ်ကာ ပြုံး၍ မေးကြသည်။ "ရှင်ဘယ်သူ့ကို ကြည့်နေတာလဲ။ အဲဒီမိန်းမလှလေးကိုလား"

"အာ...အဟမ်း မဟုတ်ပါဘူး။ ငါဘယ်သူ့ကိုမှ မကြည့်ပါဘူး"

"..."

ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် အလှအပကို မြတ်နိုးကြသည်။ ကျောင်းမှာတုန်းကကဲ့သို့ပင် ကျောင်း၏အလှဆုံးမိန်းကလေးသည် လူများ၏အာရုံကို အမြဲတမ်းစွဲဆောင်နေတတ်၏။ ယောကျ်ားလေးအများစုက သူမအား ချစ်မိကြပေမည်။ အတန်းချိန်များမှာပင် ယောကျ်ားလေးများက သူမအား ရံဖန်ရံခါ ကြည့်နေကြဦးမည်။ အချောဆုံးကောင်လေးအတွက်လည်း ထိုသို့ပင်။ မိန်းကလေးတော်တော်များများက သူ့အား တိတ်တဆိတ် သဘောကျကြပြီး တစ်ခါတစ်ရံ သူ့အား ကြည့်ကြပေမည်။

ဤသည်က အလှတရား၏စွဲဆောင်မှုပင်။

မုန့်မုန့်သည် ထိုဧရိယာတွင် ပျော်ရွှင်စွာ ကစားခဲ့သည်။ ထိုနောက် သူတို့မိသားစု နောက်တစ်နေရာသို့ သွားကြသည်။

ဝက်ပါ၊ အသေးစားရုပ်ရှင်ရုံ၊ အချိန်နှင့်အာကာသဝင်ပေါက်၊ မှော်ဝင်သရေစာဆိုင်၊ လီပွတ်ဥယျာဉ်၊ ရိုမန်တစ်မင်းသမီးလေး များနန်းတော် အစရှိသဖြင့်...

ထိုနေရာများသည် ကလေးများကိုသာမက လူကြီးများကို ပါ စွဲဆောင်နိုင်သည်။

မုန့်မုန့် အလွန်ပျော်ရွှင်ခဲ့၏။ မင်းသမီးလေးသည် အလွန် လှပပြီး ချစ်စရာကောင်းနေသည့်အတွက် ကလေးတော်တော် များများကို သူမလေး စွဲဆောင်နိုင်ခဲ့သည်။

မုန့်မုန့်နှင့်အတူကစားနေစဉ် အသုံးပြုရန်အတွက် အရုပ် တစ်ရုပ်ကို လုရင်း အသက်ငါးနှစ်ခြောက်နှစ်အရွယ် ကောင် လေးနှစ်ယောက်မှာ ရန်ဖြစ်ခဲ့ကြသေးသည်။ သူတို့၏မိဘများ အပြေးအလွှားရောက်လာပြီး ဖြန်ဖြေပေးခဲ့သည့်အတွက် ပြန် တည့်သွားခဲ့ကြသည်။ သူတို့သည် ကလေးများအား ညင် ညင်သာသာပင် ဆူကြသည်။ သူတို့သာ ဒေါသကြီးသည့်မိဘ

များဖြစ်ပါက သူတို့ပါ ရန်ပွဲထဲပါဝင်လာပြီး ယနေ့အတွက် ခေါင်းကြီးပိုင်းဖြစ်သွားနိုင်သည်။

ဤသည်က အပိုင်းလေးတစ်ခုပင်။ နေရာမှာ ကျယ်ဝန်း သည်ဖြစ်ရာ ကျန်းဟန်သည် တစ်နေကုန်နေရန် စိတ်ကူး ထား၏။

သို့သော်...

နေ့ခင်းတွင် စားသုံးသူများအားလုံးမှာ စားသောက်ဆိုင် တွင် မစားနိုင်ကြတော့ချေ။ တံခါးရှေ့ရှိ ဆိုင်းဘုတ်၌ "နေ့လည် ခင်း ဆိုင်ပိတ်သည်" ဆိုသည့် စာလုံးကြီးများကို တွေ့လိုက်ရ သည့်အခါ အားလုံး စိတ်ပျက်သွားကြသည်။

"ခုတလော သူဌေး ဘာဖြစ်နေတာလဲ။ ဘာလို့ အမြဲတမ်း အနားယူနေရတာလဲ"

"အိုး ကြက်ဥထမင်းကြော်မရှိရင် ဘဝက တကယ်ခက်ခဲ တယ်"

စားသောက်ဆိုင်စဖွင့်ချိန်မှစပြီး ယနေ့အချိန်ထိ ကြက်ဥထမင်းကြော်သည့် နေ့စဉ်စားသုံးသူညှော့်သည်များအတွက် မရှိမဖြစ်လိုအပ်လာပေသည်။ ခေါက်ဆွဲပြုတ်ကို အားသန်သည့်သူများမှာ အတော်လေးနည်းပါး၏။ ဗီအိုင်ပီအဖွဲ့ဝင်များအတွက်က ပို၍ ကောင်းပေသည်။ အရသာရှိသည့်အစားအစာများစွာရှိသည်။

ကျန်းဟန်နှင့် အခြားသူများမှာ ညနေ ၄ နာရီအထိ ကစားခဲ့ကြသည်။

မုန့်မုန့်သည် အလွန်ပျော်ရွှင်နေခဲ့ပြီး နဖူးမှ ချွေးများအဆက်မပြတ်ပင် ကျနေခဲ့သည်။

၄ နာရီထိုးသည့်အချိန်တွင် သူတို့ ပြန်လာကြသည်။

ကားပေါ်တက်ပြီးနောက် ကျန်းဟန်သည် စက်နှိုးကာ စားသောက်ဆိုင်သို့ ပြန်မောင်းလာခဲ့၏။

"မုန့်မုန့် ဒီနေ့ ပျော်ရဲ့လား" ဇီယန်က ပြုံးကာ မေးသည်။

"အရမ်းပျော်တယ်" မုန့်မုန့်သည် ရွှင်မြူးသည့်အမူအရာဖြင့် ပြန်ပြောသည်။

"ဒါဆို မေမေ့ကို နမ်းပါဦး" ဇီယန်က နသူမ၏နှုတ်ခမ်းရဲရဲလေးအား စူပေးလိုက်သည်။

"မွ မွ မွ" မုန့်မုန့်က ဇီယန်၏နှုတ်ခမ်းကို အကြိမ်အနည်းငယ် နမ်းလိုက်သည်။

ကျန်းဟန်သည် သူတို့အား နောက်ကြည့်မှန်မှတဆင့် ကြည့်နေသည်။ သူကပြုံးကာ "ကိုယ်လည်း မင်းကိုနမ်းချင်တယ်။ ညစာဘာစားချင်လဲ"

ညစာအကြောင်းပြောသည့်အခါ...

ကလေးမလေးရော လူကြီးနှစ်ယောက်က ပါးစပ်ဟကာ ပြောကြသည်။

"ဘဲကင်"

"ဟော့ပေါ့"

"အသား"

သူတို့ပြောပြီးသည်နှင့် ဇီယန်နှင့် ကျိုးဖေးမှာ ရယ်မောလိုက်သည်။

"ဒါဆို ဒီနေ့ည ဘဲကင်စားပြီး မနက်ဖြန် ဟော့ပေါ့စားကြမယ်" ဇီယန်က ခဏလောက်စဉ်းစားကာ ပြောသည်။

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်သည်။ သူ ဖုန်းကို ထုတ်လိုက်ပြီး ကျောက်ဖုန်း၏နံပါတ်အား ခေါ်လိုက်သည်။ "ရှောင်ဖုန်း ပြန်လာပြီလား။ ဒါဆို တောင်ပေါ်သွားပြီး ဘဲနည်းနည်းလောက် ယူထားပြီး ပြင်ဆင်ထားလိုက်ပါဦး..."

စကားအနည်းငယ်ပြောပြီးနောက် ဖုန်းချလိုက်သည်။

ထိုအချိန် ဇီယန်က မျက်လုံးများကို ပေကလပ်ပေကလပ်လုပ်ကာ ခဏလောက် စဉ်းစားလိုက်သည်။ ရုတ်တရက် သူမ၏မျက်လုံးများ တောက်ပလာပြီး ကျိုးဖေးအား ကြည့်ကာ

"ဟေး ဖေးဖေး နင် ကျောက်ဖုန်းကို ဘယ်လိုထင်လဲ။ နင်အခု ရည်းစားထားသင့်ပြီ။ မငယ်တော့ဘူး…"

"အမ်.. ငါ့မှာ သူနဲ့ပတ်သက်ပြီး ဘာအတွေးမှမရှိဘူး" ကျိုးဖေးက ကမန်းကတမ်းခေါင်းယမ်းကာ ပြောသည်။ "ငါ ရေလိုက်ငါးလိုက်ပဲ နေလိုက်မယ်။ မြန်မြန် လက်ထပ်ချင် လည်းထပ် နောက်ကျချင်လည်းကျပေါ့"

"နင် မြန်မြန်မလုပ်ရင် အသက်အရမ်းကြီးသွားလိမ့်မယ်" ဇီယန်က နှုတ်ခမ်းများကိုသပ်ကာ ပြောသည်။

"အခုမှ ငါ့အသက်က ၂၆ ပဲရှိသေးတာ။ အသက်မကြီး သေးပါဘူး။ အသက် ၃၀ အရွယ်မှ လက်ထပ်ကြတဲ့ မိန်းကလေးတွေတော်တော်များများရှိပါတယ်။ အလျင်မလိုပါ ဘူး" ကျိုးဖေးက ပြောသည်။

"အဲလိုတွေးထားရင်လည်း သဘာဝအတိုင်းပဲ ထားလိုက် ပေါ့။ ငါတော့ ကျောက်ဖုန်းက တော်တော်လေးသင့်တော်တယ် လို့ ထင်တယ်" ဇီယန်က ပြုံးက ပြောသည်။

"သူ့ကို မေ့လိုက်ပါ။ သူ့စိတ်ထဲမှာ တခြားတစ်ယောက်ရှိတယ်" ကျန်းဟန်က အလွန်ရယ်စရာကောင်းသည်ကို တွေ့လိုက်ရ၏။ သူက ပြုံးကာ ခေါင်းယမ်းလိုက်သည်။

"သူတစ်ယောက်ယောက်ကို သဘောကျနေတာလား။ ဘယ်သူဘဲ" ဇီယန် အံ့သြသွား၏။

"သူ လျန်မုန့်ချီကို သဘောကျနေတာ" ကျန်းဟန်က ပြန်ပြောသည်။

သူ ချက်ပြုတ်နေသည့်အချိန်တွင် လျန်မုန့်ချီနှင့် စကားပြောနေသည့် ကျောက်ဖုန်း၏အမူအရာများကို မကြာခဏ မြင်တွေ့နေရ၏။ အစက သတိမထားမိသော်လည်း အချိန်ကြာလာသည်နှင့်အမျှ သူတို့ကြားတွင် ဘာတွေဖြစ်နေသလဲဆိုသည်ကို သူသိလာ၏။

"လျန်မုန့်ချီလား" ဇီယန် စဉ်းစားလိုက်သည်။

"သူမ...သူမက ဖေဖေ့ကို ချစ်တယ်လို့ အမြဲတမ်းပြောတဲ့ မမပဲ" မုန့်မုန့်က နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

"အိုး သူမလား" ဇီယန်၏မျက်လုံးများမှာ ကျဉ်းမြောင်းသွားသည်။ သူမ ကျန်းဟန်အား ကြည့်လိုက်၏။

ကျန်းဟန်၏နှုတ်ခမ်းများ တွန့်ကွေးသွားကာ ကိုယ့်ကိုယ်ကိုယ် ထောင်ချောက်ထဲ ပို့လိုက်မိသလို ခံစားလိုက်ရ၏။ သူ ထိုသို့ မပြောလိုက်သင့်ချေ။

"သူမက အဲ့လိုပြောရတာ သဘောကျတာဖြစ်မယ်" ကျန်းဟန်က ယုံကြည်မှုမရှိစွာ ပြောသည်။

လျှန်မုန့်ချီ၏သဘောထားနှင့် သူမ၏မျက်လုံးများကို ကြည့်ခြင်းအားဖြင့် ထိုမိန်းကလေး ဘာတွေးနေသည်ကို သိသ၏။ အကယ်၍ မုန့်မုန့်နှင် ဇီယန်မရှိခဲ့လျှင် သူသည် ပြန်လည်မွေးဖွားလာခြင်းမဟုတ်ခဲ့လျှင် ကျန်းဟန်အနေဖြင့် သူမအား စိတ်ဝင်စားသွားနိုင်ပေသည်။ သို့သော် ယခုတွင်တော့ ဇီယန်သည် ကျန်းဟန်၏နှလုံးသားထဲမှ တစ်ဦးတည်း

သောသူဖြစ်လေသည်။ အခြားမည်သူမျှ မရှိချေ။ ကျန်းဟန်သည် အခြားသူများ၏ခံစားချက်ကောင်းများနှင့် ဝေးဝေးနေနိုင်သည်။

"ဟွန့်" သူ၏ပုံစံကိုမြင်သည့်အခါ ဇီယန် နှာခေါင်းရှုံ့လိုက်၏။ "အချိန်က စကားပြောလိမ့်မယ်။ ရှင့်ရဲ့လုပ်ဆောင်ချက်ကို အနာဂတ်မှာ ကြည့်ရသေးတာပေါ့။ ရှင့်ရဲ့အိုင်ဒီကတ်ထဲက မွေးသက္ကရာဇ်က ဒီဇင်ဘာ ၂၂ ရက်။ ဒီတော့ ရှင်က ဓနုရာသီဖွားပဲ။ နက္ခရာသီတွေအကြောင်း ကျွန်မလေ့လာဖူးတယ်။ ဓနုရာသီဖွားယောက်ျားတွေက အချစ်ရေးမှာမကြာခဏ ပြောင်းလဲလွယ်တတ်ကြတယ်လို့ ပြောကြတယ်"

"ဒါက.." ကျန်းဟန်မှာ အကူအညီမဲ့စွာ ခေါင်းယမ်းလိုက်၏။

ကျန်းဟန်၏အမူအရာအား မြင်သည့်အခါ ဇီယန်ပြုံးလိုက်သည်။ "ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို အနီးကပ်စောင့်ကြည့်နေ

မှာ။ ရှင် တခြားမိန်းမတွေနဲ့ ပရောပရည်လုပ်ရဲရင် ကျွန်မ မုန့်မုန့်ကို ခေါ်ပြီးထွက်သွားမှာ”

"ကိုယ်မင်းကို အခွင့်အရေးမပေးပါဘူး” ကျန်းဟန် ရယ်လိုက်သည်။

ဆိုလိုသည်မှာ သူသည် သူမကိုသာ ချစ်သည် ဟူ၍ပင်။

ဇီယန်၏ မျက်လုံးလှလှလေးများမှာ အကြိမ်အနည်းငယ် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေပြီး တစ်ခုခုပြောချင်နေဟန်ရသည်။ သို့သော် ကျိုးဖေးက မပျော်မရွှင်ဖြင့် ဝင်ပြောလိုက်၏။ "တော်ကြပါတော့။ PDA မလုပ်ကြပါနဲ့တော့။ ဒီမှာ ငါတစ်ယောက်လုံး ငုတ်တုတ်ကြီးရှိနေသေးတယ်လေ”(PDA ဆိုတာ အတွဲတွေ လူမြင်ကွင်းမှာ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြည်နူးတစ်တီတူးတာကို ပြောတာပါ)

"သမီး...သမီးရော ဒီမှာရှိသေးတယ်” မုန့်မုန့်သည် ၎င်းက ဘာကိုဆိုလိုသည်အား နားမလည်သော်လည်း သူတို့၏အာရုံကို စွဲဆောင်နိုင်ရန် ဝင်ပြောလိုက်သေးသည်။

မင်းသမီးလေး၏ချစ်စဖွယ်အမူအရာကြောင့် ကျန်းဟန်နှင့် ဇီယန်မှာ ရယ်မောလိုက်ကြပြန်သည်။

သူတို့ စားသောက်ဆိုင်သို့ ရောက်ရှိလာကြ၏။ ဇီယန်သည် ဒုတိယထပ်သို့တက်သွားပြီး ကျန်းဟန်သည် ပထမထပ်တွင် ညစာပြင်ဆင်သည်။

ညစာမှာ အသားဟင်းအဖြစ် ဘဲကင်ဖြစ်ပြီး ကြက်ဥထမင်းကြော်၊ ခေါက်ဆွဲပြုတ်တို့အပြင် အရံအစားအစာများဖြစ်သည် သခွားသီးကြက်သွန်ဖြူဆော့စ်၊ အာလူးချောင်းကြော်တို့ ပါဝင်သည်။

အသီးအနှံများနှင့် အသားများ၏ပေါင်းစပ်မှုကြောင့် ဗီအိုင်ပီအဖွဲ့ဝင်များမှာ အလွန်ကျေနပ်နေကြပြီး သာမန်စားသုံးသူများကို သွေးဆောင်နေလေသည်။ နောက်ဆုံးတွင်တော့ ဘဲကင်၏မွှေးရနံ့မှာ အလွန်ပြင်းထန်ပေသည်။

ညစာစားပြီးနောက် ကျောက်ဖုန်းသည် ရှုပ်ပွနေသည်များကို ရှင်းလင်းပေးသည်။

ကျန်းဟန်နှင့် အခြားသူများမှာ ဒုတိယထပ်တွင် အနားယူကြ၏။ မုန့်မုန့်သည် ဆိုဖာပေါ်တွင် ပျင်းရိစွာလှဲကာ ကာတွန်းကားကြည့်နေ၏။

ထုံးစံအတိုင်းပင် ကျိုးဖေးသည် ည ဆယ်နာရီမထိုးမချင်း မပြန်ခဲ့ပေ။ ကျန်းဟန်နှင့်ဇီယန်သည် မုန့်မုန်နှင့်အတူ အရုပ်များဖြင့် ခဏလောက် ကစားကြ၏။ ဆယ်နာရီခွဲတွင် သူတို့အိပ်ခန်းသို့ သွားကြသည်။ ကျန်းဟန်က ပုံပြင်အား ဆက်၍ပြောပြ၏။ ဆယ်မိနစ်ခန့်ကြာသည့်အခါ မင်းသမီးလေးမှာ အိပ်ပျော်သွားသည်။

ကျန်းဟန်သည် မုန့်မုန့်အား ဂရုတစိုက်ဖြင့် ချီကာ သူမ၏ကုတင်လေးဆီသို့ ပြန်ပို့၏။ ထိုနောက် သူသည် ကုတင်ကြီးပေါ်သို့ ပြန်တက်ရန် မစောင့်နိုင်တော့ချေ။

ထိုအချိန်တွင် ဇီယန်သည်လား အနည်းငယ် အိပ်ငိုက်နေခဲ့သည်။ သူမ၏မျက်လုံးများကို ပိတ်ထားသော်လည်း မျက်တောင်များက လှုပ်နေလေ၏။

...အိပ်ချင်ယောင်ဆောင်တာလား...

ကျန်းဟန် ပြုံးကာ ညာလက်အားကုတင်ပေါ်သို့ အမြန်ဆန့်တန်းလိုက်၏။ သူသည် သူမအား ပွတ်သပ်ကာ ဖျစ်ညှစ်လိုက်သည်။

"ဟွန့် အရမ်းစိတ်ညစ်ဖို့ကောင်းတာပဲ” ဇီယန် ရှက်သွားသည်။ သူမ၏တစ်ကိုယ်လုံး ခွန်အားမဲ့သွားသလို ခံစားလိုက်ရ၏။

ကျန်းဟန် ရယ်မောလိုက်သည်။

-အခန်း(၃၂၄-က)ပြီး

wunzinnosp

## သန်မာပါအခန်း(၃၂၄-ခ) စိတ်မရှည်တော့သည့် လီချန်း

ကျန်းဟန်သည် လှည့်၍ ဇီယန်၏ကိုယ်ပေါ်သို့ ဖိကပ်လိုက်သည်။ နူးညံ့ပျော့ပြောင်းမှုအား ခံစားလိုက်ရသည်နှင့် သူသည် အလွန်ပူလောင်လာပြီး သူ၏ခန္ဓာကိုယ်က ကြီးမားသောတုံ့ပြန်မှုတစ်ခု ပေါ်လာသည်။

ဇီယန်လည်း ၎င်းကို ခံစားမိ၏။ သူမ ပို၍ ရှက်ရွံ့လာပြီး သူမ၏ခန္ဓာကိုယ်က အနည်းငယ် ထုံကျင်လာသည်။ ထို ပုရိသစွမ်းအင်က သူမအား ထိတ်လန့်စေကာ အသက်ရှူကြပ်လုနီးပါးဖြစ်စေသည်။

သူမ အနည်းငယ် မူးနောက်နောက်ဖြစ်လာ၏။ လှပသည့်မျက်လုံးလေးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ကာ ကျန်းဟန်အား စိုက်ကြည့်ပြီး နှုတ်ခမ်းကို ဖွင့်ဟလိုက်သည်။ "ရှင်...”

သို့သော် သူမ စကားပြောခါနီးတွင် ကျန်းဟန်က သူမ၏နှုတ်ခမ်းရဲရဲလေးများကို ဖိကားထားလိုက်လေသည်။

ထိုကဲ့သို့ နွေးထွေးသည့်အနမ်းမျိုးကို မည်သို့တုံ့ပြန်ရမည်အား ဇီယန် သိနေပြီဖြစ်သည်။

သူတို့၏နှုတ်ခမ်းများမှာ လုံးထွေးနေပြီး တစ်ခါတစ်ရံ မိုက်မဲသည့်ကလေးများပမာ ကစားနေကြသည်။ တစ်ခါတစ်ရံ ရှေ့သို့တိုးပြီး တစ်ခါတစ်ရံ နောက်သို့ပြန်ဆုတ်ကြသည်။ တစ်ခါတစ်ရံ မြန်ဆန်လာပြီး တစ်ခါတစ်ရံ နှေးကွေးသွား၏။

တဖြည်းဖြည်းနှင့် ဇီယန်၏လက်များသည် ကျွန်းဟန်၏လည်ပင်းအား သိုင်းဖက်လာပြီး သူမ စိတ်တက်ကြွလာသည်။

တဖြည်းဖြည်းနှင့် ကျွန်းဟန်၏လက်များကလည်း ညစ်ညမ်းလာ၏။

ထိုနောက် ကျွန်းဟန်သည် တစ်ပတ်လှည့်ကာ ဇီယန်အား သူ့ကိုယ်ပေါ်သို့ တင်လိုက်ပြီး သူမ၏ကိုယ်ကို ဖိကပ်ထားလိုက်သည်။

ဤသို့ဖြင့် နှစ်ယောက်သား အိပ်ရာပေါ်တွင် လူးလိမ့်ကာ ကြာမြင့်စွာ နမ်းရှိုက်လိုက်ကြသည်။

အခန်းတွင်းလေထုမှာ တဖြည်းဖြည်း ရင်းနှီးစပြုလာသည်။ သို့သော် ၎င်းက တောက်လောင်နေသည့်တောက်ထဲမှ လောင်စာထင်းခြောက်ပမာဖြစ်နေသည့် သူတို့စုံတွဲအတွက် မလုံလောက်ကြောင်း ထင်ရှားလေသည်။

သို့သော်...

ဇီယန်သည် ရာသီလာနေသည့်ကာလတွင်းဖြစ်နေဆဲပင်။ ၎င်းက ကူးဖြတ်၍မရသည့် မြစ်တစ်စင်းပမာပင်။

"လူဆိုး..."

နမ်းရှိုက်ပြီးနောက်တွင် ဇီယန်သည် ကျန်းဟန်၏ကိုယ်ပေါ်တွင် လှဲချကာ တိုးတိုးလေးပြောလိုက်သည်။

"မင်း သွေးမထွက်တဲ့အချိန်ဆို ကိုယ်ပိုဆိုးလိမ့်မယ်" ကျန်းဟန်၏လက်များက ဆက်လက်လှုပ်ရှားနေပြီး တိုးတိုးလေး ကပ်ပြောလိုက်၏။

"အရမ်းညစ်ပတ်တာပဲ။ ရှင်ကျွန်မကို အခွင့်ကောင်းယူဖို့ ခွင့်မပြုတော့ဘူး"

"ကိုယ် နောက်ထပ် မထိန်းနိုင်တော့ဘူး"

"ကျွန်မ ဘာလုပ်ရမလဲ" ဧယန်သည် ကျန်းဟန်၏အမူအရာကိုမြင်ပြီးနောက် ကွဲပြားမှုအချို့ကို ခံစားလိုက်ရသည်။ ထိုအချိန်တွင် သူမ အတွေးထဲ၌ ပုံဖော်ကြည့်လိုက်ပြီး သူမ၏မျက်နှာလှလှလေးမှာ ပို၍ နီရဲသွား၏။

"ဒီလိုဆိုရင်ရော..." ကျန်းဟန် မျက်လုံးများ မှေးကြည့်လိုက်သည်။ သူသည် လက်ချောင်းများကို ဆန့်ထုတ်ကာ ဧယန်၏နှုတ်ခမ်းရဲရဲလေးအား ထိလိုက်၏။

အစိပ္ပာယ်မှာ အလွန်ရိုးရှင်းပေသည်။ သို့သော် ဇီယန်သည် မသိချင်ယောင်ဆောင်ကာ ပြောလိုက်သည်။ "အဲဒါ ဘာကို ပြောတာလဲ"

"..."

နှစ်ယောက်သား ပွေ့ဖက်နေကြပြီး ၁၂ နာရီထိုးမှ အိပ်ကြသည်။ နောက်ဆုံးတွင် ကျန်းဟန်သည် ဇီယန်၏အပြစ်ကင်းစင်သော မျက်နှာလေးကိုကြည့်ကာ ဘာမှထပ်မပြောတော့ချေ။ ၎င်းက အလျင်စလိုလုပ်၍မရပေ။ သွားရမည့်ခရီးမှာ အရှည်ကြီးရှိနေသေးသည်။

...ဇီယန်ကြည့်ဖို့ ညစ်ညမ်းရုပ်ရှင်နည်းနည်းလောက် ယူလာဖို့ လိုမလား...

ကျန်းဟန် တွေးနေမိသည်။ *(အကြံဆိုးကြီးနဲ့)*

ညသည် တိတ်ဆိတ်စွာဖြင့် ကုန်လွန်သွားခဲ့၏။

နောက်တစ်နေ့တွင်လည်း ဇီယန်သည် အနားယူရန်ပင် ရွေးချယ်ခဲ့သည်။

သို့သော် ထိုနေ့မနက်တွင်တော့ မိန်ချီ ဖုန်းမဆက်ခဲ့ချေ။

မနက်စာစားပြီးနောက် ကျန်းဟန်သည် လဆန်းတောင် ပေါ်သို့သွားကာ နေ့လည်စာစားချိန်မှ စားသောက်ဆိုင်သို့ ပြန်လာသည်။ နေ့ခင်းဘက်တွင်တော့ သူတို့ အပြင်သွားရန် မ စီစဉ်ထားချေ။ စားသောက်ဆိုင်တွင် ရည်းစားနှင့်အတူ အချိန်ကုန်ဆုံးရန် အဆင်သင့်ဖြစ်နေပေပြီ။

နေ့လည် ၃ နာရီ၊ တော်ဝင်အန်တာတိတ်မန့်ရှိ မိန်ချီ၏ရုံး ခန်းတွင်...

"ဇီယန် ကုမ္ပဏီကိုမလာတာ သုံးရက်ရှိပြီ” လီချန်း အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

"ဟုတ်တယ်" မိန်ချီက ခါးသီးစွာပြုံးလိုက်ပြီး "သူမက လုံးဝစိတ်ပိုင်းဖြတ်ထားတာ။ ကျွန်မ အတင်းအကြပ်လုပ်လို့မရလို့ သူမကို အနားယူဖို့ သဘောတူလိုက်တယ်"

"သူမ တစ်ရက်လောက် မလာဘူးဆို ငါနားလည်ပါတယ်။ ဒါပေမယ့် အခု သူမ မလာတာ သုံးရက်ရှိပြီ။ ပြီးတော့ သူမက လုံးဝ စိတ်ပိုင်းဖြတ်ထားတယ် ဟုတ်လား။ သူမ ဘာဖြစ်နေတာလဲ" လီချန်း စိတ်ရှုပ်ထွေးစွာ ပြောသည်။

"အဲဒါတော့ မသိဘူး။ သူမလေသံကြည့်ရတောတော့ သူမ စိတ်ထဲမှာ စိုးရိမ်နေတာမရှိဘူးလို့ ကျွန်မခံစားလို့ရတယ်။ သူမ အဖြေတစ်ခုခု ရှာတွေ့သွားတာများ ဖြစ်နိုင်မလား" မိန်ချီလည်း အနည်းငယ် ပဟေဠိဖြစ်နေသည်။

"သူမ လက်လျှော့လိုက်ဖို့များ စဉ်းစားနေတာလား" လီချန်း သံသယဖြင့် ပြောသည်။

ထိုသို့ဆိုပါက သူပြင်ဆင်ထားသည့်နည်းလမ်းနှင့် သုံးစွဲခဲ့သည့် ငွေကြေးများမှာ အချည်းအနှီးပင်။

၎င်းကို တွေးပြီး လီချန်း စိုးရိမ်သွား၏။

လီချန်း၏အမူအရာကိုမြင်သည့်အခါ မိန်ချီ ခေါင်းယမ်းလိုက်သည်။ "မဟုတ်ဘူး။ ကျွန်မသိတယ်။ သူမက ဘယ်တော့မှ အရှုံးပေးမယ့်သူ မဟုတ်ဘူး။ သူမ ကုမ္ပဏီမှာ ဝေဖန်မှုတွေခံနေရတာ။ သူမ မပျော်ဘူးဆိုရင်တောင် သူမကိုယ်သူမ သက်သေပြဖို့ အောင်မြင်မှုတစ်ချို့ရအောင် သေချာပေါက် လုပ်လိမ့်မယ်”

"ဒါဆို သူမ ဘာဖြစ်နေတာလဲ။ ကုမ္ပဏီက သူမကို အရမ်းဖိအားပေးလို့လား” လီချန်း မျက်မှောင်ကြုတ်လိုက်သည်။

"ဖြစ်နိုင်တယ်။ သူမ ပင်ပန်းနေလို့ ရက်နည်းနည်းလောက် အနားယူချင်တယ်ပြောပေမယ့် အဲဒါက အကြောင်းပြချက်သက်သက်ပဲဖြစ်လိမ့်မယ်” မိန်ချီက ဖြေသည်။

ထိုစကားကို ကြားသည့်အခါ လီချန်း မျက်မှောင်တင်းတင်းကြုတ်သွား၏။

တစ်မိနစ်ခန့်စဉ်းစားပြီးနောက် သူသည် ၃၅ အမှတ် တံဆိပ်ပါရှိသည့် စီးကရက်ဘူးကို ထုတ်လိုက်သည်။ တစ်လိပ် ထုတ်လိုက်ပြီးနောက် မီးညှိကာ ပြတင်းပေါက်ဆီ လျှောက် သွား၏။ သူသည် အပြင်ဘက်လမ်းသို့ လှမ်းကြည့်ရင်း ပြောသည်။

"တကယ် ခေါင်းကိုက်တာပဲ။ အခု ငါ တော်တော် စိတ် အနှောင့်အယှက်ဖြစ်နေပြီ"

လီချန်း၏စကားများထဲတွင် စိတ်မရှည်မှုများစွာ ပါဝင် နေသည်။

အားလုံးမှာ သူ၏အစီအစဉ်အတိုင်း ဆက်သွားနေပါက အောင်မြင်မှုလမ်းစဉ်ကို သူခံစားရပေမည်။ သို့သော် ထိုသို့ မဟုတ်ခဲ့ပါက သူ စိတ်ဓာတ်ကျရပေမည်။

"စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့" မိန်ချီက ခါးသီးစွာပြုံး ကာ ပြောသည်။ "သူမက အရမ်းလှတာပဲ။ သေချာပေါက် သူမ ကို အနိုင်ရနိုင်ဖို့ ရှင်အများကြီးကြိုးစားရမှာပေါ့။ လုပ်ငန်းစဉ်

က ပိုခက်ခဲလေ အောင်မြင်မှုရတဲ့အခါ ပိုပြီး ချိုမြိန်လေပြလေ မဟုတ်ဘူးလား”

မိန်ချီသည် ပါးနပ်သည့် အမျိုးသမီးဖြစ်သည်။ လီချန်း အမှန်တကယ် ကြားချင်သည့်အရာကို သူမ ပြောခဲ့၏။

"ဟားဟား” လီချန်း ရယ်မောလိုက်သည်။ "မင်းပြောတာ မှန်တယ်။ ဒီလိုဆိုရင် နောက်တစ်ခါ မင်းသူ့ကို ဖုန်းခေါ်တဲ့အခါ ကောင်းကောင်းပြောလိုက်ပေါ့”

"ဟုတ်ကဲ့ပါ”

"…”

…

မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်တွင် ကျန်းဟန်တို့ မိသားစု၊ ကျိုးဖေး၊ ကျန်းလီနှင့် လော့ချင်းတို့အားလုံး ဒုတိယထပ်တွင် ရှိနေကြသည်။

မုန့်မုန့်သည် ဆိုဖာပေါ်တွင် ကျန်းဟန်နှင့် ဇီယန်၏အလယ် ထိုင်နေသည်။ ကျန်းဟန်နှင့် ဇီယန်တို့ အခြားသူများနှင့် စကားပြောနေစဉ် သူမက အရုပ်များဖြင့် ကစားနေ၏။

"အစ်ကို ယောင်းမ နင်တို့ နောက်ထပ် ကလေးမလိုချင်ဘူးလား" ကျန်းလီက ပေါ့ပေါ့ပါးပါး မေးသည်။

"မလိုချင်ပါဘူး" ဇီယန်က နှုတ်ခမ်းကို ကိုက်လိုက်သည်။

မုန့်မုန့်အား မွေးဖွားခဲ့သည်မှာ သူမအတွက် အတော်လေးကံကောင်းခဲ့ပေသည်။ ဒုတိယကလေးလား။ အဓိကအချက်မှာ သူမ လိုချင်သလား မလိုချင်လားဆိုသည်ထက် ရနိုင်သည်လားမရနိုင်သည်လားဖြစ်ပေသည်။

ထိုစကားကို ကြားသည့်အခါ ကျန်းဟန်သည် ဇီယန်၏လက်ကို တင်းတင်းဆုပ်ကိုင်၍ တိုးူတိုးလေးပြောလိုက်သည်။ "နောက်ကျရင် ကိုယ်မင်းကို ကုပေးမယ်"

သူ၏စကားကြောင့် ဖြစ်ပေါ်လာသော အပူရှိန်က ဇီယန်၏နားရွက်ကို အနည်းငယ် ယားယံသွားစေသည်။ သူမ ခေါင်းကိုလှည့်ကာ ပြုံး၍ ကျန်းဟန်အား နူးညံ့စွာ ကြည့်လိုက်သည်။ သူမ ဘာမှပြန်မပြောသော်လည်း အရာအားလုံးကို နားလည်သည်။

သူမ အလွန်ပျော်ရွှင်နေပြီဖြစ်၏။ သူမ ကျန်းမာရေးပြဿနာမရှိလျှင်ပင် တမင်သက်သက် ကလေးယူနေရန် မလိုအပ်ချေ။

ကျန်းဟန်က ပြုံးကာ ခေါင်းယမ်းလိုက်သည်။ သူ၏မျက်လုံးများကာ သူဘာတွေးနေသည်ကို ပြသနေသည်။

အရင်က ကျန်းဟန်သည် ဇီယန်၏ခန္ဓာကိုယ်အား စစ်ဆေးခဲ့၏။

သူမ၏ကျန်းမာရေးမှာ အလွန်ကောင်းသည်။ သူမပြောခဲ့သည့် မျိုးပွားနိုင်မှုပြဿနာနှင့်ပတ်သက်၍ ကျန်းဟန်သည် ၎င်း၏တည်နေရာကို သိရှိခဲ့သည်။

ဇီယန်၏ဝမ်းဗိုက်ထဲတွင် သူ၏စိတ်ဝိဉာဉ်စွမ်းအင်များ မရောက်ရှိနိုင်သည့် သေးငယ်သော နေရာတစ်ခုရှိသည်။ ၎င်းက အလွန်ထူးဆန်း၏။

ကျန်းဟန်သည် ချီသန့်စင်ခြင်းအဆင့်တွင်သာ ရှိသေးသည်။ အခြေတည်အဆင့်သို့ရောက်သည့်အခါတွင် အကြောင်းပြချက်အား သိရှိနိုင်မည်ဖြစ်၏။

သူတို့စကားပြောနေစဉ် ဇီယန်၏ဖုန်းက မြည်လာခဲ့သည်။

ဖုန်းကို ကောက်ကိုင်လိုက်ပြီး စကားအနည်းငယ်ပြောကာ သူမ ဖုန်းချလိုက်သည်။

"မိန်ချီက ဘာပြောလဲ" ကျိုးဖေးက မေးသည်။

"ငါတို့ အလုပ်မလာရင် သူဌေးဝူက သူ့ကို အပြစ်တင်လိမ့်မယ်တဲ့။ ခဏလောက်နေရင် ငါ့အတွက် အရင်းအနှီးတစ်ချို့စီစဉ်ပေးမယ်လို့ ပြောတယ်" ဇီယန်က ပြန်ပြောသည်။ "လေးရက်လောက်အနားယူပြီးပြီပဲ။ မနက်ဖြန် ကုမ္ပဏီကို သွားကြ

မယ်။ ဒီလောက်ထိ အနားယူလိုက်တော့ ငါ ကိုယ်အလုံးချိန် တက်လာလိမ့်မယ်”

"ဝိတ်တက်လာတာ ကောင်းတာပေါ့” ကျန်းဟန်က ပြုံးကာ ပြောသည်။

"မဖြစ်ဘူး။ ကျွန်မ ဝလာရင် ဝိတ်ချနေရလိမ့်မယ်။ ဝိတ်ချရတာက တော်တော်ပင်ပန်းတယ်”

သူတို့စကားပြောနေစဉ် လှေကားမှ အသံတစ်ခု ထွက်ပေါ်လာသည်။

"သူဌေး သူဌေးကတော်” အားဟူက စိတ်လှုပ်ရှားစွာ အော်ပြောသည်။ "ကားတွေရောက်ပြီ။ တစ်ချက်လောက် ဆင်းကြည့်မလား”

"ပြိုင်ကားတွေ ရောက်ပြီလား။ သွားရအောင်” ကျိုးဖေး၏မျက်လုံးများ တောက်ပလာပြီး သူမ ပထမဆုံး မတ်တပ်ထလိုက်သည်။

"ဒါဆို သွားကြည့်ရအောင်" ကျန်းလီနှင့် လော့ချင်းတို့လည်း မတ်တပ်ရပ်ကာ သူ့မနောက်သို့ လိုက်သွား၏။

ကျန်းဟန်သည်လည်း မုန့်မုန့်အား ပွေ့ချီကာ ဇီယန်နှင့်အတူ အောက်ထပ်သို့ ဆင်းလာခဲ့၏။

သူတို့ ဆိုင်အပြင်သို့ ထွက်လာသည့်အခါ...

တံခါးရှေ့ ကားပါကင်၌ စူပါပြိုင်ကားအသစ်အချို့ ငြိမ်သက်စွာ ရပ်ထားလေသည်။

ကားများကိုကြည့်ရင်း ကျိုးဖေး တဖြည်းဖြည်း မျက်လုံးပြူးသွားသည်။

"ဝိုး အရမ်းမိုက်တာပဲ"

"အရမ်းလှတယ်" လော့ချင်း၏မျက်လုံးများလည်း တောက်ပလာသည်။

"အများကြီး ဝယ်ခဲ့တာလား" ကျန်းလီမှာ သိပ်ပြီး စိတ်မလှုပ်ရှားသော်လည်း ထိုပြိုင်ကားများ၏တန်ဖိုးကို သူမသိရှိသည်။

ဘယ်ဘက်ရှိ ပထမဆုံးကားဖြစ်သော အနက်ရောင် Bugatti မှာ အကန့်အသတ်ထုတ်ကားဖြစ်သည်။ ၎င်း၏အသွင်အပြင်မှာ ပြောင်းလဲထားပြီး အနည်းငယ် ဝိုင်းသည်။ ၎င်းက အထူးသီးသန့်ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် သုံးစီးသာရှိပြီး သန်း ၆၀ တန်လေ၏။ သေချာပေါက် လမ်းမထက်တွင် မျက်စိဖမ်းစားနိုင်သည့် အလှလေးတစ်စီးဖြစ်သည်။

ဒုတိယတစ်စီးမှာ Maybach Exelero ၏ အကန့်အသတ်ထုတ်ဖြစ်သည်။ ၁၉၃၀ ခုနှစ်များဝန်းကျင်က လူကြိုက်များသော အစိတ်အပိုင်းများဖြင့် ခေတ်ဟောင်းစတိုင် အဆင့်မြင့်ကားဖြစ်သည်။ အမျိုးမျိုးသော အစိတ်အပိုင်းများ ပေါင်းစပ်ပါရှိ၏။ ထိုကားသည် အနက်ရောင် ပြောင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် တစ်စီးတည်းသာရှိပြီး အထူးခြားဆုံးဖြစ်သည်။

တတိယကားမှာ Lamborghini Murcielago ပင်။ အဝါရောင်ဘားနှင့် အတောင်ပံအမြီးပါရှိသည်။ လိုင်းများမှာ တောင့်တင်းသော်လည်း ပေါ့ပါး၍ ခိုက်မာသည့်ခံစားချက်ပေးသည်။ ခေတ်မီစူပါပြိုင်ကားတစ်စီးအတွက် လိုအပ်သော အစိတ်အပိုင်းများဖြင့် တည်ဆောက်ထားပြီး အထူးဖြင့် အင်ဂျင်ဘေးတွင် လေဝင်ပေါက် ဒီဇိုင်းပါရှိသည်။

စတုတ္ထမြောက်သည်တော့ Lamborghini Aventador ဖြစ်သည်။ လိမ္မော်ရောင် ကိုယ်ထပ်အနိမ့်၊ ကတ်ကြေးတံခါး၊ ကိုယ်ထည်ပတ်လည်ရှိ ကြီးမားသော လေဝင်ပေါက်များဖြင့် Lamborghini ၏ အရိုင်းဆန်မှုကို မီးမောင်းထိုးပြထားသည်။

"ဝိုး အရမ်းမိုက်တယ်" ကျိုးဖေးမှာ ကားလေးစီးလုံးကို လှည့်ပတ်ကြည့်နေသည်။

"တစ်စီးရွေးလေ" ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောသည်။

ထိုပြိုင်ကားများမှာ သူ့အတွက် အရုပ်ကားများနှင့်မခြားဘဲ သူ့စိတ်ကြိုက် ပေးပစ်နိုင်ကြောင်း သူ၏လေသံက ဖော်ပြနေသည်။

"ငါ…" ကျိုးဖေး အနည်းငယ် စိတ်လှုပ်ရှားနေသည်။ သူမ ကားများအား ခဏလောက် ကြည့်နေပြီးနောက် ခေါင်းယမ်းကာ ပြောလိုက်သည်။ "ငါ မရွေးတော့ဘူး။ ကြုံရာတစ်စီးပဲ မောင်းတော့မယ်။ ငါ ကြိုက်တဲ့ကားမောင်းလို့ရတယ်လို့ ခဲအို ကတိပေးထားတယ်နော်"

"အင်း"

"ဒါဆို ငါ အရင်စမ်းမောင်းကြည့်မယ်" ကျိုးဖေးက ကျောက်ဖုန်းဆီပြေးသွားကာ သော့တောင်းသည်။

"ငါ့ကို သော့ပေးဦး"

"ဘယ်တစ်စီးလိုချင်လဲ" ကျောက်ဖုန်းက မေးသည်။

"ဒီကား" ကျိုးဖေးက Bugatti Veyron ကို ညွှန်ပြသည်။

"ရော့"

ကျောက်ဖုန်းက သူ့လက်ထဲရှိ ကားသော့လေးခုကို ကြည့်ကာ ကျိုးဖေးအား တစ်ခုပေးလိုက်သည်။

"ဟဲဟဲ ဘယ်သူ ငါနဲ့လိုက်မလဲ" ကျိုးဖေးက ကားပေါ်မတက်ခင် ရယ်မောကာ မေးလိုက်သည်။

"ငါလိုက်မယ်" လော့ချင်းက လက်မြှောက်သည်။

"လာ ကားသွားစီးကြမယ်" ကျိုးဖေးက ပြောသည်။

သူတို့နှစ်ယောက် ကားပေါ်တက်ပြီးနောက် ကျိုးဖေး၏မောင်းနှင်မှုဖြင့် ဖြည်းညှင်းစွာ ထွက်ခွာသွားကြသည်။ သူတို့၏အရှိန်မှာ ကျန်းဟန်၏မျက်လုံးထဲ၌ ခရုတစ်ကောင်၏အရှိန်နှင့်ပင် တူနေသည်။

"ရှောင်လီ နင်လည်း တစ်စီးရွေး" ကျန်းဟန်က ကျန်းလီကို ပြောလိုက်သည်။

"ငါလား" ကျန်းလီက ခေါင်းယမ်းကာ "မလိုပါဘူး။ ငါ့ရဲ့ Maserati ကိုပဲ သဘောကျတယ်။ ငါအဲဒါကို မကြိုက်တော့မှာပဲ ရွေးတော့မယ်"

"ဟေး ကျန်းဟန် ကျွန်မကိုကျ ဘာလို့ မရွေးခိုင်းတာလဲ" ဇီယန်က ကျန်းဟန်အား စိုက်ကြည့်သည်။

"မင်းက ဒါမျိုးတွေ မကြိုက်ဘူးမလား" ကျန်းဟန်က သံသယဖြင့် ပြောသည်။

သာမာန်အချိန်များတွင် ဇီယန်သည် စူပါပြိုင်ကားများသို့မဟုတ် ထိုသို့သောအရာများကို အလွန်အမင်းသဘောကျခြင်းမရှိကြောင်း သူ ခံစားရသည်။

"ဘယ်သူက ပြောလဲ" ဇီယန် နှုတ်ခမ်းလေးကို စူလိုက်၏။

"ဟားဟားဟား..."

ကျန်းဟန်မှာ ဘာလုပ်မလဲ သိသည်။ သူက ရယ်မောကာ ချက်ချင်း ဇီယန်၏ခါးကို ဖက်လိုက်ပြီး "ကိုယ်တစ်ယောက်လုံး က မင်းရဲ့အပိုင်ပဲလေ။ ဒီကားတွေဆို ပြောမနေနဲ့တော့ပေါ့"

"ဝိုး..." ကျန်းလီမှာ သူ၏စကားကိုကြားလိုက်ရပြီးနောက် ပြုံးကာ အော်လိုက်သည်။

"ဝိုး..." ကျန်းဟန်၏ရင်ခွင်ထဲရှိ မုန့်မုန့်သည်လည်း ကျန်း လီ၏တုံ့ပြန်မှုအား မြင်လိုက်ရပြီးနောက် သူမနောက်မှ သံယောင်လိုက်ကာ အော်ဟစ်သည်။

"ဟွန့် ဘာတွေလျှောက်ပြောနေတာလဲ။ စိတ်ညစ်စရာ ကြီး"

ဇီယန် ပြုံးလိုက်သည်။ သူမသည် ကျန်း ဟန်၏လက်မောင်းအား ညင်သာစွာရိုက်ကာ သူ့အား မျက်စောင်းထိုးလိုက်၏။

-အခန်း(၃၂၄-ခ)ပြီး

wunzinnosp

## အခန်း(၃၂၅) ဖိတ်ခေါ်မထားသည့်ဧည့်သည်

"ဒါဆို ကျွန်မတို့ ကားလျှောက်စီးကြမလား” ဇီယန်က ကျန်းဟန်အားကြည့်ကာ ပြောသည်။

သူတို့ အပြင်ထွက်လာကြမှတော့ ခဏလောက် ကားလျှောက်မောင်း၍ရပေသည်။

"ကားလျှောက်စီးကြမယ်။ သွားကြမယ် သွားကြမယ်” မုန့်မုန့်က ချစ်စဖွယ်အသံလေးဖြင့် ပြောသည်။ မင်းသမီးလေးအတွက်တော့ သူတို့ဘယ်သွားသွား ဘာလုပ်လုပ် နောက်ကနေ ပျော်ရွှင်စွာလိုက်နေမည်ဖြစ်သည်။

"ကောင်းပြီ” ကျန်းဟန်က ခေါင်းညိတ်ကာ ကျန်းဟန်အားလှမ်းကြည့်လိုက်သည်။

ကျောက်ဖုန်းက Maybach ၏ သော့အား သူ့ဆီ တန်း ပေးလိုက်သည်။

"မိန်းမလှလေး ကျေးဇူးပြုပြီး ကားပေါ်တက်ပါခင်ဗျာ”

ကျန်းဟန်က ပြုံးကာ ဇီယန်အား ပြောလိုက်၏။

ဇီယန်သည် မုန့်မုန့်ကို ပွေ့ချီကာ အနက်ရောင် Maybach ကားပေါ်သို့ တက်ကားအတွင်းပိုင်းတွင် မြင့်မြတ်မှုနှင့် အတွင်း ပိုင်းအရိုင်းဆန်မှုကို မြင်တွေ့နိုင်၏။ တစ်ချက်ကြည့်လိုက်ရုံဖြင့် ထူးခြားသည်ကို သိရှိနိုင်သည်။

ကမ္ဘာပေါ်တွင် တစ်စီးတည်းသာရှိနေသော ကားဖြစ်၏။ ထို ဟိတ်ဟန်မှာ အလွန်ကြီးမားပေသည်။ ထိုကားအား သူ့ကို အလကားပေးသည့် ယွဲ့ဟန်ပင် သန်းတစ်ရာအထိ ခန့်မှန်းထား လိမ့်မယ်ဟု ခံစားရသည်။

သို့သော် သူ့ကိုယ်သူအကာအကွယ်တစ်ခုရရှိရန်အတွက် ကျန်းဟန်အား အလကားပေးရန်ရွေးချယ်ခဲ့သည်။

သူသည် ပါးနပ်ကာ အမြော်အမြင့်ရှိသည်။ အသက်ရှင်နေမှသာလျှင် ပိုက်ဆံများကို သုံးစွဲနိုင်မည်မဟုတ်ပါလား။ သူ့တွင် ဇိမ်ခံကားများစွာရှိသော်လည်း အသက်မှာ တစ်ခုသာရှိသည်။

"ကားအသစ်ကို လျှောက်မောင်းကြမလား" ကျန်းလီက ကျောက်ဖုန်းကိုကြည့်ကာ ပြောလိုက်သည်။

"အမ်...ကောင်းပြီလေ" ကျောက်ဖုန်းက ခေါင်းညိတ်၏။

"နင် ငါ့အတွက် မောင်းပေးမလား" ကျန်းလီ၏မျက်လုံးများမှာ အနည်းငယ် တောက်ပနေသည်။

"ကားနှစ်စီးကျန်သေးတာပဲ။ တစ်ယောက်တစ်စီးစီမောင်းကြမယ်လေ" ကျောက်ဖုန်းက ပြောသည်။

"ကောင်းပြီ။ ငါ လိမ္မော်ရောင်တစ်စီးကိုယူမယ်" ကျန်းလီက ဆို၏။

"ရော့" ကျောက်ဖုန်းက ကားသော့ကို ပေးလိုက်သည်။

သူကိုယ်တိုင်ကလည်း Lamborghini Bat ကားထဲသို့ ဝင်သွားသည်။ ထိုအချိန်တွင် ကျန်းဟန်၏ Maybach မှာ ထွက်ခွာသွား၏။ ကျန်းလီသည် ကားကိုစက်နိှုးလိုက်ပြီး နောက်မှလိုက်သွားသည်။ ကျောက်ဖုန်းက သူတို့၏နောက်တွင်ကပ်လိုက်၏။

တစ်ခါတစ်ရံ ကားပတ်စီးရသည်ကလည်း ပျော်စရာကောင်းပေသည်။

စွန်းဒုန်ဟမ်သည်လည်း လက်ရှိအချိန်၌ ထိုကဲ့သို့ပင်။

သူသည် လုယင်နှင့်အတူ လမ်းများပေါ်၌ သူ၏အဝါရောင် McLaren ကားကို လွတ်လပ်စွာ မောင်းနှင်နေသည်။

"မင်း သန်ဘက်ခါကျရင် ပြန်တော့မယ်။ ရိုးရိုးသားသား ပြောရရင် ငါတို့ နောက်ထပ် ရက်နည်းနည်းလောက် အတူတူထပ်ပြီး လျှောက်လည်ရဖို့ မျှော်လင့်မိတယ်" စွန်းဒုန်ဟမ်က ပြုံးကာ ပြောသည်။

"ပြီးခဲ့တဲ့ရက်တွေအတွင်း ကျွန်မ လိုက်ဖ်မလွှင့်ဖြစ်ခဲ့ဘူး။ ကျွန်မပရိသတ်တွေက သိပ်မပျော်တော့ဘူးဖြစ်မယ်။ ကျွန်မ လိုက်ဖ်လွှင့်ဖို့ ခဏလောက်ပြန်ပြီး အာရုံစိုက်ရမှာဖြစ်မယ်။ ဒါနဲ့ စကားမစပ် အစ်ကိုဒုန်... အစ်ကိုဆန္ဒရှိရင် ကျွန်မဆီလိုက်လည်လို့ရတယ်လေ" လုယင်က ပြုံး၍ ပြောသည်။

"နောက် အခွင့်အရေးရရင် ငါ သေချာပေါက် လာခဲ့ပါမယ်" စွန်းဒုန်ဟာမ်က ခေါင်းယမ်းကာ ပြောသည်။ "မင်းမလာခင်တုန်းက မင်းရဲ့လိုက်ဖ်စထွင်းတွေကိုကြည့်ပြီး မင်းကို ပွင့်လင်းပြီးတော့ ရိုင်းတဲ့မိန်းကလေးလို့ထင်ခဲ့တာ။ လက်တွေ့မှာတော့ မင်းက ဒီလောက် နူးညံ့သိမ်မွေ့လိမ့်မယ်လို့ ငါ တကယ်မမျှော်လင့်ထားဘူး"

"အဲဒါက လိုက်ဖ်လွှင့်တာရဲ့ အကျိုးသက်ရောက်မှုပဲ မဟုတ်လား" လုယင်က ပြောသည်။

"ဟားဟား...မှန်တယ် မှန်တယ်။ မင်းနဲ့လျှောက်လည်ရတာ ပျော်ဖို့ကောင်းပါတယ်။ ကျောက်တုံးက အရင်း်း

စိတ်ဝင်စားဖို့ကောင်းတယ်။ မိန်းကလေးနှစ်ယောက်လည်း အတူတူပါပဲ”

“အစ်ကိုဒုန် နင့်ရဲ့လိုက်ဖ်က အခုဆိုရင် တည်ငြိမ်နေပြီ။ အခု ပျမ်းမျှပရိသတ်အရေအတွက်က ၅ သန်းကျော်သွားပြီ။ အစပိုင်းမှာတော့ ဒီလိုပဲ။ အချိန်အတိုင်းအတာတစ်ခုရောက်ရင် တစ်သန်းကျော်လောက်မှာ တည်ငြိမ်သွားမယ်လို့ ခန့်မှန်းရတယ်။ အဲဒီအခါကျရင် တချို့စတူဒီယိုတွေ ဝဘ်ဆိုဒ်တွေက နင့်ကို စာချုပ်ချုပ်ဖို့ ဆက်သွယ်လိမ့်မယ်။ ဈေးနှုန်းနဲ့ပတ်သက်ပြီး ကောင်းကောင်းဆွေးနွေးဖို့ မမေ့နဲ့” လုယင်က ပြောသည်။

"စတူဒီယိုတွေကို ခေါက်ထားလိုက်ပါ။ လောလောဆယ် အဲဒီဝဘ်ဆိုဒ်တွေနဲ့လည်း ပူပေါင်းဦးမှာမဟုတ်ဘူး။ အဲဒီငွေလေးက ငါ့အတွက် ဘာမှမဟုတ်ပါဘူး။ အချိန်တစ်ခုရောက်တဲ့အထိ စောင့်ဦးမယ်” စွန်းဒုန်ဟမ်မှာ ရင်ထဲတွင် နာကျင်နေသော်လည်း သူ၏အမူအရာက လုံးဝဂရုမစိုက်ဟန်ပြသ

ထားသည်။ ပိုက်ဆံဆိုသည်မှာ သူ၏မျက်လုံးထဲ၌ အမှိုက်များ သဖွယ် ပြောနေသည့်ဟန်ပင်။

သို့သော် သူအမှန်တကယ်တွေးနေသည်ကား...

...သေစမ်း။ အဲဒါပိုက်ဆံတွေပဲ။ ပရိသတ်တစ်သန်းကျော်။ ငွေဆယ်သန်းနီးပါးတောင်ရှိပြီမဟုတ်လား။ ငါ့မှာ အဲ့ံလောက် ပိုက်ဆံ ဘယ်တုန်းကမှမရှိဖူးဘူး...

သို့သော် အကြောင်းအမျိုးမျိုးကြောင့် စွန်းဒုန်ဟမ်သည် လက်ရှိအချိန်တွင် မည်သည့်စာချုပ်ကိုမျှချုပ်ဆိုနိုင်ခြင်းမရှိချေ။ အကြောင်းမှာ သူလက်မှတ်ထိုးလိုက်သည်နှင့် ကန့်သတ်ချက်များရှိလာပေမည်။ သူ့အဖေ အမေရိကမှ ပြန်လာသည်ကိုစောင့်ကာ သူ၏အမြင်ကို မေးမြန်းရဦးမည်။

"ဟေး အစ်ကိုဒုန် ငါ နင့်ကိုတစ်ခုလောက် မေးချင်တာရှိ သေးတယ်"

"မေးလေ" စွန်းဒုန်ဟမ်က ခေါင်းညိတ်သည်။

"အင်း....” လုယင်က တံ့ဆိုင်းနေပြီးမှ ပြောသည်။ "ဟို... အရမ်းလှတဲ့ကလေးမလေး မုန့်မုန့်လေ။ အစ်ကိုဒုန် မုန့်မုန့်ရဲ့ မျက်နှာလေးနဲ့ စတစ်ကာတွေ အဗာတာပုံတွေလုပ်ထားတာ တွေ့လိုက်တယ်။ အစ်ကိုရဲ့ဗီဒီယိုကိုကြည့်ပြီးတော့ လူတော်တော်များများ ဖန်ဂရုကိုဝင်ကြတယ်။ အဲဒါ...ငါ့အတွက် မုန့်မုန့်ကို ဗီဒီယိုလေးတစ်ခုလောက် ရိုက်ပေးဖို့ တောင်းဆိုလို့ရမလားလို့”

"မရလောက်ဘူးထင်တယ်” စွန်းဒုန်ဟာမ်က ခဏလောက် စဉ်းစားပြီး ခေါင်းယမ်းသည်။ "ငါတို့သူဌေးက ပုံရိပ်ကြီးတဲ့သူ တစ်ယောက်ဆိုတာ မင်းလည်းသိတာပဲ။ အရင်တစ်ခါတုန်းက ငါ ကံကောင်းလို့ရခဲ့တာ။ သူက မုန့်မုန့်ကို ဒီလိုဗီဒီယိုတွေ ရိုက်ခွင့်မပေးဘူး”

စွန်းဒုန်ဟာမ်မှာ သူကိုယ်တိုင်အတွက် တောင်းဆိုပါက အဆင်ပြေသေးသည်ဟု ခံစားမိ၏။ အဘယ်ကြောင့်ဆိုသော်

သူတို့၏ဆက်ဆံရေးမှာ မဆိုးချေ။ ကျန်းဟန်သည် မုန့်မုန့် ကြောင့် သူ့မိသားစုအား ကယ်တင်ခဲ့၏။

ထို့ကြောင့် မုန့်မုန့်၊ မုန့်မုန့်၏အမေနှင့် သူ့ဌေးသည် စွန်းဒုန်ဟမ်၏နှလုံးသားထဲတွင် အရေးကြီးသည့်အနေအထားတွင် ရှိ၏။ အရင်တစ်ကြိမ် တောင်းဆိုသည့်အချိန်ကလည်း သူ အရဲစွန့်ကာ ဖုန်းခေါ်ခဲ့ခြင်းဖြစ်သည်။ အခြားသူအတွက်တောင်းဆိုပေးပါက လွန်လွန်ကျူးကျူးဖြစ်သွားပေလိမ့်မည်။

"အင်း...စိတ်မကောင်းစရာပဲ။ ဒီလောက်လှတဲ့ ကလေးမလေးကို ပထမဆုံးတွေ့ဖူးတာပဲ" လုယင်က ရယ်မောလိုက်ပြီး "နောက်ကျအခွင့်အရေးရရင် နင် မုန့်မုန့်ကို ထပ်ပြီး ဗီဒီယိုလေးတွေရိုက်သင့်တယ်လို့ ငါထင်တယ်။ သူမနဲ့သာဆိုရင် သက်ရောက်မှုက အတော်လေးကောင်းမှာ"

"ဟားဟားဟား...သူမက ကမ္ဘာပေါ်မှာ အလှဆုံးမင်းသမီးလေး... ငါ့လခွမ်း"

စွန်းဒုန်ဟမ်က ရယ်မောကာ မီးပွိုင့်ကို စောင့်ရင်းပြော လိုက်သည်။ စူပါကားတစ်စီးက သူ့အားကျော်သွားသည်ကိုမြင် သည့်အခါ မျက်လုံးပြူးသွားကာ စကားရပ်လိုက်သည်။

"ဝိုး အဲဒါဘာကားလဲ။ အရမ်းမိုက်တာပဲ" လုယင်သည် လည်း ထိုကားကိုကြည့်ကာ ရုတ်တရက် အံ့သြသွား၏။

"အဲဒါ Bugatti ရဲ့ Black Bess Legend အကန့်အသတ် ထုတ်ပဲ။ ငါ့မျက်လုံးကိုတောင် ငါမယုံနိုင်ဘူး။ အရမ်းလှတယ်" စွန်းဒုန်ဟမ်မှာ သူ့ပေါင်ကိုသူ ခပ်ပြင်းပြင်းပုတ်လိုက်သည်။

"အဲဒါတစ်စီးရဖို့ သန်း ၆၀ လောက် ကုန်ကျတယ်" သူ သည် အသက်ပြင်းပြင်းရှူကာ ပြောလိုက်သည်။ စွန်းဒုန်ဟ မ်၏နှလုံးခုန်သံများ မြန်ဆန်လာ၏။

"၆...၆၀ လား။ ဘုရားရေ အရမ်းဈေးကြီးတာပဲ" လုယင် မှာ အနည်းငယ် မူးနောက်နောက်ဖြစ်သွား၏။

သူမ၏ဝင်ငွေ နှစ်သန်းမှာ...အိုး...ဘာမှကိုမဟုတ်တော့ချေ။

စွန်းဒုန်ဟမ်သည် သက်ပြင်းတစ်ချက်ရှိုက်လိုက်၏။ "အဲဒါကမ္ဘာပေါ်မှာ သုံးစီးပဲရှိတာ။ အရမ်းရှားတယ်။ ဒီနေ့ ဒီမှာ တွေ့ရလိမ့်မယ်လို့ မထင်ထားဘူး။ အဲဒါကိုမောင်းနေတာ သေချာပေါက် စောက်ရမ်းချမ်းသာတဲ့သူဖြစ်မှာသေချာတယ်" စွန်းဒုန်ဟမ်သည် ခေါင်းကိုယမ်းကာ သူ့ကိုယ်သူ တည်ငြိမ်သွားအောင် ရေတစ်ငုံသောက်လိုက်သည်။

ကားမောင်းသူမှာ ဖေးဖေးဖြစ်မှန်း သူမသိခဲ့ချေ။

"ဖူး...အဲဒါက..ဘာကားကြီးလဲ"

အနက်ရောင်တစ်လက်လက်နှင့် Maybach တစ်စီးဖြတ်သွားသည့်အချိန်တွင် စွန်းဒုန်ဟမ်မှာ ရေပင်သီးသွား၏။

စိတ်လှုပ်ရှားလွန်းသဖြင့် သူ၏အသံမှာ တုန်ယင်နေသည်။

"နေဦး။ စကားမပြောနဲ့။ အဲဒီကားကို ငါ အင်တာနက်မှာ မြင်ဖူးတယ်။ အဲဒါ ဘာပါလိမ့်။ အင်း...။ Maybach ဟုတ်တယ် အဲဒါ Maybach ပဲ။ ကမ္ဘာပေါ်မှာ တစ်စီးတည်းပဲရှိတဲ့ Maybach Exelero ပဲ။ အိုး အဲဒါ ဟောင်ကောင်မှာရှိတယ်ပေါ့။ အရမ်းမိုက်တယ်။ သူ့ရဲ့ ဘော်ဒီကိုကြည့်ပါဦး အရမ်းကို အဆင့်အတန်းမြင့်လွန်းတယ်"

"ကမ္ဘာပေါ်မှာ တစ်စီးပဲရှိတာလား။ အိုးမိုင်ဂေါ့တ်.... ဘယ်လောက်တောင် ဈေးကြီးလဲ" လုယင်က အသံတိုးတိုးဖြင့် မေးသည်။

"အဲဒါက ငွေနဲ့တိုင်းတာလို့မရဘူး။ ဒါက အနုပညာဆန်တဲ့ အလုပ်ပဲ" စူပါကားများကို နှစ်သက်သည့် စွန်းဒုန်ဟမ်မှာ တဖြည်းဖြည်း ဝေးကွာသွားသည့် Maybach အား စိုက်ကြည့်ရင်း ဖြည်းညှင်းစွာပြောသည်။

"ဒါပေမယ့်...ဒါပေယ့်...အဲဒါက တန်ဖိုးတစ်ခုတော့ ရှိသင့်တယ်မလား"

"အင်း...တန်ဖိုးတစ်ခုတော့ ရှိတယ်" စွန်းဒုန်ဟမ်က သက်ပြင်းချကာ ပြောသည်။ "ဒီကားကို လေလံတင်ခဲ့တာ မကြာသေးဘူး။ လူတစ်ယောက်က သန်း ၆၀ နဲ့အနိုင်ရသွားခဲ့တယ်။ ဒါပေမယ့် ကမ္ဘာပေါ်မှာ တစ်စီးတည်းပဲရှိတော့ သူ့ရဲ့တန်ဖိုးက ဒီထက်မြင့်နိုင်တယ်"

"အရမ်းဈေးကြီးတာပဲ" လုယင်က လျှာလေးကို ထုတ်လိုက်သည်။ သူမ ရှေ့သို့ ရုတ်တရက် ကြည့်လိုက်ပြီး "နောက်ထပ် ပြိုင်ကားနှစ်စီးရှိသေးတာပဲ။ အဲဒါတွေကရော အကန့်အသတ်ထုတ်တာလား။ အတူတူပဲလား"

"ဟမ်...အဲဒါတွေ ကြည့်ရတာ..." စွန်းဒုန်ဟမ်က ကားများကို စိုက်ကြည့်ရင်း "အဲဒါ Lamborghini တွေပဲ။ ရှေ့ကနှစ်စီးထက်တော့ အများကြီးဈေးသက်သာပါတယ်။ တစ်စီးကို ၈ သန်းဝန်းကျင်ရှိတယ်။ ကားလေးစီးလုံးက အသစ်တွေချည်းပဲ။ သူတို့က ဒီမှာ တစ်ချိန်တည်းရှိနေတာဆိုတော့ အကုန်လုံး

အတူတူဖြစ်လိမ့်မယ်။ သူတို့တွေက သေချာပေါက် အကောင်း ကြီးကြီးတွေထဲကဖြစ်ရမယ်”

"ဟုတ်တယ်။ ပြိုင်ကားတွေအများကြီး အတူတူတွေ့ရတာ အရမ်းမိုက်တယ်။ ဟိုနေ့ညက တောင်ပတ်လမ်းမှာတွေ့ခဲ့ရတဲ့ မြင်ကွင်းလိုပဲ” လုယင်က ခံစားချက်များဖြင့် ပြောသည်။

"အင်း ဒီကားတွေရဲ့တန်ဖိုးက အဲဒီနေ့က ကြယ်နီတောင်ပေါ်က ကားတွေအားလုံးထက် ဈေးကြီးတယ်” စွန်းဒုန်ဟမ်မှာ ခေါင်းကို အကြိမ်ကြိမ်ယမ်းသည်။

"အင်း လူချမ်းသာတွေတော်တော်များတယ်”

"သူတို့လောက် ချမ်းသာတဲ့သူတွေက များများစားစားမရှိပါဘူး။ ဒီလိုမျိုး အကန့်သတ်ထုတ် ပြိုင်ကားတစ်စီးရဖို့ အချိန်ဘယ်လောက်များကြာမလဲမသိဘူး”

"...”

သူတို့စကားပြောနေစဥ် နောက်ဘက်မှ ကားဟွန်းသံထွက်ပေါ်လာသည်။ "တီတီတီ..."

ဟွန်းဒုန်ဟာမ်မှာ ထိုတော့မှ သတိပြန်ဝင်လာပြီး ကားကိုရှေ့သို့ အမြန်မောင်းသွား၏။ တစ်ချိန်တည်းမှာပင် သူက လုယင်အား ကြည့်ကာ မေးလိုက်သည်။ "ငါတို့ ဘယ်သွားကမြလို့လဲ။ ငါမေ့သွားလို့"

စိတ်ရှုပ်ထွေးနေသည့် မစ္စတာစွန်းဒုန်ဟာမ်ကိုကြည့်ကာ လုယင်ပြုံးလိုက်သည်။ "ငါတို့ ကားလျှောက်မောင်းနေတာမဟုတ်ဘူးလား"

"အာ ဟုတ်သားပဲ။ ဒီတိုင်း ကားပတ်မောင်းနေတာကို" စွန်းဒုန်ဟာမ်မှာ ခေါင်းယမ်းလိုက်ပြီး "ခဏလောက်ပျော်ရအောင် တစ်နေရာရာရှာမလား"

စွန်းဒုန်ဟာမ်၏စကားကိုကြားသည့်အခါ လုယင်၏မျက်နှာမှာ အနီငယ်နီမြန်းသွား၏။

နှစ်ယောက်တည်းအပြင်ထွက်လာကြပြီး...ခဏလောက် ပျော်ရန် နေရာတစ်ခုရှာရမည်လား...

သူဘာလုပ်ချင်တာလဲ...

ကြည့်ရတာ နည်းနည်း စကားနှစ်ခွဖြစ်မနေဘူးလား...

အဲဒါ...အဲဒါက..အရမ်းစောလွန်းတယ်" လုယင်က ရှက်ရွံ့စွာပြောတယ်။ "ငါတို့ တစ်ယောက်နဲ့တစ်ယောက်သိတာ ရက်ပိုင်းပဲရှိသေးတယ်"

"အာ..."

စွန်းဒုန်ဟမ်မှာ ကြောင်သွား၏။ နောက်မှ သူ သဘောပေါက်သွားပြီး မရယ်ဘဲမနေနိုင်တော့ချေ။ "ငါပြောချင်တာက ငါတို့ ဂေါက်ကစားကြရင်ရော ဘယ်လိုလဲ"

"ဒါပေမယ့် ငါ မကစားတတ်ဘူး"

"ငါသင်ပေးမယ်လေ"

"…"

စွန်းဒုန်ဟမ်သည် မိန်းကလေးများနှင့် အီစီကလီလုပ်ရသည်ကို နှစ်သက်သော်လည်း သူနှင့်အတူနေရန် စိတ်ဆန္ဒရှိပြီး သူတို့အိပ်ပြီးနောက် သူ့အား တိုက်ရိုက်ထားခဲ့သည့် မိန်းကလေးမျိုးကိုသာ နှစ်သက်သည်။

လုယင်မှာ ရုပ်ရင်ချောမောကာ ရင်သားကြီး၏။ စွန်းဒုန်ဟမ်သည် သူမအား ရနိုင်သည်ဟု ယုံကြည်မှုရှိသည်။ သို့သော် သူတို့နှစ်ယောက်လုံးမှာ လိုက်ဖ်စထွင်းလွှင့်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် ရင်းနှီး၏။ နောက်ပိုင်း တစ်ခုခုဖြစ်ခဲ့လျှင် ဒုက္ခများပေမည်။ ထို့ကြောင့် စွန်းဒုန်ဟမ်သည် သူမနှင့်ပတ်သက်၍ အခြားအတွေးများမရှိချေ။

၎င်းကိုစဉ်းစားပြီးနောက် သူသည် ဂေါက်ရိုက်ရန် စိတ်ကူးထားခဲ့သည်။

အခြားတစ်ဖက်တွင် ပြိုင်ကားလေးစီးတွဲမှာ မျက်စိဖမ်းစားနိုင်လွန်းပြီး လမ်းသွားလမ်းလာများမှာ ၎င်းတို့အား မကြည့်ဘဲမနေနိုင်ချေ။

ကားတန်းသည် လဆန်းပင်တောင်ကွေ့သို့ မောင်းသွားကာ ပတ်မောင်းနေကြပုံရ၏။

ကျိုးဖေးသည် သူမနောက်မှ ကားများလိုက်နေသည်ကို တွေ့လိုက်ပြီးနောက် ပြုံးကာ အရှိန်လျှော့လိုက်သည်။ သူမသည် Maybach အား ရှေ့ဆုံးမှ ဦးဆောင်စေလိုက်ပြီးနောက်မှလိုက်လာခဲ့သည်။

လဆန်းကွေ့သို့ မရောက်မှ နောက်ဆုံးမီးပွိုင့်တွင်...

ကျိုးဖေးသည် ခေါင်မိုးအားဖွင့်ရန် ခလုတ်နှိပ်လိုက်သည်။

ဒီး...

Bugatti Veyron ၏ခေါင်မိုးမှာ ပြောင်းလဲသွား၏။ ခေါင်မိုးသည် စက်ရုပ်ကဲ့သို့ ပုံစံပြောင်းလဲလာပြီး တဖြည်းဖြည်း နိမ့်ဆင်းသွားသည်။

-အခန်း(၃၂၅-က)ပြီး

wunzinnosp

## အခန်း(၃၂၅-ခ) ဖိတ်ခေါ်မထားသည့်ဧည့်သည်

၎င်းက လမ်းဘေးနှစ်ဖက်ရှိ လမ်းသွားလမ်းလာများကို ငေးမောသွားစေသည်။ လမ်းပေါ်ရှိ မီးပွိုင့်စောင့်နေသော ကားများပင် အာရုံစူးစိုက်နေကြသည်။

ဘတ်စ်ကားတစ်စီးပေါ်မှလူများသည်လည်း ထပ်တလဲလဲ အာမေဋိတ်သံများ ထွက်လာကြသည်။

"ဘယ်လောက်တောင်မိုက်လိုက်တဲ့ကားလဲ”

"ဟေး ကြည့်စမ်း။ ကားထဲမှာ မိန်းမလှလေးနှစ်ယောက်ရှိနေတာပဲ။ သူတို့က ချမ်းသာတဲ့မိသားစုကလာတာဖြစ်ရမယ်"

"ငါယုံတောင်မယုံနိုင်ဘူး"

"..."

ပို၍စိတ်ဝင်စားဖွယ်ကောင်းသည့် လူငယ်တစ်ယောက်ရှိ၏။ ကျိုးဖေးမောင်းနေသည့် Bugatti ၏ဘေးတွင် သူက Audi A4L ကို မောင်းနှင်နေသည်။ သူသည် ခေါင်မိုး၏လျှပ်ရှားမှုအား သဘောကျစွာကြည့်နေ၏။ အထဲရှိလူအား မြင်လိုက်ရသည့်အခါတွင်တော့ သူ အံ့သြသွားသည်။

"အိုး နိုး... မိန်းကလေးမောင်းတာလား။ ငါ သူမနဲ့ ဝေးဝေးနေမှဖြစ်မယ်။ ငါ့ကားလေးသာ ခြစ်မိသွားဦးရင် စိတ်ဆင်းရဲရချည်ရဲ့..."

လူများ၏အာမေဋိတ်သံများကြားတွင် မီးနီမှာ အစိမ်းရောင်အဖြစ်သို့ ပြောင်းသွား၏။

ကမ္ဘာပေါ်တွင် တစ်စီးတည်းသာရှိသော Maybach က ဦးဆောင်ကာ လဆန်းကွေ့သို့ လှည့်သွားခဲ့သည်။

"ရှင် ယွမ်ရင်ဥယျာဉ်မှာ ခဏလောက် ဝင်ဦးမလား” ဇီယန်က ပြောသည်။

သူမ စားသောက်ဆိုင်သို့ ပြောင်းလာပြီးကတည်းက ယွမ်ရင်ဥယျာဉ်သို့ မပြန်ဖြစ်ခဲ့ချေ။

"ကောင်းပြီလေ” ကျန်းဟန်က ပေါ့ပေါ့ပါးပါးဖြေသည်။

ထိုနောက် ကားလေးစီးမှာ ယွမ်ယျာဉ်ဥယျာဉ်သို့ ဦးတည်လာခဲ့၏။

ထိုအချိန်အတွင်း၌ ဇီယန်က ဝမ်ကျွမ့်အား ဖုန်းဆက်ကာ သူမတို့ လာမည့်အကြောင်း ပြောထားခဲ့သည်။

ယွမ်ရင်ဥယျာဉ်သို့ ရောက်လာပြီးနောက် အပေါ်ထပ်သို့ တက်သွားသည့်အခါ ဝမ်ကျွမ့်က လက်ဖက်ရည်ကျိုပြီးသားဖြစ်နေသည်။

ကျန်းဟန်သည် မုန့်မုန့်အား ပွေ့ချီထားပြီး ဇီယန်၏လက်ကို ကိုင်ထားသည်အား မြင်သည့်အခါ ဝမ်ကျွမ့်မှာ အနည်းငယ် အံ့အားသင့်သွားပြီး စိတ်လှုပ်ရှားသွား၏။

အစပိုင်းတွင် ကျန်းဟန်နှင့် ဇီယန်၏ဆက်ဆံရေးမှာ အလွန်ထူးဆန်းနေသည်ကို သူမ မှတ်မိသည်။ ယခုတော့ သူတို့၏ဆက်ဆံရေးမှာ လျင်မြန်စွာ တိုးတက်လာပုံရ၏။

သူတို့သည် မိသားစုတစ်စုဖြစ်လာခဲ့ပေပြီ။

ဝမ်ကျွမ့်၏အမြင်တွင် သူတို့သည် ယခင်က ပြဿနာတစ်စုံတစ်ရာကြောင့် လမ်းခွဲခဲ့ကြသည့် စုံတွဲနှင့် ပိုတူသည်။ ကျန်းဟန်သည် နောင်တရကာ ဇီယန်ထံ ပြန်လာခဲ့၏။ အချိန်အတော်ကြာပြီးနောက် ဇီယန်က သူ့အား ခွင့်လွှတ်လိုက်သည်။ သို့သော် အရင်က ဘာတွေဖြစ်ခဲ့သနည်း။ သူသည် သူမအား ဖောက်ပြန်ခဲ့သည်လား သို့မဟုတ် အခြားတစ်ခုခုလား။

သူမ အတွေးလွန်နေသည့်ပုံပင်။ ဝမ်ကျွမ့်သည် သူမကိုယ်သူမ အလွန်ရယ်စရာကောင်းကြောင်း တွေးမိသွား၏။

သူမ၏စိတ်ကူးအတိုင်းဆိုလျှင် အချစ်ဝတ္ထုတစ်ပုဒ်ပင် ရေးနိုင်လေသည်။

လူတိုင်း ပထမထပ် ညှော်ခန်းတွင် လက်ဖက်ရည်သောက်ရင်း စကားပြောကြသည်။

ဆယ်မိနစ်ခန့်ကြာပြီးနောက် ဝမ်ကျွမ့်က ချီတုံချတုံဖြစ်နေပြီး နောက်ဆုံးတွင် သူမ ပြောလိုက်သည်။

"မစ္စ… ကျွန်မ အလုပ်ထွက်ချင်ပါတယ်"

"အလုပ်ထွက်မှာလား" ဧယန် အံ့သြသွား၏။ သူမ အကြောင်းအရင်းကို မသိသဖြင့် မေးလိုက်သည်။ "ဘာလို့ ရုတ်တရက်ကြီး နှုတ်ထွက်ချင်ရတာလဲ"

"ဘာလို့လဲဆိုတော့…မစ္စမှာ ပျော်စရာကောင်းတဲ့မိသားစုလေးရနေပြီလေ။ မစ္စတာကျုန်းရဲ့ ဂရုစိုက်မှုက ပိုကောင်းတာ မဟုတ်လား။ အခု မစ္စက အိမ်ပြောင်းသွားပြီဆိုတော့ ကျွန်မမှာ

လုပ်စရာဘာမှမရှိတော့ဘူး” ဝမ်ကျွမ့်က ခဏလောက်စဉ်းစား ကာ ပြောသည်။

သူမသည် မုန့်မုန့်အား ပြုစုရန်နှင့် သူတို့အတွက် ထမင်းဟင်းချက်ပြုတ်ရန်၊ အိမ်သန့်ရှင်းရေးလုပ်ရန် လာခဲ့ရခြင်းဖြစ်သည်။ သူမသည် အရည်အချင်းပြည့်ဝသည့် ကလေးထိန်းတစ်ဦးဖြစ်၏။ သို့သော် ယခုအချိန်တွင်တော့ စံအိမ်ကြီးက သူမ၏အိမ်လိုဖြစ်လာပုံရနေသည်။ ဤနေရာတွင် တစ်ယောက်တည်းထိုင်နေကာ လစာမြောက်များစွာယူနေရသည်က သူမအား အနည်းငယ် ရှက်ရွံ့စေသည်။

“ဒါက ကိစ္စကြီးမဟုတ်ပါဘူး။ အန်တီအိမ်ကို စောင့်ပေးလို့ရတာပဲ” ဇီယန်က ပြုံးကာ ပြောသည်။

"အင်း…အဲဒါ ကောင်းမယ်မထင်ဘူး။ ကျွန်မ အရမ်းအားနေတယ်လေ” ဝမ်ကျွမ့်က ပြန်ဖြေသည်။

"အဲဒါကြောင့်ဆိုင်တော့ သိပ်အများကြီး စဉ်းစားမနေပါနဲ့။ ကံကြမ္မာက ခင်ဗျားကို ဇီယန်ဆီ ရောက်လာစေတာပဲ။ ပြီး

တော့ ခင်ဗျားက တော်တော်လေးစည်းကမ်းရှိတဲ့သူပဲဟာ။ အိမ်ကိုပဲ ဂရုစိုက်ပေးလိုက်ပါ။ ဒါမှမဟုတ် ပျင်းနေလို့ဆိုရင်လည်း ထွက်သွားလို့ရပါတယ်” ကျန်းဟန်က ပေါ့ပေါ့ပါးပါး ပြောသည်။

မုန့်မုန့်အား သူခေါ်သွားသည့်အချိန်က ဝမ်ကျွမ့်က သူ့အား တားခဲ့ပြီး မုန့်မုန့်က သူမကို စုန်းမကြီးဟု ခေါ်ခဲ့သည်ကိုပင် သူ မှတ်မိသေးသည်။

"ကြည့်လေ ကျွန်မတို့အိမ်ထောင်ဦးစီးကတောင် ဒီလို ပြောနေတာ။ အန်တီဝမ် ဒီမှာပဲ စိတ်အေးအေးနေပါ။ တကယ်လို့ ဒီမှာ တကယ်အလုပ်မလုပ်ချင်တော့ရင်လည်း ကျွန်မကို ပြောပါ” ဧယန်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် မစ္စ၊ ကျေးဇူးတင်ပါတယ် မစ္စတာကျန်း”

သူမသည် လေးစားခြင်းခံရသည့် ခံစားချက်တစ်ခုရခဲ့သည်။ သူမသည် ဤနယ်ပယ်တွင် နှစ်အတန်ကြာလုပ်ကိုင်ခဲ့

ဖူးပြီး အလုပ်ရှင်အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ဖူးသည်။ အချို့သော အလုပ်ရှင်များမှာ ဆက်ဆံရခက်ခဲ၏။ ကောင်းတာတစ်ခုခုမ လုပ်လျှင် သူမ ပြစ်တင်ကြိမ်းမောင်းခံရသည်။ သို့သော် ဇီယန်နှင့် မစ္စတာကျန်းတို့နှစ်ယောက်စလုံးသည်တော့ ဆက်ဆံရေးကောင်းမွန်ကြသည်။ သူမ အလွန်ကံကောင်းသည်ဟု ခံစားရ၏။

တစ်ချိန်တည်းမှာပင် သူမသည် အခြားခံစားချက်တစ်ခုလည်းရှိခဲ့၏။ ကျန်းဟန်သည် ယခုအချိန်တွင် အိမ်ထောင်ဦးစီးတစ်ယောက်ကဲ့သို့ပင်။ သူ၏အမူအရာများမှာ ယခင်ကကဲ့သို့ဘာကိုမှဂရုမစိုက်သည့်ဟန်ပင်။ သို့သော် အခြားသူများ၏အမူအရာမှတဆင့် သူမ ခြားနားမှုကို ခံစားရသည်။ အထူးသဖြင့် ဇီယန်၏အမူအရာပင်။ သူမသည် ယခုအချိန်တွင် နာခံမှုရှိသည့် နူးညံ့သိမ်မွေ့သော ဇနီးသည်တစ်ယောက်ကဲ့သို့ပင်။

သန်မာသည့်အမျိုးသမီးတစ်ဦးသည် နောက်ဆုံးတွင် ပို၍သန်မာသော အမျိုးသားတစ်ဦး၏အနိုင်ယူခြင်းခံရပေမည်။

...

ခဏကြာအောင် စကားပြောနေကြပြီးနောက် မုန့်မုန့်သည် သူမထက်မြင့်သည့် ဝက်ဝံရုပ်ကြီးတစ်ရုပ်ကို ကိုင်ကာ လဆန်းတောင်သို့ သွားချင်ကြောင်း ပြောသည်။ သူမသည် ၎င်းအား တာပေါ်းနှင့် ရှောင်ပေါ်းအတွက် အရုပ်ဟု ဆိုနေ၏။

ထို့ကြောင့် သူတို့အားလုံး ယွမ်ရင်ဥယျာဉ်မှ ထွက်လာကြပြီး လဆန်းတောင်သို့ ခရီးဆက်ကြသည်။ မုန့်မုန့်သည် ဝက်ဝံကြီးကိုကိုင်ကာ တာပေါ်း ရှောင်ပေါ်းတို့နှင့် ခဏလောက်ကစားခဲ့သည်။ ကျန်းဟန်သည် ကျောက်ဖုန်းအား ဟော့ပေါ့ပါဝင်ပစ္စည်းများ ပြင်ဆင်ခိုင်းပြီး ညနေ ၅ နာရီခွဲတွင် ပြန်လာကြသည်။

စားသောက်ဆိုင်သို့ပြန်ရောက်သည့်အခါ ကျောက်ဖုန်းသည် အစားအသောက်များကို စတင်ကိုင်တွယ်သည်။ ဗီအိုင်ပီ

အဖွဲ့ဝင်များအတွက်လည်း ဟော့ပေါ့ပြင်ဆင်ထားရန် လိုပေသည်။ တစ်ချိန်တည်းမှာပင် ကျောက်ဖုန်းသည် ဖုန်းကိုထုတ်ကာ WeChat ကိုဖွင့်၍ မက်ဆေ့ချ်တစ်စောင် ပို့လိုက်သည်။

"မုန့်ချီ ဘယ်တော့လာမှာလဲ။ ကိုယ်တို့ ဒီနေ့ ဟော့ပေါ့စားကြမှာ...”

ခြောက်နာရီထိုးတွင် လျန်မုန့်ချီနှင့် အခြားနှစ်ယောက် အပြေးရောက်လာကြသည်။

ထိုအချိန်တွင် စားသောက်ဆိုင်ရှေ့၌ တန်းစီးနေသည့် စားသုံးသူများ အများအပြားရောက်ရှိနေပြီး အများစုမှာ ကားပါကင်တွင် ရပ်ထားသည့် စူပါပြိုင်ကားလေးစီးအကြောင်းကို ဆွေးနွေးနေကြသည်။ လူအများစုမှာ ၎င်းတို့နှင့်အတူ ဓာတ်ပုံရိုက်နေကြ၏။

ထိုစားသောက်ဆိုင်ငယ်လေး၏ရှေ့တွင် တန်ဖိုးကြီးပြိုင်ကားလေးစီးရပ်ထားသည်က အံ့သြတုန်လှုပ်ဖွယ်ကောင်းသည်။

"အိုး အကန့်အသတ်ထုတ် Maybach ၊ အကန့်အသတ်ထုတ် Bugatti Veyron လား" လျန်မုန့်ချီနှင့် အခြားနှစ်ယောက်မှာ ကားပေါ်ကဆင်းသည်နှင့် အံ့သြတကြီးကြည့်ကြသည်.

"ဒီကားတွေက အရမ်းဈေးကြီးတယ်" ကျောက်ဒါ ဟူ၏နှုတ်ခမ်းများမှာ တွန့်ကွေးသွားပြီး ဆိုင်ထဲသို့ ဦးဆောင်ဝင်သွားခဲ့သည်။ သူဝင်လိုက်ပြီးသည်နှင့် ကျောက်ဖုန်းအား အပြေးအလွှားမေးသည်။ "အပြင်မှာရပ်ထားတဲ့ ပြိုင်ကားတွေက ဘယ်သူ့ဟာတွေလဲ"

သူပြောပြီးသည်နှင့် လျန်မုန့်ချီနှင့် ယူချင်းချင်းကလည်း ကျောက်ဖုန်းအား ကြည့်ကြသည်။

"သူဌေးရဲ့ကားတွေ"

"ဝိုး အရမ်းမိုက်တာပဲ။ သူဌေးက အဲ့လောက်တောင် ချမ်းသာတာလား" ကျောက်ဒါဟူ အော်ဟစ်လိုက်သည်။

"အင်း။ ပိုက်ဆံဆိုတာ သူဌေးအတွက် ကိန်းဂဏန်းတစ်ခု သက်သက်ပဲ" ကျောက်ဖုန်းက မေ့စေ့ကို အနည်းငယ်မော့ကာ ပြောသည်။ သူသည် လျန်မုန့်ချီအား ကြည့်ကာ မေးလိုက်၏။ "မုန့်ချီ စားပြီးသွားရင် ကိုယ်တို့ အဲဒီထဲက တစ်စီးလောက် လျှောက်စီးကြမလား"

"ဝိုး နင်သူမကို အပြင်ထွက်ဖို့မေးနေတာလား" ယူချင်းချင်းက ပြုံဂကာ သူ့အား စနောက်၏။

"မသွားဘူး" လျန်မုန့်ချီက တိုက်ရိုက်ငြင်းသည်။

ကျောက်ဖုန်း နှလုံးသားထဲမှ ခါးသီးစွာ ပြုံးလိုက်မိသည်။ လျန်မုန့်ချီ၏နှလုံးသားအား အနိုင်ယူရန်မှာ အလွန်ခက်ခဲပေသည်။

...ဘာလို့ သူမက သူဌေးကို သဘောကျရတာလဲ။ သူ့ရဲ့ တပည့်အနေနဲ့ တာဝဟေးကိုမနိုင်ပေမယ့်လို့ ငါလည်း တော်တော်လေး ကောင်းတဲ့သူပါ။ ငါ နားမလည်နိုင်ဘူး"

လျှန်မုန့်ချီသည် ဇိမ်ခံကားများစွာကို တွေ့ဖူး၏။ ယူချင်းချင်းနှင့် ကျောက်ဒါဟူမှာ စိတ်ဝင်စားမှုနည်းပါးပြီး ကားများကို အထူးတလည် နှစ်သက်ကြခြင်းမရှိချေ။

အခြားသူများရောက်လာသည့်အချိန်တွင်တော့ အားလုံးမှာ မတူညီသည့်အမူအရာများရှိလာကြသည်။

ဝမ်ချမ်းနှင့် ဝုလီယင်းသည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလိုက်ပြီး ဘာမှမပြောကြချေ။ ပီရာဆန်သည် ကားများကိုလှည့်ပတ်ကာ အကြိမ်အနည်းငယ် လမ်းလျှောက်နေခဲ့သည်။ လင်းရွှယ်သည်လည်း အနည်းငယ် အံ့အားသင့်သွားကာ စားသောက်ဆိုင်မှာ အဆင့်အတန်းပို၍မြင့်လာသလို ခံစားလိုက်ရသည်။

အတုန်လှူပ်ဆုံးတစ်ယောက်မှာ ပြိုင်ကားများကို အလွန်သဘောကျသည့် စွန်းဒုန်ဟမ်ပင်။

"ငါ့လခွမ်း ဘာလဲဟ။ အဲဒါ ခုနက တွေ့ခဲ့တဲ့ကားတွေ မဟုတ်လား"

စွန်းဒုန်ဟာမ်မှာ ကားရပ်ပြီးနောက် တစ်ဖက်သို့လျှောက်လာရင်း မျက်လုံးများ ပြူးကျယ်နေသည်။

"ဟုတ်တယ်ထင်တယ်" လုယင်က မယုံကြည်နိုင်စွာ ပြောသည်။

ဝုစ်…

သူမပြောပြီးသည်နှင့် စွန်းဒုန်ဟာမ်မှာ လှစ်ကနဲ ထွက်သွားသည်။ သူသည် ကားများဆီသို့ အမြန်ပြေးသွားကာ အကန့်သတ်ထုတ် ပြိုင်ကားနှစ်စီးကိုကြည့်ရင်း အော်ဟစ်လိုက်၏။

"အရမ်းမိုက်တယ်"

"သူ့ငွေးက အရမ်းအံ့သြဖို့ကောင်းတယ်"

"သောက်ရမ်းလှတာပဲကွာ"

"…"

ခဏလောက်ကြာအောင် သူ အော်ဟစ်နေခဲ့သည်။ သူ၏ပတ်ဝန်းကျင်မှာလူများက သူ့အား ဝိုင်းကြည့်နေသည်ကို မြင်သည်အခါ သူ ရှက်ရှက်နှင့်ရပ်တန့်လိုက်ပြီး ချောင်းဟမ့်လိုက်သည်။ "အဟမ်း အရမ်းလှတယ် ဟဲဟဲ…"

ထိုနောက် လုယင်အား ဆိုင်ထဲသို့ အမြန်ခေါ်သွားကာ ကားများ၏ဇစ်မြစ်ကို မေးမြန်းရန် ကျောက်ဖုန်းဆီသွားလေသည်။ ထိုကားများမှာ အမှန်တကယ် ကျန်းဟန်၏ကားများဖြစ်ကြောင်း သိလိုက်ရသည့်အချိန်တွင် သူ အလွန်စိတ်လှုပ်ရှားသွား၏။

"အဲဒါတွေက နင့်ရဲ့ကားတွေလည်းမဟုတ်ဘူး။ ဘာလို့ ဒီလောက်စိတ်လှုပ်ရှားနေတာလဲ" လျန်မုန့်ချီမှာ သူ့အား မပြောဘဲမနေနိုင်ချေ။

"အာ…ငါ သူတို့ကို ကြည့်ရုံနဲ့တင် စိတ်လှုပ်ရှားတယ် ဟီးဟီး…" ဟွန်းဒုန်ဟမ်က ခေါင်းကုတ်ကာ ရယ်သည်။ သူ အောက်ကိုကြည့်လိုက်သည့်အခါ စားပွဲပေါ်တွင် လျှပ်စစ်အိုး

တစ်လုံးရှိနေသည်ကို တွေ့လိုက်ရ၏။ သူ အံ့အားသင့်သွားကာ "ငါတို့ ညစာကို ဟော့ပေါ့စားရမှာလား”

"အင်း” ကျောက်ဖုန်းက ခေါင်းညိတ်သည်။

"ဝိုး မိုက်ပြီဟေ့” စွန်းဒုန်ဟာမ်၏ဗိုက်မှာ တဂွီဂွီမြည်လာခဲ့သည်။

ညစာစားချိန်တွင် ကျန်းဟန်သည် ကြက်ဥထမင်းကြော် နှင့် ခေါက်ဆွဲအရင်ပြုလုပ်သည်။ ထိုနောက် အပေါ်ထပ်သို့ တက်သွား၏။

ကျောက်ဖုန်း၊ အားဟူနှင့် ရှုရုံတို့မှာ ပါဝင်ပစ္စည်းများကို ပြင်ဆင်ကြသည်။ သူတို့ စားနေသည့်အချိန်တွင် အားဟူနှင့်ရှုရုံ သည် စွန်းဒုန်ဟာမ်၏စားပွဲတွင် ဝင်ထိုင်၏။

သူတို့သည် အရသာရှိသည့် ညစာအား သုံးဆောင်ခဲ့ကြရသည်။ ည ၈ နာရီတွင် ကျန်းလီနှင့် လော့ချင်းတို့က ကြယ် ကောင်းကင်ဘားသို့ ပြန်သွားကြ၏။

၁၀ နာရီ မိနစ် ၃၀ တွင် ကျန်းဟန်သည် မင်းသမီးလေး အား ပုံပြင်ပြောပြရင်း အိပ်ပျော်သွားစေခဲ့သည်။ ကံမကောင်း စွာပင် ဇီယန်သည်လည်း အိပ်ပျော်သွားခဲ့၏။ ထိုအချိန် အတွင်း၌ ကျန်းဟန်သည် ဇီယန်အား သွေးထွက်သည့်နေ့မှ ကျော်လွန်မည်ကို စောင့်ဆိုင်းနေခဲ့သည်။ ပြီးမှ တကယ့် ယောက်ျားအစစ်မှာ ဘယ်လိုမျိုးလဲဆိုသည်အား သူမကို မြင် တွေ့ခွင့်ပေးလိုက်မည်။

၎င်းက မကြာခင်ဖြစ်လာပေလိမ့်မည်။ သုံးလေးရက် အတွင်းသာ။

ကျန်းဟန်သည် ထိုအကြောင်းကို တွေးရင်း တဖြည်းဖြည်း အိပ်ပျော်သွားခဲ့၏။

နောက်တစ်နေ့တွင် ဇီယန်သည် အနည်းငယ် စောစော ထ၏။ သူမနှင့် ကျိုးဖေးသည် မနက်စာစားပြီးနောက် ကုမ္ပဏီ သို့ သွားကြသည်။

၉ နာရီထိုးသည့်အချိန်တွင် စားသောက်ဆိုင်မှာ တိတ်ဆိတ်သွားသည်။ ကျန်းဟန်သည် မုန့်မုန့်နှင့်အတူ ပထမ ထပ်တွင် ကာတွန်းကားကြည့်နေ၏။

ထိုအချိန်တွင် စားသောက်ဆိုင်ရှေ့သို့ အနက်ရောင် BMW ကားတစ်စီး ရောက်လာသည်။

ယာဉ်မောင်းသူမှာ အမြန်ဆင်းကာ နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်၏။

ကားပေါ်မှ တူးနစ်ဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသား တစ်ဦးဆင်းလာသည်။ သူသည် အသက်လေးဆယ်ကျော်ခန့်ရှိ ပြီး ပြင်းထန်သည့်စိတ်ဓာတ်ဟန်ပန်ရှိသည်။ သူ၏မေးစေ့တွင် မုတ်ဆိတ်မွှေးရှိပြီး သူ၏မျက်လုံးများမှာ အလွန်ခက်ထန်၏။

သူသည် စားသောက်ဆိုင်၏ဆိုင်းဘုတ်ကို ပေါ့ပေါ့ပါးပါး တစ်ကြည့်ကြည့်ကာ လျှောက်လာခဲ့သည်။

သူ၏အမူအရာကိုကြည့်ခြင်းအားဖြင့် ဖိတ်ခေါ်မထားသည့် ဧည့်သည်တစ်ဦး စားသောက်ဆိုင်သို့ ရောက်ရှိလာသည့်ပုံရသည်။

-အခန်း(၃၂၅-ခ)ပြီး

wunzinnosp

## အခန်း(၃၂၆-က) ရွေးချယ်မှုများ

ဆိုင်ရှေ့သို့ ရောက်သည့်အခါ သူသည် ထူးခြားသည့် ဆိုင်းဘုတ်ကိုကြည့်ရင်း နှာခေါင်းရှုံ့လိုက်သည်။

သူ၏မျက်လုံးများမှာ အထင်သေးမှုများဖြင့် ပြည့်နေပြီး လက်ရှိအချိန်တွင် သူသည် အလွန်အဆင့်အတန်းမြင့်မားသည့် သူတစ်ယောက်ပမာပင်။

ဆိုင်ထဲတွင်ရှိနေသည့်လူများက သူကိုယ်တိုင် ၎င်းနေရာသို့ လာရောက်တွေ့ဆုံရန် မထိုင်တန်သလိုပင်။

သို့သော် ဆိုင်ထဲသို့ ဝင်လာပြီးနောက် ထိုလူလတ်ပိုင်း၏မျက်နှာမှာ ပြောင်းလဲသွားပြီး တည်ငြိမ်သည့်အသွင်တစ်ခုကို ဆောင်ထားလိုက်သည်။

သူသည် စားသောက်ဆိုင် အတွင်းပိုင်းသို့ ဝေ့ဝိုက်ကြည့်လိုက်ရင်း နောက်ဆုံးတွင် ဆိုဖာပေါ်ထိုင်နေသော ကျန်းဟန်ထံ ရပ်တန့်သွားသည်။

"မင်းက ဒီစားသောက်ဆိုင်ရဲ့သူဌေးလား။ ငါမင်းကို စကားပြောလို့ရလား" ထိုလူက ယဉ်ကျေးစွာမေးသည်။

ကျန်းဟန်က သူ့အား ခဏလောက် ခေါင်းလှည့်ကြည့်လိုက်ပြီးနောက် ပြန်လှည့်သွားသည်။

အမ်...

ထိုလူ မျက်ခုံးပင့်သွားကာ အနည်းငယ် မကျေမနပ်ဖြစ်သွား၏။

သို့သော် ကျန်းဟန်က စားဖက်ရည်စားပွဲပေါ်မှ ဖျော်ရည်တစ်ခွက်ကိုယူကာ ကလေးမလေးကို ပေးလိုက်သည်အား မြင်သည့်အခါ မျက်မှောင်ကြုတ်လိုက်ပြီး တံခါးနားရှိ သာမာန်စားသုံးသူများအတွက် စားပွဲတွင် ဝင်ထိုင်လိုက်သည်။

"မင်းကို မစ္စတာကျန်းလို့ ခေါ်ရမလား။ သူဌေးကျန်းလို့ခေါ်ရမလား။ ဒါမှမဟုတ်...မာစတာကျန်းလို့ခေါ်ရမလား"

ကျန်းဟန်ထိုင်နေသည်ကိုမြင်ပြီးနောက် ထိုလူက ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

"ခင်ဗျားက အမျိုးသားလုံခြုံရေးအေဂျင်စီကလား" ကျန်းဟန်က တုန်လှုပ်ခြင်းမရှိဘဲ တုံးတိတိမေးလိုက်သည်။

သူ၏လေသံကိုနားထောင်ရင်း ထိုလူမှာ တိတ်တဆိတ်နှာခေါင်းရှုံ့လိုက်သည်။

...တကယ်တော့ သူက အတွေ့အကြုံတဲ့ အစိမ်းသက်သက်လူတစ်ယောက်ပါပဲ...

သူ၏အမြင်တွင် ကျန်းဟန်သည် သူ့အား အမျိုးသား လုံခြုံရေးအေဂျင်စီကဖြစ်မှန်း ခန့်မှန်းထားပြီးဖြစ်သော်လည်း တည်ငြိမ်နေခြင်းမှာ အလွန်အမင်းသတိမမူခြင်း သို့မဟုတ် အမြင်မကျယ်ခြင်းကြောင့်သာဖြစ်ပေသည်။

သို့သော် အကယ်၍ သူသာ ကျန်းဟန်၏မှတ်ဉာဏ်ထဲရှိ ကျင့်ကြံခြင်းကမ္ဘာမှပုံရိပ်များကို မြင်တွေ့လိုက်ရပါက သူ လုံး၀ ကြောက်လန့်သွားရပေလိမ့်မည်။

"ဒါဆို ငါမင်းကို မာစတာကျန်းလို့ ခေါ်လိုက်မယ်" ထိုလူက ရယ်မောကာ ပြောသည်။

ယေဘူယျအားဖြင့် သူ့ဆီလာသည့်ဧည့်သည်များမှဥ္စ သူ့အား မစ္စတာကျန်းဟုခေါ်ကြပြီး စားသုံးသူများက သူဌေးဟု ခေါ်ကြသည်။ သိုင်းပညာရှင်များကသာ သူ့အား မာစတာကျန်းဟန် ခေါ်ကြ၏။

"ငါ့ကိုယ်ငါ မိတ်ဆက်ပေးပါရစေ။ ငါက ဟောင်ကောင် အမျိုးသားလုံခြုံရေးအေဂျင်စီရဲ့ ဒီကွန် ကျန့်ဇုန်ဟောင်ပါ" ထို

လူက အလွန်ဘဝင်ခိုက်သည့်အမူအရာဖြင့် ပြောလိုက်သည်။ သူကိုယ်သူ မိတ်ဆက်ပေးလိုက်ပြီးနောက် ကျန်းဟန်၏မျက်နှာတွင် ပို၍ပို၍အထင်ကြီးသွားစေရန် မျှော်လင့်နေခဲ့သည်။ *(အင်္ဂလိပ်မှာဘာသာပြန်သူက ဒီကွန်(Deacon)လို့ သုံးထားပါတယ်။ ဒီကွန်ဆိုတာ ခရစ်ယာန်အသင်းတော်အချို့မှာ ဂိုဏ်းထောက်ဘုန်းတော်ကြီးကိုခေါ်တာပါ။)*

သို့သော်...

"အင်း"

ကျန်းဟန်က တုံးတိတိပင် တုံ့ပြန်လိုက်လေသည်။

ထိုနောက် သူ ဘာမှဆက်မပြောတော့ချေ။

...သူ...သူ အင်း တစ်လုံးပဲပြောတာလား...

ကျန့်ဇုန်ဟောင်မှာ ပန်းသီးတစ်လုံးအားကိုက်လိုက်ပြီးနောက်မှ ပိုးလောက်တက်နေသည့်တစ်ဝက်ကို စားလိုက်မိသလို ခံစားလိုက်ရ၏။

"မင်းအထင်ကြီး ဂုဏ်ယူမသွားဘူးလား” ကျန့်ဇုန်ဟောင် မနေနိုင်ဘဲ မေးလိုက်မိသည်။

“ဘာလို့ ဂုဏ်ယူရမှာလား” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင် ပြန်ပြော၏။

"အမျိုးသားလုံခြုံရေးအေဂျင်စီရဲ့ဒီကွန်တစ်ယောက်က မင်းဆီကိုလာလည်တယ်လေ” ကျန့်ဇုန်ဟောင်သည် ကျန်းဟန်အား စိုက်ကြည့်နေမိ၏။

"ဒီကွန်လား။ ကျုပ်တစ်ခါမှ မကြားဖူးဘူး” ကျန်းဟန်၏မျက်နှာမှာ ဘာမှမပြောင်းလဲချေ။

သူ၏စကားကိုကြားသည့်အခါ ကျန့်ဇုန်ဟောင်မှာ အနည်းငယ်ကြောင်အသွားပြီး စိတ်ထဲမှ ကြိတ်၍ ကျိန်ဆဲလိုက်သည်။

...ငါ့လခွမ်းတဲ့မှ...

...ဒီကောင်က ဒီကွန်ဆိုတာ ဘာလဲ မသိဘူးလား...

"ငါမင်းကို အသေးစိတ်ပြောပြပါမယ်” ကျန့်ဇုန်ဟောင်က တည့်တည့်မတ်မတ်ထိုင်လိုက်ပြီး ပြောသည်။ "အမျိုးသား လုံခြုံရေးအေဂျင်စီမှာ အဖွဲ့အမျိုးမျိုးရှိတယ်။ ဒီကွန်၊ ဝန်ကြီး၊ ကာကွယ်သူတွေဆိုတဲ့ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ မန်နေဂျာ တွေလည်းရှိတယ်။ သူတို့က အဖွဲ့ခေါင်းဆောင်တွေ၊ ကပ္ပတိန် တွေအားလုံးထက် ပိုပြီး အဆင့်မြင့်တယ်”

"နက်နဲခြင်းအဆင့် မာစတာတွေပဲ ဒီကွန်ဖြစ်လာနိုင် တယ်”

"ခင်ဗျားက အမျိုးသားလုံခြုံရေးအေဂျင်စီမှာ မာစတာ အဆင့်ရှိလား” ကျန်းဟန်က မေးသည်။

သိုင်းလောကအတွက်မူ ချီစွမ်းအားမာစတာများ အကြောင်းကို သူကြားဖူး၏။ ယခု ကျန့်ဇုန်ဟောင်၏စကားကို ကြားပြီးနောက်တွင် မာစတာများကိုလည်း အဆင့်သတ်မှတ် ထားကြောင်း သိလိုက်ရသည်။ ချီသန့်စင်ခြင်းအဆင့်ကဲ့သို့ပင် ၎င်းအား အစောပိုင်းအဆင့်၊ အလယ်အဆင့်နှင့် နှောင်းပိုင်း

အဆင့်ဟူ၍ ပိုင်းခြားထား၏။ သို့သော် ချီစွမ်းအားမာစတာများမှာ အနိမ့်ဆုံးအဆင့်တွင်ရှိကြသည်။

"ချီစွမ်းအားမာစတာတွေက အတူတူပဲလို့ထင်နေတာလား" ကျန့်ဇုန်ဟောင်က ခေါင်းယမ်းကာ "ချီစွမ်းအားမာစတာတွေကို နက်နဲအဆင့်၊ မြေကမ္ဘာအဆင့်နဲ့ ကောင်းကင်အဆင့်ဆိုပြီး သုံးဆင့်ခွဲနိုင်တယ်။ ငါက မြေကမ္ဘာအဆင့်ကို ချိုးဖြတ်ထားတော့ အချိန်တစ်ခုအတွင်း အမျိုးသားလုံခြုံရေးအေဂျင်စီရဲ့ ဒီကွန်တစ်ယောက်ဖြစ်လာမှာ။ ဒီကွန်တစ်ယောက်က မင်းဆီကိုလာလည်တာ မင်း ဂုဏ်မယူဘူးလား"

"အိုး"

ကျန်းဟန်က သူ့အား ရိုးရှင်းစွာပင် တုံ့ပြန်သည်။

ကျန့်ဇုန်ဟောင်သည် သူ၏ဆိုလိုရင်းနှင့် ဂုဏ်ယူခြင်းရှိမရှိ မပြသည့်အတွက် အနည်းငယ် စိတ်ရှုပ်သွားသည်။

သို့သော် ကျွန်းဟန်၏အထင်သေးသည့်ဟန်က ကျန့်ဇုန်ဟောင်ကို အနည်းငယ် မသက်မသာဖြစ်စေသည်။

သူ အနည်းငယ် ချောင်းဟမ့်လိုက်ပြီး "ငါဒီကိုမလာခင် မင်းနဲ့ပတ်သက်တဲ့ဗီဒီယိုကို ကြည့်ပြီးပြီ။ မင်းရဲ့ခွန်အားနဲ့ပတ်သက်လို့ ငါအကြမ်းမျဉ်းတော့ သိထားပြီးသားပါ။ ဗီဒီယိုတွေအရ မင်းက အတွင်းအားအဆင့် ဒါမှမဟုတ် အထွတ်အထိပ်အဆင့်မှာရှိတာဖြစ်နိုင်တယ်။ မင်းက ပန်းပွင့်တွေ သစ်ရွက်တွေကို လက်နက်အဖြစ်အသုံးပြုနိုင်တယ်လို့လည်း ငါကြားတယ်။ ဒီတော့ မင်းက မာစတာတစ်ယောက်ဖြစ်လိမ့်မယ်။ ဒါပေမယ့် မင်းက နက်နဲအဆင့်ကိုရောက်ခါစ ပဲရှိဦးမှာပါ"

...မင်းရဲ့ ဘာမှန်းမသိတဲ့နောက်ခံကိုသာ ငါသိနေခဲ့ရင် မင်းထိုင်နေနိုင်ဦးပါ့မလား...

ကျန့်ဇုန်ဟောင်တွေးလိုက်သည်။

သို့သော် ကျန်းဟန်သည် သူမျှော်လင့်ထားသလို မတုံ့ပြန်ဘဲ အေးစက်စွာပြောလိုက်သည်။ "ခင်ဗျားရည်ရွယ်ချက်ကို ပြောပါ"

အမ်...

ကျန့်ဇုန်ဟောင် အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

ခဏလောက်စဉ်းစားပြီးနောက် ကျန့်ဇုန်ဟောင်က ရယ်မောလျက် ခေါင်းယမ်းကာ ပြောသည်. "မင်းဘာလို့ ဒီလောက်ယုံကြည်မှုရှိနေလဲ ငါမသိဘူး။ ဒါပေမယ့် ချီစွမ်းအားမာစတာဖြစ်လာတာက သိုင်းလောကရဲ့အစပဲရှိသေးတာကို မင်းသိထားသင့်တယ်။ ပြီးတော့ မင်းအသက်က ၂၇ ၂၈ လောက်ရှိပြီမဟုတ်လား။ တကယ်တော့ လူတော်တော်များများက မင်းအရွယ်မှာ ချီစွမ်းအားမာစတာဖြစ်လာကြတာပဲ"

"အိုး" ကျန်းဟန်က သူ့အား တိုက်ရိုက်မောင်းထုတ်ရန် ရည်ရွယ်ချက်မရှိချေ။ သူက ပေါ့ပေါ့ပါးပါးပင်မေးလိုက်သည်။ "ဒီကမ္ဘာမှာ သိုင်းပညာရှင်တွေအများကြီးရှိတာလား"

သူပြောလိုက်သည်နှင့် ကျန့်ဇုန်ဟောင်သည် သူ၏ရှေ့မှာ လူရှုယ်မှာ သိုင်းလောကအကြောင်း မသိသေးသည့် သိုင်းပညာရှင်ဖြစ်ကြောင်း လုံးဝ အတည်ပြုလိုက်နိုင်သည်။

"သိုင်းပညာရှင်အတွေအများကြီးတည်ရှိပြီးတော့ ငါသိထားတဲ့သိုင်းလောကဆိုတာတောင် ရေခဲတောင်ရဲ့အစွန်အဖျားလောက်ပဲရှိသေးတာ။ ဒါပေယ့် ကမ္ဘာ့လူဦးရေနဲ့ယှဉ်ရင်တော့ သိုင်းပညာရှင်တွေက တော်တော်လေးနည်းပါတယ်။ ကမ္ဘာပေါ်မှာ ရတနာနယ်မြေတွေသိပ်မရှိတော့ သိုင်းပညာရှင်တွေတိုးတက်ဖို့အတွက် အလွန်ခက်ခဲတာကိုတော့ မင်းသိထားသင့်တယ်”

"သိုင်းလောကရဲ့နေရာတိုင်းမှာ ပါရမီရှင်တွေရှိပြီးတော့ ဂိုဏ်းတွေ တပ်ဖွဲ့တွေလည်းရှိနေနိုင်တယ်။ ဒါပေမယ့် သူတို့က ပေါ်လာခဲတယ်။ အဲဒါတွေကို မင်းကြားဖူးမှာ မဟုတ်ဘူး။ ပြီးတော့ ပိုပြီးသိထားသင့်တာက လွှန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်

အတွင်း အင်ပါယာချင်တစ်ယောက်တည်းကပဲ အရင်းအမြစ်နည်းနည်းနဲ့ အဆက်မပြတ်တိုးတက်လာနိုင်ခဲ့တာပဲ”

"အင်ပါယာချင်ရဲ့သိုင်းပညာပါရမီက အသက်ဆယ့်နှစ်နှစ်မှာ နိုးထလာပြီးတော့ အသက်ဆယ့်ငါးနှစ်မှာ ချီစွမ်းအားမာစတာဖြစ်လာခဲ့တယ်။ သူက သမိုင်းတစ်လျှောက် အံ့သြစရာအကောင်းဆုံးပဲ”

"ဒါပေါ့ အစက သူ့ကို ဘယ်သူမှမသိခဲ့ကြဘူး”

"အင်ပါယာချင်က လွန်ခဲ့တဲ့ဆယ်နှစ်ကမှ လူရှေ့ပေါ်လာခဲ့တာ။ သူက အသက်ဆယ့်ငါးနှစ်မှာ ချီစွမ်းအားမာစတာဖြစ်လာခဲ့တယ်။ သူ့ရဲ့စွမ်းရည်တွေကို ထူးထူးချွန်ချွန်ပြသနိုင်ခဲ့တဲ့သူတစ်ယောက်ပဲ”

"လွန်ခဲ့တဲ့ ရှစ်နှစ်က အင်ပါယာချင်က မရေမတွက်နိုင်တဲ့ လူငယ်ပါရမီရှင်တွေကို အနိုင်ယူပြီးတော့ မြေကမ္ဘာအဆင့်မာစတာဖြစ်လာခဲ့တယ်”

"လွန်ခဲ့တဲ့ ခုနှစ်နှစ်ပေါ့ သူက တစ်နှစ်အတွင်းမှာပဲ ကောင်းကင်ဘုံမာစတာဖြစ်လာခဲ့တယ်။ ဒါက တကယ့်ကို အံ့ဖွယ်တခုပဲ။ ဂိုဏ်းတွေ အင်အားစုတွေရဲ့ လူငယ်တပည့်တွေ က သူနဲ့မယှဉ်နိုင်တာကြောင့် စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ကြရ တယ်။ အင်ပါယာချင်က အရှေ့င်းြေကြာက်စရာကောင်းတာ ကြောင့် အဲဒီအချိန်ကတည်းက နာမည်ကြီးလာခဲ့တာ"

"လွန်ခဲ့တဲ့ ငါးနှစ်က အင်ပါယာချင်ဟာ ကောင်းကင်ဘုံ အဆင့်ရဲ့ အထွတ်အထိပ်ကိုရောက်ရှိခဲ့ပြီးတော့ ဂရန်းမာစတာ ဖြစ်ဖို့အတွက် တံခါးပိတ်လေ့ကျင့်ခဲ့တယ်။ သူက အသက်နှစ် ဆယ်ကျော်အရွယ်ပဲရှိသေးတာ။ သူ့လိုလူတွေကပဲ ကောင်းကင်ရဲ့သားတော်လို့ခေါ်ရလောက်အောင် အရည်အချင်းပြည့်မီတာ"

ကျန့်ဇုန်ဟောင်က အံ့သြကြီးစွာပြောသည်။ သူသည် ခံစား ချက်များဖြင့် သက်ပြင်းချလိုက်ပြီးနောက် ကျန်းဟန်အား

ကြည့်ကာ ပြောသည်။ "ဒီတော့ မင်းအရွယ်မှာ ချီစွမ်းအားမာစတာဆိုတာက ဘာမှမဟုတ်ပါဘူး”

"သူက ချီစွမ်းအားမာစတာတစ်ယောက်ပဲလေ။ သူကိုယ်သူ တခြားသူတွေကို လွှမ်းမိုးဖို့ သတ္တိရှိတယ်ပေါ့” ကျန်းဟန် အနည်းငယ်ရယ်စရာကောင်းသည်ကို ခံစားလိုက်ရပြီး ခေါင်းယမ်းလိုက်သည်။

"မသိနားမလည်မှုဆိုတာဘာလဲ”

"အဲဒါ မသိနားမလည်မှုပဲ”

"တကယ်တော့ ဒီလိုနာမည်မျိုးက ဟိတ်ဟန်ကြီးလွန်းတယ်”

"သူက အရိုက်ခံရဖို့ အလားအလာများနေပြီ”

ကျန်းဟန်သည် ကျင့်ကြံခြင်းကမ္ဘာနှင့်ပတ်သက်သည့် သမိုင်းစာအုပ်တစ်အုပ်ကို ဖတ်ခဲ့ဖူးပြီး အင်ပါယာဂိုဏ်းဟု

အမည်ပေးထားသည့် ထိပ်တန်းဂိုဏ်းတစ်ခုအကြောင်း ကို သတိရမိသည်။

ထိုဂိုဏ်းတွင် ဘုရင်၊ အင်ပါယာ၊ သူတော်စင်၊ ဧကရာဇ် အစရှိသဖြင့် ဘွဲ့အမျိုးမျိုးရှိသည်။

ထို့ပြင် သူတို့တွင် အတိဒုက္ခအဆင့် တစ်ဒါဇင်ကျော်ပင်ရှိခဲ့သည်။ သို့သော် နောက်ဆုံးတွင်တော့ တကယ့်အင်မော်တယ်တစ်ယောက်က သူတို့အား ဖျက်စီးခဲ့ပြီး မည်သူမျှ မသက်မရှင်နိုင်ခဲ့ချေ။

ကြီးမားသော လက်ရာကြီးများပင် ထိုကုန်းမြေတိုက်ကြီး၌ ယခုထိကျန်ရှိနေဆဲဖြစ်သည်ကို ကျန်းဟန် မြင်ခဲ့ဖူးသည်။

ထိုလူသည်သာ အစစ်အမှန်အင်မော်တယ်ဖြစ်ကြောင်း သူသိ၏။

ထိုအချိန်မှစ၍ ကျင့်ကြံခြင်းကမ္ဘာတွင် မည်သူကမျှ သူတို့၏စွမ်းရည်ကို အမွှမ်းမတင်ရဲတော့ချေ။ နောက်ပိုင်းတွင်

လူနည်းစုက အတိဒုက္ခအဆင့်သို့ ဖြတ်ကျော်နိုင်ခဲ့ကြပြီး အင်မော်တယ်ဖြစ်လာရန်မျှော်လင့်ချက်ရှိသူများဟုသာ ခေါ်ခဲ့ကြသည်။

ဟန်ယန်အင်မော်တယ်ဆိုသည့် နာမည်ကိုလည်း ထိုနည်းဖြင့် ဖြစ်ပေါ်လာခဲ့သည်။ အခြားသူများက သူ့အား အင်မော်တယ်ဟုခေါ်ရသည့်အကြောင်းမှာ လေးစားမှုနှင့်ကောင်းချီးပေးမှုကြောင့်ဖြစ်သည်။

သို့သော် ယခုအချိန်တွင် ကျန်းဟန်၏စကားကို ကြားလိုက်ရပြီးနောက် ကျန့်ဇုန်ဟောင်က ပြုံးကာ ပြောသည်။

"အင်ပါယာချင်ဆိုတာ သူ့ကိုရှုံးနိမ့်ခဲ့တဲ့သူတွေက သူ့ကိုပေးထားတဲ့နာမည်ပါ။ ပြီးတော့ သူ့ရဲ့ခွန်အားကလည်း ဒီနာမည်အတွက် အရည်အချင်းပြည့်မီတယ်လေ။ သိုင်းပညာရှင်တစ်ယောက်ဟာ အသက်နှစ်ဆယ်မှာ ကောင်းကင်အဆင့်ကို ရောက်နိုင်တာက ဘာကိုဆိုလိုသလဲ မင်းနားမလည်ပါဘူး"

"ခင်ဗျားပြီးပြီလား။ ပြောပြီးရင်သွားလို့ရပြီ" သူနှင့် ခဏ လောက်စကားပြောပြီးနောက်တွင် ကျန်းဟန်က စိတ်ဝင်စားမှု မရှိတော့ဘဲ လက်ဝှေ့ယမ်းပြလိုက်သည်။

"အိုး…စိတ်ဝင်စားစရာပဲ ဟားဟားဟား…."

-အခန်း(၃၂၆-က)ပြီး

-စာစဉ်(၂၅)ပြီး